
www.burmeseclassic.com

# နက်ဒယာ

မောင်ထွန်းသူ



BURMESE CLASSIC .com

NADYA

Vsevolod Garshin

www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com

မောင်ထွန်းသူ

# နက်ဒယာ

# NADYA

BY

V. GARSHIN

ထီးလှိုင်ရှင်စာပေ

အမှတ် (၅၂၉)၊ ရွှေဝင် (၇) လမ်း၊ ၄၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၀၂၆၄၃

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၁၅၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၁၁၀၆၁၂

ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
၂၀၀၇ ခုနှစ် ဇွန်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးဝင်းမျိုးသူရ
မဟာမီဒီယာ (ယာယီ - ၁၁၇၀)
အမှတ်(၅၁/က)၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ - ၁၀၀၀

အတွင်းကွန်ပျူတာ - ကောဇော်

မျက်နှာဖုံးဒီဇိုင်း - ဇော်မောင်

ထုတ်ဝေသူ - ဦးတင်ထွန်း၊
ထီးလှိုင်ရှင်စာပေ (မြဲ - ၀၄၀၅၃)
အမှတ်(၅၂၉)၊ ရွှေစင် (၇)လမ်း၊
၄၄-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး - 1000--

ဖြန့်ချိရေး - ထီးလှိုင်ရှင်စာပေ
အမှတ်(၃၆)၊ အိမ်ကြီးလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁- ၂၀၂၆၄၃


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မြန်မာပြန်သူ၏ အမှာ

လွန်ခဲ့သော ဆယ့်ငါးနှစ်၊ နှစ်နှစ်ဆယ် နီးပါးခန့်က ကျွန်တော် မြန်မာပြန်ခဲ့သော ကင်မီလီ[၁] နှင့် ကာမင်[၂] ဝတ္ထုများကို စာဖတ်ပရိသတ်များ မေ့ကြလိမ့်ဦးမည် မထင်ပါ။ ထိုဝတ္ထု နှစ်အုပ်စလုံးမှာ ကမ္ဘာ့စာပေနယ်တွင် တစ်မျိုးတစ်ဘာသာစီ ထင်ရှားကျော်ကြားခဲ့သော ပြင်သစ်ဝတ္ထုများ ဖြစ်၏။ ကင်မီလီဝတ္ထုမှာ တောရွာတစ်ရွာမှနေ၍ ပါရီမြို့ပေါ်သို့ ရောက်လာပြီး မြို့စားအဘိုးကြီးတစ်ဦး၏ အပျော်မယား ဖြစ်ခဲ့ရသော မိန်းမချောလေးတစ်ဦး၏ ဘဝကို ရေးဖွဲ့ထားသော အချစ်ဝတ္ထု ဖြစ်သည်။ မိန်းမချောလေးသည် အပျော်မယားဘဝမှ အထက်တန်းစားလောကအတွင်း၌ ကျင်လည်ကျက်စားနေခဲ့ရသော မိန်းမရှင်ဘဝသို့ ရောက်သွားခဲ့ရသည်။ ထိုမှတစ်ဆင့် တကယ်တမ်းချစ်သော သူနှင့် တွေ့ရသည့်အခါ ကြေကွဲဖွယ်ရာအဖြစ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းဝတ္ထုသည် ကမ္ဘာ့စာပေလောကတွင် 'ထိပ်တန်း ဂန္ထဝင်အချစ်ဝတ္ထု' အဖြစ် ထင်ရှားကျော်ကြားခဲ့ရ၏။ မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်

---

၁ CAMELLIE

၂ CARMEN

www.burmeseclassic.com

www.burmeseclassic.com



အခါတွင်လည်း မြန်မာစာဖတ်ပရိသတ်အများစုက အလွန် ကြိုက်နှစ်သက်သည့် အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်လာခဲ့ရလေသည်။

ကာ်မင်း ဝတ္ထုမှာလည်း ကင်မီလီကဲ့သို့ပင် အချစ်ဝတ္ထု တစ်ပုဒ်ဖြစ်သည်။ ဇာတ်ကောင်မှာလည်း ကင်မီလီကဲ့သို့ပင် အောက်တန်းစား ဇာတ်ကောင် ဖြစ်သည်။ ကာမင်းသည် ဂျစ်ပစီမလေးတစ်ဦး ဖြစ်သည်။ ဂျစ်ပစီမ ပီပီ ခြေသလုံးအိမ်တိုင်ပြုကာ ဒုစရိုက်မှုအလုပ်များနှင့် ထွေးလုံးရစ်ပတ်နေခဲ့သူ ဖြစ်သည်။ အလွန်ချော အလွန်လှသည့် မိန်းကလေး ဖြစ်ပါ၏။ သို့သော်လည်း အကျင့်စရိုက်က အလွန်ဆိုးသည်။ သူမသည် လိမ်သည်၊ ညာသည်၊ ခိုးသည်၊ ဝှက်သည်။ လူတစ်ယောက်အား သတ်ရဲဖြတ်ရဲသော စိတ်လည်းရှိသည်။

ကံတရား၏ ဖန်တီးမှုဟု ဆိုရလေမည်လားမသိ။ ကာမင်း၏ ဘဝထဲသို့ ရဲအရာရှိ တစ်ယောက် ဝင်လာသည်။ ရဲအရာရှိသည် ကာမင်းအား အရူးအမူး ချစ်ခဲ့သည်။ ကာမင်း အား ဒုစရိုက်လောကအတွင်းမှ လွတ်မြောက်စေလိုသည်။ သို့သော်လည်း ကာမင်းကြောင့် ရဲအရာရှိသာလျှင် ဒုစရိုက်သမားတစ်ဦး ဖြစ်သွားခဲ့ရသည်။ နောက်ဆုံးတွင် သူတို့နှစ်ဦးသည် ကြေကွဲဖွယ်ရာ အဖြစ်များနှင့် ရင်ဆိုင်ကာ ဇာတ်သိမ်းခဲ့ကြရသည်။ ကာမင်းဝတ္ထုမှာလည်း ပြင်သစ်စာပေ လောကဉ္စသာမက ကမ္ဘာ့စာပေနယ်ပယ် အတွင်းသို့ပါ ထိုးဖောက်ဝင်ရောက်ပြီး ကျော်ကြားခဲ့ရလေသည်။

ယခု *နက်ဒယာ*[၃] ဟု အမည်ပေးထားသော ဤဝတ္ထု၏ မူရင်းအမည်မှာ *နာဒက်ဇ်ဒါ နီကိုလေ ယက်ဗ်နာ*[၄] ဖြစ်၏။ ဝတ္ထု၏ အဓိက ဇာတ်ကောင်ဖြစ်သော မိန်းမပျို၏အမည် ဖြစ်သည်။ ရုရှားလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း တရင်းတနှီး ခင်မင်သူအချင်းချင်း ဆက်ဆံကြသည့်အခါ

---

၃ NADYA

၄ Nadezhda Nikolayevna

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို အပြည့်အစုံမခေါ်ဘဲ အတိုကောက် ခေါ်လေ့ရှိသည်။ ဤဝတ္ထုတွင် ဤမိန်းကလေးနှင့် ရင်းနှီးသူများက နက်ဒယာဟု ခေါ်လေ့ရှိသည်။ ဤသည်ကို အကြောင်းပြု၍ ဤဝတ္ထုအား ကျွန်တော်က နက်ဒယာဟု အမည်ပေးလိုက်ခြင်း ဖြစ်ပါသည်။ နက်ဒယာသည် ကင်မီလီနှင့် ကာမင်းတို့ကဲ့သို့ပင် စိတ်ဝင်စားစရာကောင်းသည့် အချစ်ဝတ္ထုတစ်ပုဒ်ပင် ဖြစ်ပါသည်။

နက်ဒယာသည် ရုရှားဝတ္ထု ဖြစ်သည်။ ဝတ္ထုရှည်ကြီး မဟုတ်ပါ။ ဝတ္ထုတိုစာရင်းဝင် တစ်ပုဒ် ဖြစ်သည်။ သို့သော်လည်း အချိန်အခါနှင့် အခြေအနေကိုလိုက်၍ ဤဝတ္ထုတိုအား ဝတ္ထုလတ်အဖြစ် သတ်မှတ်ပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို ရေးသူမှာ ရုရှား စာရေးဆရာ *ဗ္ဗီဆီဗို လော့ဂါရှင်*[၅] (၁၈၅၅–၁၈၈၈) ဖြစ်သည်။ တစ်နည်းအားဖြင့် *ဗွီ ဂါရှင်*[၆] ဖြစ်သည်။

ဗွီဂါရှင်သည် *ဒေါ့စတိုယက်ဗ်စကီး*[၇] *တော်လ်စတွိုင်း*။ *ချက်ကော့ တူရဂေညက်*[၈] တို့နှင့် အတူတူ ပေါ်ထွန်းလာခဲ့သော ခေတ်ပြိုင်စာရေးဆရာဖြစ်သည်။ သူတို့နှင့်လည်း တရင်းတနှီး ရှိခဲ့သည်။ သဘောထား အမြင်ချင်းလည်း တူညီခဲ့သည်ဟု ရုရှား စာပေဝေဖန်ရေးဆရာများက ဆိုခဲ့ကြသည်။

ဂါရှင်သည် သူ့အပေါင်းအဖော် စာရေးဆရာများကဲ့သို့ ဝတ္ထုရှည်ကြီးများ မရေးခဲ့။ သူသည် ငယ်စဉ်ကတည်းက ကျန်းမာရေးချို့တဲ့သူ ဖြစ်သည့်အား လျော်စွာ စာများကို သူထင်သလောက် ရေးနိုင်စွမ်း မရှိခဲ့။ ၁၈၇၇ ခုနှစ်မှ ၁၈၈၇ ခုနှစ်အတွင်း ဝတ္ထုတိုပေါင်း ဆယ့်တစ်ပုဒ် ရေးသားခဲ့သည်။ ယင်း ဆယ့်တစ်ပုဒ်သည် ထူးခြားပြောင်မြောက်သည့် လက်ရာများအဖြစ်

---

၅ Vsevolod GARSHIN
၆ V.GARSHIN
၇ Dostoyevsky
၈ Turgenev

www.burmeseclassic.com

www.burmeseclassic.com



ရုရှားစာပေ ပညာရှင်များက သာမက ကမ္ဘာ့စာပေ ပညာရှင်များကပါ သတ်မှတ် အသိအမှတ် ပြုခဲ့ကြသည်။ အမှန်တကယ်လည်း သူ့ဝတ္ထုတိုများသည် ထူးခြား ပြောင်မြောက်သည့် လက်ရာများ ဖြစ်ပါသည်။ ၁၈၅၉ ခုနှစ်တွင် မွေးဖွားခဲ့သော ဂါရှင်သည် ၁၈၈၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည် ဖြစ်ရာ သူ ကွယ်လွန်ချိန်တွင် သူ့အသက် သည် ၃၃ နှစ်မျှသာ ရှိပေသေးသည်။

ဤဝတ္ထု နက်ဒယာသည် အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ပန်းချီဆရာ နှစ်ဦးနှင့် မိန်းမချော တစ်ဦး၏ သုံးပွင့်ဆိုင် အချစ်ကို ဖော်ပြထားသော ဝတ္ထုဖြစ်ပါသည်။ ဤဝတ္ထုသည် ဇာတ်ကောင်များ၏ အကျင့်စရိုက်ကို ဖော်ပြရာ၌ အလွန် အောင်မြင်သည်ဟု စာပေ ဝေဖန်ရေး ပညာရှင်များက ဆိုပါ သည်။ ယင်းအဆို မည်မျှ မှန်ကန်သည်ကိုမူ စာဖတ်ပရိသတ် က ဆုံးဖြတ်ကြရန်သာ ရှိပါသည်။

မည်သို့ပင်ဖြစ်စေ နာဒက်ဇ်ဒါ နီကိုလေ ယက်ဗ်နာ သို့မဟုတ် နက်ဒယာ အမည်ရှိ ဤဝတ္ထုသည် မြန်မာစာဖတ် ပရိသတ် နှစ်သက် လက်ခံနိုင်မည့် ဝတ္ထုတစ်ပုဒ်ဟု ကျွန်တော် ထင်ပါသည်။

မောင်ထွန်းသူ

၁၃၊ စက်တင်ဘာ၊ ၁၉၉၉။

www.burmeseclassic.com

www.burmeseclassic.com

# ၁

ကျွန်တော် မှတ်တမ်းတစ်ခု ရေးချင်နေတာ အတော့်ကို ကြာပါပြီ။ ကျွန်တော် ကလောင်ကိုင်ချင်နေတာဟာ အကြောင်းရှိပါတယ်။ ကျွန်တော် သိရသလောက်ဆိုရင် တချို့လူတွေဟာ သူတို့ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကို မှတ်တမ်းတင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ဖြစ်ရပ်တွေဟာ သမိုင်းကြောင်းနဲ့ ဆက်စပ် ယှက်နွှယ်နေလေတော့ စိတ်ဝင်စားစရာ ကောင်းလို့ပါ။ တချို့ကျတော့လည်း သူတို့ရဲ့ ငယ်စဉ်ဘဝက ပျော်စရာရက်တွေကို ပြန်လည်ပြောပြချင်ကြလို့ပါ။ တချို့ကတော့ ကွယ်လွန်သွားကြပြီဖြစ်တဲ့ လူတွေကို နာမည်ဖျက်ချင်လို့ အတင်းအဖျင်း ပြောပြီး အပုပ်ချချင်လို့ ရေးကြတာပါ။ အဲသလို အပုပ်ချခြင်းအားဖြင့် လူအများက မေ့သွားကြပြီဖြစ်တဲ့ စွပ်စွဲချက်တွေကို ချေဖျက်ပြီး သူတို့ကိုယ်သူတို့ ကာကွယ်ချင်ကြလို့ပါ။

ကျွန်တော် မှတ်တမ်းရေးချင်နေတာဟာ အဲဒီအကြောင်းတွေကြောင့် မဟုတ်ပါဘူး။ ကျွန်တော်ဟာ အခုအချိန်ထိ လူငယ်တစ်ယောက် ဘဝမှာပဲ ရှိပါသေးတယ်။ ကျွန်တော်ဟာ သမိုင်းကို တည်ဆောက်နေတဲ့လူလည်း မဟုတ်ပါဘူး။ သမိုင်းတည်ဆောက်မှုတွေကို မြင်နေတဲ့လူလည်း မဟုတ်ပါဘူး။ တခြားလူတွေကို အမနာပပြောစရာလည်း မရှိပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်စရာ အကြောင်းလည်း မရှိပါဘူး။ ဒါဖြင့် အတိတ်က

www.burmeseclassic.com



ပျော်စရာတွေကို ပြောချင်နေလို့လား။ လူ့ဘဝဟာ သိပ်ကို တိုတောင်းလှပါတယ်။ လူ့ဘဝရဲ့ အဆုံးသတ်မှုဟာလည်း သိပ်ကို ကြောက်စရာကောင်းပါတယ်။ အဲဒီတော့ကာ ဘဝရဲ့ မှတ်တမ်းဆိုတာဟာ နှစ်လိုဖွယ်ရာသာဖြစ်ဖို့ လိုပါတယ်။

ဒါဆိုရင် ကျွန်တော့် နားထဲမှာ ဘာကြောင့် လျှို့ဝှက်တဲ့ အသံတစ်သံ ဝင်လာနေရတာလဲ။

ညပိုင်း အိပ်ပျော်နေရာက နိုးလာတဲ့အခါ ကျွန်တော့် မျက်စိရှေ့က အမှောင်ထဲမှာ ကျွန်တော် တွေ့ခဲ့ဖူး၊ မြင်ခဲ့ဖူးတဲ့ ရှခင်းတွေနဲ့ အရိပ်တွေ၊ ရုပ်လွှာတွေဟာ ဖြတ်သွားနေကြပါတယ်။ အဲဒါ ဘာကြောင့်လဲ။ ကျွန်တော့် ရှေ့မှာ လူပုံသဏ္ဍာန်တစ်ခု ပေါ်လာတယ်။ အဲဒါကိုလည်းမြင်ရော ကျွန်တော့် မျက်နှာဟာ ပူထူလာတယ်။ လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိတယ်။ ကြောက်စိတ်နဲ့ ဒေါသစိတ်ဟာ လည်ချောင်းထဲမှာ တစ်ဆို့ဆို့ ဖြစ်နေတယ်။ အဲဒါဟာကော ဘာကြောင့် ဖြစ်ရတာလဲ။

ကျွန်တော့်ကို အမြဲတစေ ခြောက်လှန့်နေတဲ့ အဲဒီ ဖြစ်ရပ်တွေက လွတ်မြောက်အောင် ကျွန်တော် မလုပ်နိုင်ပါဘူး။ ဒီကြားထဲမှာပဲ ထူးဆန်းတဲ့ အတွေးတစ်ခု ဝင်လာပါတယ်။ တကယ်လို့ အဲဒီဖြစ်ရပ်တွေကို စာရွက်ပေါ်မှာ ချရေးလိုက်ရင် ဒီဖြစ်ရပ်တွေရဲ့ အနှောင်အဖွဲ့က ကျွန်တော် လွတ်မြောက်သွားလိမ့်မယ်လို့ ထင်တယ်။ သူတို့အနေနဲ့ ကျွန်တော့်ကို ဆက်ပြီး မခြောက်လှန့်နိုင်တော့ဘူးလို့လည်း ထင်တယ်။ ဒါဆိုရင် ကျွန်တော်ဟာ စိတ်အေးနားအေးနဲ့ သေရမှာပါ။ ဒါဟာ ကျွန်တော့်ကို ကလောင်ကိုင်ချင်စိတ် ဖြစ်လာအောင် တွန်းအားပေးခဲ့တဲ့ အဓိကအကြောင်းရင်းပါ။

ဒီမှတ်တမ်းကို တစ်ဦးတစ်ယောက်က ဖတ်မိချင် ဖတ်မိပါလိမ့်မယ်။ သို့မဟုတ် ဖတ်မိချင်မှလည်း ဖတ်မိမပေါ့။ ကျွန်တော့် အဖို့မှာတော့ ဒါကိစ္စဟာ အရေးမကြီးပါဘူး။ အဲဒါ ကြောင့်လည်း ကျွန်တော် ရွေးချယ်ပြီး ရေးထားတဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ နောင်တစ်ချိန်ကျခါမှ ဒီမှတ်တမ်း ဖတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ့် လူတွေကို ကြိုတင်ပြီး တောင်းပန်ထားဖို့ လိုအပ်လိမ့်မယ်လို့ မထင်ပါဘူး။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော် ရေးထားတဲ့ မှတ်တမ်းကို ကျွန်တော် ဖတ်စေချင်တဲ့လူက တစ်ယောက်တည်းပါ။ အဲဒီလူကတော့ ဒီမှတ်တမ်းကိုဖတ်ပြီး ကျွန်တော့်ကို အပြစ်တင်မယ်လို့ မထင်ပါဘူး။ တကယ်တော့လည်း ကျွန်တော်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ အရာရာတိုင်းဟာ သူမအတွက် ချစ်စရာကောင်းတဲ့ အရာတွေချည်း ဖြစ်နေတယ် မဟုတ်လား။ ကျွန်တော် အခုပြောနေတဲ့လူဟာ တခြားလူ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ညီမဝမ်းကွဲပါ။

သူမ ဘာကြောင့် ဒီနေ့ နောက်ကျနေရတာပါလိမ့်။ ကျွန်တော် ထူထူထောင်ထောင် ဖြစ်လာတဲ့ အဲဒီနေ့က စတွက်ရင် သုံးလ ရှိသွားခဲ့ပါပြီ။ အဲဒီနေ့က ကျွန်တော် ပထမဦးဆုံး မြင်ရတဲ့ မျက်နှာဟာ ဆွန်ယာ့ မျက်နှာပါ။ အဲဒီ အချိန်ကစပြီး နောက်ပိုင်းကာလမှာ ဆွန်ယာဟာ ညစဉ်ညတိုင်း ကျွန်တော့်ဆီ လာနေပေးပါတယ်။ သူမအဖို့တော့ ကျွန်တော့်ကို ပြုစုပေးရမယ့် တာဝန်တစ်ခု ယူထားရသလိုပါပဲ။ သူမဟာ ကျွန်တော့် အိပ်ရာဘေး သို့မဟုတ် ကျွန်တော် အိပ်ရာပေါ်က ဆင်းထိုင်နိုင်လို့ ထိုင်နေတဲ့ ပက်လက်ကုလားထိုင်ဘေးမှာ ထိုင်ပြီး ကျွန်တော်နဲ့ စကားပြောနေတတ်တယ်။ သတင်းစာတွေ၊ စာအုပ်တွေ ဖတ်ပြတဲ့အခါ ဖတ်ပြနေတတ်ပါတယ်။ ပြီးတော့ ဖတ်စရာ စာအုပ်ရွေးချယ်မှုအပေါ်မှာ ကျွန်တော် ကိုယ်တိုင် စိတ်မဝင်စားတော့ဘဲ သူမဘာသာသူမ ကြိုက်ရာ ရွေးဖတ်ခိုင်းနေတဲ့ အတွက်လည်း သောက ရောက်နေတဲ့ပုံ ရှိနေပါတယ်။

"အခု ဖတ်မယ့်ဟာက ဗက်စ်နစ်ခ်ယက်ဗရိုဗ် မဂ္ဂဇင်းထဲက ဝတ္ထုအသင်တစ်ပုဒ်ပဲ၊ အန်ဒရီ"

"ကောင်းသားပဲ၊ ဖတ်လေ"

"ရေးတဲ့လူက မစွက်ဂေးတဲ့"

"ရပါတယ်၊ ဖတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဝတ္ထုကို စဖတ်ပါတယ်။ ဖာတ်လမ်းက မစွတာ စကရစ်ပယ်နဲ့ မစ္စရေးဒ်နိုတို့ရဲ့ ဖာတ်လမ်းပါ။ ဖာတ်လမ်းဖွဲ့ထားပုံက အချိုးအစား မကျပါဘူး။ ပထမနှစ်ရွက် ဖတ်အပြီးမှာ ဆွန်ယာက ကျွန်တော့်ကို လှမ်းကြည့်ပြီး ပြော တယ်။ "ဝတ္ထုက သိပ်မရှည်ဘူး။ ဒီမဂ္ဂဇင်းက အမြဲတမ်း ဝတ္ထုရှည်ကြီးတွေ ကို ချုံ့ ချုံ့ပစ်လေ့ရှိတယ်" တဲ့။

"ကိစ္စမရှိပါဘူး။ ရပါတယ်၊ ကိုယ် နားထောင်နေတယ်လေ"

ဆွန်ယာက ဝတ္ထုကို ဆက်ဖတ်ပါတယ်။ ကျွန်တော်ဟာ သူမရဲ့မျက်နှာ ကို လှမ်းကြည့်နေပေမဲ့ အတွေးတွေကတော့ တခြားနေရာမှာ ရောက်နေပါ တယ်။ တစ်ခါတလေကျတော့လည်း စာရေးသူ မစ္စက်ဂေးက စာဖတ်သူကို ရယ်စေချင်တဲ့ နေရာတွေဆီ ရောက်နေပါတယ်။ ကျွန်တော့် စိတ်ထဲမှာ ငိုချင်သလိုလို ခံစားနေရပါတယ်။ ကျွန်တော့် ညီမဝမ်းကွဲက စာအုပ်ကို ဘေးချထားလိုက်ပြီး သောကမအေးတဲ့ မျက်နှာထားနဲ့ ကျွန်တော့်ကို ကြည့် နေပါတယ်။ ပြီးတော့ လက်တစ်ဖက်နဲ့ ကျွန်တော့်နဖူးကို စမ်းကြည့်ပါတယ်။

"အို... အန်ဒရီရယ်၊ ထပ်ဖြစ်ပြန်ပြီ၊ မငိုပါနဲ့...။ ပျောက်သွားမှာပါ။ မကြာခင် မေ့ပျောက်သွားမှာပါ"လို့ ဆွန်ယာက ပြောပါတယ်။ သူမရဲ့အသံ ဟာ အမြင့်တစ်နေရာရာက လိမ့်ကျပြီး နဖူးကို ဆောင့်မိထားတဲ့ ကလေး တစ်ယောက်ကို အမေက ချော့မော့ဖျောင်းဖျနေတဲ့ အသံမျိုးပါ။ ကျွန်တော် ခံစားနေရတဲ့ ဝေဒနာဟာ ဖြည်းဖြည်းချင်း သက်သာသွားသလိုပဲ။ ဘာပဲဖြစ် ဖြစ် ကျွန်တော့်မှာ သက်သာသွားတာတော့ အမှန်ပါပဲ။

မိန်းမသားတစ်ယောက်ရဲ့ ကရုဏာ အပြည့်နဲ့ ပေးလိုက်တဲ့ ကြင်နာ ယုယမှုကို ရလိုက်တော့ ကျွန်တော့်စိတ်ဟာ အင်မတန်မှ ကြည်နူးချမ်းမြေ့ရပါ တယ်။ "မင့်ကို ဘုရားသခင်က ကောင်းချီးမင်္ဂလာ ပေးပါစေ။ ကိုးနှာ မည် ရေးထိုးထားတဲ့ မင့်ဘဝရဲ့ မှောင်မည်းနေတဲ့ စာမျက်နှာတွေပေါ်မှာ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ပုံပြင်လေးတစ်ပုဒ် ဖြစ်လာပါစေ"လို့ ကျွန်တော် ဆုတောင်းလိုက်မိပါတယ်။ ကျွန်တော့်မှာ မျှော်လင့်ချက်လေး တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ တခြားမဟုတ်ပါဘူး။ အဲဒီ ပုံပြင်လေးဟာ စောစောက နားထောင်ခဲ့ရတဲ့ မစွက်ဂေးရဲ့ ပျင်းရိငြီးငွေ့စရာ ကောင်းလွန်းတဲ့ ဇာတ်လမ်းနဲ့တော့ တူမှာ မဟုတ်ဘူးဆိုတဲ့ မျှော်လင့်ချက်ပါ။

နောက်ဆုံးမှာတော့ သူမဟာ ကျွန်တော့်ဆီ ရောက်လာပြီး ကျွန်တော့်ကို မှောင်မည်းမွန်းကျပ်နေတဲ့ ကျွန်တော့်အခန်းထဲကို လိုက်ပို့ပေးတယ်။ ချိုမြတဲ့ သူမရဲ့ တီးတိုးစကားသံဟာ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်တယ်။ ပြီးတော့ သူမရဲ့ ချစ်စရာအလှနဲ့ တစ်ခန်းလုံးကို အလင်းရောင် ပေးထားပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၂

ကျွန်တော်ဟာ ကျွန်တော့် အမေကို မမှတ်မိပါဘူး။ ဒါပေမဲ့ အဖေ့ကိုတော့ မှတ်မိတယ်။ အဖေဟာ ကျွန်တော် ဆယ့်လေးနှစ်သားအရွယ်မှာ သေတာပါ။ ကျွန်တော်ရဲ့ အုပ်ထိန်းသူဟာ ကျွန်တော်တို့နဲ့ သွေးဝေးတဲ့ ဆွေမျိုးသားချင်း တစ်ယောက်ပါ။ သူက ကျွန်တော့်ကို စိန့်ပီတာစဘတ်မြို့က အထက်တန်း ကျောင်းတစ်ကျောင်း ပို့ပြီး ပညာသင်ကြားစေခဲ့ပါတယ်။ လေးနှစ်နေတော့ အဲဒီ ကျောင်းကနေပြီး အထက်တန်းစာမေးပွဲ အောင်မြင်ခဲ့ပါတယ်။

ကျွန်တော်ဟာ လွတ်လွတ်လပ်လပ် နေခဲ့ရပါတယ်။ ကျွန်တော်ရဲ့ အုပ်ထိန်းသူဟာ အလွန် အလုပ်များတဲ့လူပါ။ သူ့မှာ အလွန်များပြားတဲ့ကိစ္စ တွေကြောင့် အားလပ်တယ်လို့ မရှိပါဘူး။ သူ ကျွန်တော့်ကို စောင့်ရှောက် တယ်ဆိုတာက ကျွန်တော့်အတွက် ငွေကြေးထောက်ပံ့မှုကလွဲလို့ တခြား ဘာတစ်ခုမှ ပေးနိုင်စွမ်း မရှိပါဘူး။ သူ့အနေနဲ့သူ ထောက်ပံ့ပေးကမ်းထားတဲ့ ငွေဟာ ဆင်းဆင်းရဲရဲ မနေရအောင်တော့ လုံလောက်တယ်လို့ ယူဆထားပါ တယ်။ ဒါပေမဲ့ သူထောက်ပံ့ထားတဲ့ ငွေဟာ ဝံပုလွေလို တံခါးဝမှာ သွားပြီး အစာရှာ မစားရရုံလောက်တော့ လောက်ပါတယ်။ ပြီးတော့ ကျွန်တော် ကြိုက်နှစ်သက်တဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို ရှာဖွေလုပ်ကိုင် နိုင်လောက်အောင်တော့ အထောက်အကူပြုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် အသက်မွေးဝမ်းကျောင်းပြုရမယ့် အလုပ်ကို ရွေးထားတာကတော့ ကြာပါပြီ။ ကျွန်တော်ဟာ အသက် လေးနှစ်သား လောက်ကတည်းက ခဲတံတွေနဲ့ ရုပ်ပုံတွေဆွဲတဲ့အလုပ်ကလွဲပြီး တခြား ဘာကိုမှ မနှစ်သက်ခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော် အထက်တန်းကျောင်းက ထွက်လိုက်တဲ့အချိန်မှာ ပန်းချီ ကောင်းကောင်းဆွဲတတ်နေပါပြီ။ ဒါကြောင့်မို့ လည်း ကျွန်တော်ဟာ ပန်းချီပန်းပု အနုပညာ အကယ်ဒမီကျောင်းကို ဝင် ရောက် ပညာသင်ကြားဖို့အတွက် ဘာအခက်အခဲနဲ့မှ ရင်မဆိုင်ခဲ့ရပါဘူး။

ကျွန်တော်ဟာ ပန်းချီပညာမှာ အစွမ်းအစ ရှိသလား။ ကျွမ်းကျင်ခဲ့သ လား။ တော်ကောတော်ခဲ့သလား။ အခုအချိန်မှာတော့ဖြင့် ကျွန်တော်ဟာ ကင်းဗတ်စ်ကို နောက်ထပ် လက်ဖျားနဲ့တောင် မတို့တော့ဘူး။ ကျွန်တော့် အနေနဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ဘက်မလိုက်တဲ့မျက်စိနဲ့ ကြည့်ပြောရ မယ်ဆိုရင် ကျွန်တော်ဟာ ပန်းချီပညာရှင်တစ်ယောက်လို့ ပြောနိုင်မယ် ထင်ပါတယ်။ မှန်ပါတယ် ကျွန်တော်ဟာ ပန်းချီပညာရှင်တစ်ယောက် အနေနဲ့ အစွမ်းထက်မြက်တဲ့လူပါ။

ဘာကြောင့် ကျွန်တော် အဲသလို ထင်ရတာလဲ။ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပညာရှင်ကြီးတွေက အဲသလို ယူဆနေကြလို့ ထင်တာ မဟုတ်ပါဘူး။ ပန်းချီပညာ သင်ကြားခဲ့ရာမှာ ကျောင်းက မြန်မြန် ဆန်ဆန် အပြီးသတ်ပြီး ထွက်လာရလို့ ထင်တာလည်း မဟုတ်ပါဘူး။ ဘာ ကြောင့် ကျွန်တော် အဲသလိုထင်ရတာလဲဆိုတော့ ကျွန်တော် ပန်းချီ တစ်ကားဆွဲဖို့ ထိုင်လိုက်တဲ့အခါတိုင်း ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းတဲ့ ခံစားမှု ဝင်ဝင်လာလို့ပါ။

ပန်းချီဆရာတစ်ယောက် မဟုတ်တဲ့ လူတွေထဲမှာကတော့ အဲသလို ချိုမြပြီး နာကျင်မှုကို ရရှိစေနိုင်တဲ့ အသိစိတ်ကို ဘယ်တော့မှ မရနိုင်ပါဘူး။ အဲဒီခံစားမှု အသိစိတ်ကလေးဟာ ကင်းဗတ်စ်အသစ်တစ်ခုပေါ်မှာ ကိုယ်ရေး ဆွဲမယ့် ပန်းချီကားကို ဖန်တီးမှု ထည့်သွင်းတော့မယ်လို့ စဉ်းစားစိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ ပထမဆုံးအချိန်မှာ ဖန်တီးရှင်ရဲ့ နှလုံးသားကို ဆွဲညှစ်ရစ်ပတ်လာတတ်ပါတယ်။ ရုပ်ပုံလွှာတွေထဲကို ပန်းချီဆရာရဲ့ စိတ်၊ နစ်မြုပ်သွားတဲ့အခါ သူဟာ သူ့ပတ်ဝန်းကျင်မှာ ရှိနေသမျှ အရာရာတိုင်းကို လုံးဝ မသိတော့ မမြင်တော့တဲ့ အဖြစ်မျိုးနဲ့ ရင်ဆိုင်ရပါတယ်။ ပန်းချီဆရာ မဟုတ်တဲ့ လူတွေအဖို့ကတော့ အဲဒီ အဖြစ်မျိုးနဲ့ ဘယ်တော့မှ ကြုံကြိုက်ရမှာ မဟုတ်ပါဘူး။ မှန်ပါတယ် . . . ကျွန်တော်ဟာ အစွမ်းအစရှိတဲ့လူပါ။ ကျွန်တော်ဟာ သာမန်အဆင့်မှာသာရှိတဲ့ ရိုးရိုး ပန်းချီဆရာ တစ်ယောက် မဟုတ်ပါဘူး။

သူတို့အားလုံး ဟိုမှာ ရှိပါတယ်၊ ကျွန်တော့် ပန်းချီကားတွေ၊ ပုံကြမ်းတွေနဲ့ လေ့လာရေးဆွဲထားတဲ့ ပုံတွေပါ။ တချို့လည်း အပြီးသတ်ထားပါတယ်။ အချို့က အပြီးမသတ်သေးပါဘူး။ အားလုံး နံရံတွေပေါ်မှာ ချိတ်ဆွဲထားပါတယ်။ ပြီးတော့ ဟိုတစ်ဖက်မှာက သူမရဲ့ ပုံတူပန်းချီကားပါ။

ကျွန်တော်ကတော့ ပန်းချီကား အားလုံးကို တစ်ဖက်ခန်းထဲ ရွှေ့ပစ်ဖို့ သူမကို ခိုင်းရပါလိမ့်ဦးမယ်။ ဒါပေမဲ့ သူမရဲ့ ပုံတူပန်းချီကားကိုတော့ ကျွန်တော့် အိပ်ရာခြေရင်းက နံရံမှာ ချိတ်ခိုင်းသင့်ပါတယ်။ ဒါမှလည်း သူမဟာ ကျွန်တော့်ကို အမြဲတမ်း ကြည့်နေနိုင်မှာပါ။ သူမရဲ့ အကြည့်ဟာ ဆွေးမြည့်ကြေကွဲနေတဲ့ အကြည့်ပါ။ အပြာရောင်ဝတ်စုံဝတ်ပြီး အလွန်လှပတဲ့ အဖြူရောင် ကက်ဦးထုပ်ကို ဆောင်းထားပါတယ်။ ရွှေရောင်ဆံပင် အခွေအလိပ်ကလေးတွေဟာ ဘေးတစ်ဖက်တစ်ချက်မှာ ဖြာကျနေပါတယ်။ သူမဟာ ကျွန်တော့်ကို ကြည့်နေပါတယ်။ တကယ် အသက်ဝင်နေသလိုပါပဲ၊ ဩော် ချာလော့တီ . . . ရယ်၊ ကိုယ် ဘာလုပ်ရမလဲ။ မင်းရဲ့ ပုံတူကို ရေးဆွဲဖို့ စိတ်ကူးပေါ်လာတာကို ကောင်းချီးပဲပေးရမလား။ ကျိန်ဆဲရမလား။ ကိုယ် ခွဲခြားလို့ မရတော့ပါလား။

ဒီကိစ္စမှာ ကျွန်တော့် စိတ်ကူးကို အမြဲတမ်း ဆန့်ကျင်ခဲ့တဲ့ လူကတော့ ဘက်ဆိုနေဘ့ပ်ပါ။ ကျွန်တော် သူ့ကို ပထမဆုံးတစ်ခါ ပြောပြတော့ သူက ပခုံးနှစ်ဖက်ကိုတွန့်ပြီး သရော်ပြုံး ပြုံးနေပါတယ်။ "ခင်ဗျားတို့ ရုရှားပန်းချီဆရာတွေဟာ ရူးတူးတူး ကြောင်တောင်တောင်တွေ သိပ်များတယ်" လို့

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောတယ်။ "ကျွန်တော်တို့မှာ ရေးဆွဲစရာ အကြောင်းအရာတွေ အများကြီး ရှိနေတာပဲ။ ချာလော့တီ ကော်ဒေးကိုမှ ခင်ဗျားက ပုံတူ ဆွဲချင်နေတယ် ဆိုတော့ စဉ်းစားရခက်တယ်။ သူက ခင်ဗျားအတွက် ဘယ်လိုများ အရေးပါနေလို့လဲ။ ဆွဲရမယ့် အချိန်ကာလနဲ့ အပြင်အဆင် အနေအထားကို ခင်ဗျား စိစဉ်လို့ရမတဲ့လား"

သူ ပြောတာ မှန်သလိုလိုပါပဲ။ ဒါပေမဲ့ ဒီ ပြင်သစ် ပြဇာတ်မင်းသမီးရဲ့ ရုပ်ပုံလွှာဟာ ကျွန်တော့် စိတ်ကူးကို တအားကုန် ချုပ်ကိုင်ထားလေတော့ သူမရဲ့ ပုံတူပန်းချီကားကို ကျွန်တော် မဆွဲဘဲ မနေနိုင်ပါဘူး။ ကျွန်တော် ဆွဲတဲ့အခါမှာလည်း တစ်ကိုယ်လုံး အပြည့်ရေးဆွဲမယ်လို့ စိတ်ကူးထားပါ တယ်။ ပရိသတ်ရှေ့မှာ မျက်နှာချင်းဆိုင်ရပ်ပြီး ရှေ့တည့်တည့်ကို စူးစူးရဲရဲ ကြည့်နေတဲ့ပုံဟာ အကောင်းဆုံး အနေအထား ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ သူ့ရဲကောင်းဆန်တဲ့ ရာဇဝတ်မှုကို ကျူးလွန်ဖို့ ဆုံးဖြတ်ချက် ချထားလိုက်ပြီဆိုတဲ့ အမူအရာဟာ သူမရဲ့ မျက်နှာပေါ်မှာ စာတန်းထိုးထား သလို ပေါ်လွင် ထင်ရှားနေပါတယ်။ ပြစ်မှုကို ကျူးလွန်တော့မယ့် လက်ဟာ ဘေးတစ်ဖက်မှာ တွဲလောင်းကျနေပါတယ်။ အာရုံကြောမရှိတော့တဲ့ လက် လိုပါပဲ။ ဒီလက်ဟာ လူတစ်ယောက်ကို အသက်ဆုံးရှုံးအောင်လုပ်ဖို့ တာစူနေ တဲ့လက်ပါ။ သူမရဲ့ ရုပ်ပုံလွှာကို ကျွန်တော်မှတ်မိနေတာဟာ အဲဒီပုံစံ အတိုင်းပါ။

အဲဒီ ဇာတ်လမ်းကို ကျွန်တော် ဖတ်ဖူးထားပါတယ်။ ကျွန်တော့်စိတ်ကို သိသိသာသာ လှုပ်ရှားစေခဲ့တဲ့ ဇာတ်လမ်းပါ။ ရေးတဲ့ စာရေးဆရာက လာမာတင်းပါ။ ဇာတ်ကောင် မိန်းကလေးကို ပီပီပြင်ပြင် မှတ်မိနေတဲ့ ကျွန်တော်ဟာ ချာလော့တီရဲ့ ပီပြင်တဲ့ သရုပ်ဆောင်မှုတွေကို မျက်စိထဲမှာ ရော စိတ်ထဲမှာပါ စွဲနေပါတယ်။ သူမရဲ့ ပုံလွှာတွေ အများအပြားဟာလည်း အာရုံထဲမှာ ရောက်နေပါတယ်။ ဒါကြောင့်လည်း သူမရဲ့ ပုံကို ပန်းချီဆွဲဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အဖို့ သူရဲ့ ပထမဆုံးလက်ရာ ပန်းချီကားဟာ သူ့ရဲ့ ပထမဆုံးသော အချစ်ဦးနဲ့ တူပါတယ်။ သူ့စိတ်ကို အပြည့်အဝ ပိုင်ဆိုင်နေပါတယ်။ အခုဆိုရင် သူမရဲ့ရုပ်လွှာဟာ ကျွန်တော့်စိတ်ကို ကြီးစိုးလွှမ်းမိုးထားပါတယ်။ သူမရဲ့ ရုပ်လွှာနဲ့ ပတ်သက်လို့ အလွန်သေးဖွဲတဲ့ဟာကလေးကအစ အချက်အလက် အားလုံးကို အသေးစိတ်တွေးတယ်၊ ဆင်ခြင်တယ်၊ စဉ်းစားတယ်၊ မြင်ယောင်ကြည့်တယ်။ နောက်ဆုံးမှာ မျက်စိတွေ စုံမှိတ်ပြီး စဉ်းစားလိုက်တာနဲ့ တစ်ပြိုင်နက် ချာလော့တီရဲ့ ရုပ်ပုံလွှာ အပြည့်အဝဟာ ကျွန်တော့် အာရုံထဲမှာ ချက်ချင်းထင်ဟပ်လာတဲ့ အဆင့်ကို ရောက်လာပါတယ်။

ဒါပေမဲ့ တကယ်တမ်း လက်တွေ့ပုံကိုလည်း ဆွဲရော ကျွန်တော့်မှာ ကျော်လွှားလို့ မရနိုင်လောက်အောင် ကြီးမားတဲ့ အခက်အခဲတစ်ခုနဲ့ မမျှော်လင့်ဘဲ ရင်ဆိုင်ခဲ့ရပါတယ်။ တခြား မဟုတ်ပါဘူး။ ဒီပုံကို ရေးဆွဲဖို့အတွက် ကျွန်တော့်မှာ ကိုယ်ဟန်ပြမယ်မရှိတဲ့ အခက်အခဲပါ။

အတိအကျ ပြောရမယ်ဆိုရင်တော့ ကိုယ်ဟန်ပြမယ်တွေ အများကြီး ရှိပါတယ်။ ကျွန်တော့်အနေနဲ့ စိန့်ပီတာစဘတ်မြို့က ဒီအလုပ်နဲ့ အသက်မွေးနေကြတဲ့ ကိုယ်ဟန်ပြမယ်တွေထဲက ကျွန်တော် ရေးဆွဲမယ့်လူနဲ့ အသင့်တော်ဆုံးဖြစ်မယ့် ကိုယ်ဟန်ပြမယ်တစ်ယောက်ကို စိတ်တိုင်းကျ ရွေးယူခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ပိတ်ထားတဲ့ မျက်စိတွေထဲမှာတောင် ပီပီပြင်ပြင် ပေါ်နေတဲ့ အဲဒီအမျိုးသမီးဟာ ကျွန်တော် ရွေးချယ်ထားတဲ့ ကိုယ်ဟန်ပြမယ် အင်နာ အီဗန်နော့ဗ်နာနဲ့ တူမှ တူပါ့မလားဆိုတဲ့ သံသယကတော့ ရှိနေခဲ့ပါတယ်။

တကယ်တော့ အင်နာဟာ အကောင်းဆုံးနဲ့ အတော်ဆုံး ကိုယ်ဟန်ပြမယ် တစ်ယောက်ပါ။ ပန်းချီဆရာ စိတ်တိုင်းကျဖြစ်အောင် မလှုပ်မရှား ထိုင်ပေးနိုင်တဲ့ အမျိုးသမီးပါ။ အနည်းဆုံး တစ်နာရီတိတိ နည်းနည်းကလေးမှ မလှုပ်ဘဲ ထိုင်ပေးနိုင်ပါတယ်။ သူဟာ ရွှဘယ်ငွေကို တာဝန်ကျေအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပေးပြီး ဂုဏ်သိက္ခာရှိရှိနဲ့ ရယူတဲ့ အမျိုးသမီးပါ။ အခုလည်း သူဟာ သူရဲ့ အတွင်းပိုင်း ခန္ဓာကိုယ်အလှကို လှစ်မပြဘဲ အဝတ်အစားအပြည့်နဲ့ ထိုင်ပေးနေတာကို အတော်ကလေး ကျေနပ်ဟန် ရှိပါတယ်။

"အခုလို အဝတ် လုံလုံခြုံခြုံဝတ်ပြီး ကိုယ်ဟန်ပြပေးရတာ အံ့ဩစရာလို ဖြစ်နေတယ်။ တချို့ ယောက်ျားတွေကတော့ ဒီပုံကိုကြည့်ပြီး သူတို့ မျက်လုံးတွေနဲ့ သူတို့ ကြည့်ချင်တာတွေကို လိုက်ရှာနေတော့မှာပဲ" လို့ ပန်းချီကားစဆွဲတဲ့ ပထမနေ့မှာ သူက ကျွန်တော့်ကို သက်ပြင်းတစ်ချက်ချပြီး ပြောပါတယ်။ ဒီစကားပြောချိန်မှာ သူ့ရဲ့မျက်နှာဟာ ရက်သွေးရောင် သန်းနေပါတယ်။

အမှန်တော့ အင်နာ ကိုယ်ဟန်ပြမယ် ဖြစ်လာတာ နှစ်လလောက်ပဲ ရှိသေးတာဆိုတော့ အလုပ်ခွင်မှာ အံဝင်ခွင်ကျ မဖြစ်သေးပါဘူး။ ဝတ်လစ်စားလစ် ထိုင်ပေးရတဲ့ အနေအထားပေါ်မှာ ကျင့်သားမရသေးတော့ ရှက်စိတ်က ရှိနေဆဲပါ။ ရှုရှားမလေးတွေဟာ ဒီလိုပါပဲ။ အဲသလို ထိုင်ပေးရတာမျိုးအပေါ်မှာ ဘယ်တော့မှ ကျင့်သားရမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။

ကျွန်တော်ဟာ သူ့ရဲ့ လက်တွေနဲ့ ပခုံးတွေ။ ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ် အဲဒါတွေကို ရေးဆွဲပါတယ်။ ဒါပေမဲ့ မျက်နှာကိုလည်း ဆွဲရော စိတ်ပျက်ရ တော့တာပါပဲ။ သူ့ရဲ့ မျက်နှာက ဝိုင်းဝိုင်းလုံးလုံးနဲ့ နှာခေါင်းကလည်း အပေါ်ကို ခပ်လန်လန် ဖြစ်နေတယ်။ မိုးခိုးရောင် မျက်လုံးအစုံကတော့ ကရုဏာရိပ်တွေ ယှက်သန်းနေပေမဲ့ ခပ်သေးသေး ဖြစ်နေတယ်။ ပြီးတော့ မျက်ခုံးတွေက လုံးနေတယ်။ ကျွန်တော့်အမြင်မှာကတော့ မျက်နှာပေါက်နဲ့ကတော့ လုံးဝ တခြားစီ။

သူ့မျက်နှာရဲ့ ကြွန်အင်လက္ခဏာကို တခြားလူတစ်ဦးရဲ့ မျက်နှာပေါ်က ကြွန်အင်လက္ခဏာကို သွင်းယူဖို့ဆိုတာ ကျွန်တော့်အတွက် မလွယ်တဲ့ အလုပ်တစ်ခုပါ။ ကျွန်တော်ဟာ ကိုယ်ဟန်ပြမယ် အင်နာရဲ့ မျက်နှာကို ကြည့်ပြီး သုံးလေးရက်လောက် အစားထိုးဖို့ ကြိုးစားကြည့်ပါတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



မရပါဘူး။ နောက်ဆုံးမှာတော့ ကျွန်တော် လက်လျှော့လိုက်ရပါတယ်။ တခြားကိုယ်ဟန်ပြမယ် ရှာဖွေ ရရှိဖို့ကလည်း မလွယ်ပါဘူး။

ဒါကြောင့်မို့ ကျွန်တော်ဟာ မလုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်ဖို့ ဆုံးဖြတ်လိုက်မိပါတယ်။ တခြားတော့ မဟုတ်ပါဘူး။ မျက်နှာကို စိတ်ကူး ယဉ်ပြီး ဆွဲဖို့ပါ။ သဘောကတော့ အစစ်မရလို့ မိတ်ကပ်လုပ်ပြီး အတုလုပ်တဲ့ သဘောပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ကျွန်တော်ရဲ့ ဇာတ်လိုက် မင်းသမီးကို ကျွန်တော့်ရဲ့ စိတ်မျက်စိ အာရုံထဲမှာ အပီအပြင် မြင်ဖူးထားတယ် မဟုတ်လား။ ဒါပေမဲ့ ဆုံးဖြတ်ထားတဲ့အတိုင်း လက်တွေ့လုပ်ကြည့်လိုက် တော့ လက်ထဲက စုတ်တံတွေကို စိတ်ပျက်လက်ပျက်နဲ့ ပစ်ချလိုက်မိပါတယ်။ ကျွန်တော့်အနေနဲ့ အသက်ဝင် ရှင်သန်နေတဲ့ မျက်နှာကို မရဘဲ အသား မရှိ အသွေးမရှိတဲ့ ဗလာမျက်နှာကိုပဲ ရနေတယ် မဟုတ်လား။

ကျွန်တော်ဟာ သုံးချောင်းထောက် ကားချပ်တင်ခုံပေါ်က ကင်းဗတ်စ်ကို ယူပြီး နံရံထောင့်တစ်ထောင့်မှာ သွားချထားလိုက်ပါတယ်။ ကျွန်တော့်ကို အထိနာစေတဲ့ ထိုးနှက်ချက် တစ်ခုပါ။ ဒီ ဆုံးရှုံးမှုကြောင့် ကျွန်တော်ဟာ အတော့်ကို စိတ်ထိခိုက်ခဲ့ရပါတယ်။ ကိုယ့်ဆံပင်ကိုယ် ထိုးဖွဆွဲခြေမိတဲ့အထိ စိတ်ဓာတ်ကျခဲ့ရပါတယ်။ အလွန်လှပတဲ့ အခုလို ပန်းချီကားတစ်ကားကို သန္ဓေတည်ပြီးခါမှ (ကျွန်တော့် စိတ်ကူးထဲမှာကတော့ ဒီပန်းချီကားဟာ သိပ်ကို လှတဲ့ကားပါ) အသက်ဝင် ရှင်သန်အောင် မဆွဲနိုင်ဘူးဆိုတော့ တန်ဖိုး ဘယ်ရှိတော့မှာလဲ ကျွန်တော်ဟာ အိပ်ရာပေါ်ကို ခြေပစ်လက်ပစ် လှဲချလိုက်ပြီး စိတ်ဆင်းရဲစရာတွေကို မေ့ပျောက်သွားနိုင်အောင် အိပ်ဖို့ ကြိုးစားပါတယ်။

ကျွန်တော် အိပ်လို့ မပျော်တပျော် ဖြစ်နေခိုက်မှာပဲ အိမ်ရှေ့တံခါးဆီက ဘဲလ်သံ ကြားလိုက်ရတယ်။ စာပို့လုလင်ပါ။ ကျွန်တော့်ညီမဝမ်းကွဲ ဆွန်ယာ ဆီက စာကို လာပို့တာပါ။ ကျွန်တော့်အနေနဲ့ ခက်ခဲကြီးမားတဲ့ အလုပ်တစ်ခု လုပ်ဖို့ အားထုတ်နေတာကြားရလို့ ဝမ်းသာတဲ့အကြောင်း ဒါပေမဲ့ သင့်တော်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟန်ပြမယ် မရဘူးဆိုတာ သိရလို့ စိတ်မကောင်းဖြစ်ရကြောင်း ရေးထားတဲ့ စာပါ။

"ကျောင်းပြီးသွားတဲ့အခါ ကျရင်တော့ ညီမ ကူညီနိုင်လိမ့်မယ်လို့ ထင်တာပဲ။ နောက်ထပ် ခြောက်လတော့ စောင့်ပါဦး အန်ဒရီ" လို့ ရေးထားပါတယ်။ "ညီမ စိန့်ပီတာစဘတ်ကိုလာပြီး အစ်ကိုနဲ့တွေ့တဲ့အခါမှာ ညီမကို ကြည့်ပြီး ချာလော့တီကော်ဒေး ပုံပေါင်း ဆယ်ကားအထိ ရေးဆွဲနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အစ်ကို ကြိုက်သလောက် ဆွဲလို့ရမှာပါ။ တကယ်လို့ပေါ့လေ အစ်ကို ရေးလိုက်သလို ညီမဟာ သူနဲ့ ရုပ်ချင်းတူနေတယ်ဆိုရင်တော့ ညီမဟာ အစ်ကိုရဲ့ နှလုံးသားကို စိုးမိုးတော့မှာပေါ့နော်"

ဆွန်ယာဟာ ချာလော့တီနဲ့ မတူပါဘူး။ သူဟာ သူ့ တစ်ပါးကို အဏ်ရာအနာတရဖြစ်အောင် လုပ်တတ်တဲ့ အမျိုးအစား မဟုတ်ပါဘူး။ သူဟာ အဏ်ရာတွေကို ပျောက်ကင်းအောင် ကုသပေးရတာကို အလွန်နှစ်သက်တဲ့ လူပါ။ ဒီလို ကုပေးရာမှာ အံ့ဩစရာကောင်းအောင်ကို တော်ပါတယ်။

တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်တော့်ကို ဆွန်ယာက ကုသပေးမှာပါ။

■

www.burmeseclassic.com

www.burmeseclassic.com

# ၃

ညနေပိုင်းမှာ ကျွန်တော် ဘက်ဆိုနော့ဗ်နဲ့တွေ့ဖို့ ထွက်လာခဲ့တယ်။

သူဟာ စာရေးစားပွဲမှာထိုင်ပြီး အလုပ်များနေတယ်။ စားပွဲပေါ်မှာ စာအုပ်တွေ၊ လက်ရေးစာမူတွေနဲ့ သတင်းစာ ဖြတ်စတွေဟာ ပြန့်ကျဲနေတယ်။ သူ့လက်ဟာ စာရွက်ပေါ်မှာ အမြန်လှုပ်ရှားနေတယ်။ စာကို အမြန်ရေးနေတာပါ။ ဒါပေမဲ့ ခြစ်ရာဖျက်ရာဆိုလို့ တစ်ခုမှ မတွေ့ရပါဘူး။ ကျွန်တော်ဝင်သွားတော့ မော့ကြည့်တယ်။ ချက်ချင်းပဲ ခေါင်းပြန်ငုံ့သွားပြီး စာကို ဆက်ရေးနေတယ်။ လောလောဆယ် သူဟာ သူ့အတွေးနဲ့အရေးအပေါ်မှာ နစ်နေပုံရပါတယ်။ သူ့အနေနဲ့ စာကို ရေးလို့မပြီးမချင်း ထိုင်ရာက ထချင်ပုံမပေါ်ပါဘူး။

ကျွန်တော်ကလည်း အလိုက်သိစွာနဲ့ စုတ်ပြတ်ပေါက်ပြဲနေတဲ့ ဆိုဖာကြီးပေါ် သွားထိုင်နေပါတယ်။ ဒီဆိုဖာကြီးက ဘက်ဆိုနော့ဗ်အိပ်တဲ့ ဆိုဖာပါ။ ကျွန်တော် သူ့ကို လှမ်းကြည့်နေမိပါတယ်။ ကျွန်တော် တွေ့နေမြင်နေကျ သူ့ရုပ်လွှာဟာ ပီပြင်ပြတ်သားစွာ ပေါ်နေပါတယ်။ ဒီ ရုပ်ပုံလွှာကို ကျွန်တော်ရဲ့ ပုံကြမ်းစာအုပ်ထဲမှာ မကြာခဏ ဆွဲခဲ့ဖူးပါတယ်။ သိပ်တော့ ကောင်းလှတယ်လို့တော့ မဆိုနိုင်ပါဘူး။ မူလ ပုံကြမ်းထဲက အသေးစိတ် ဟန်ကလေးတွေကို အပြည့်အဝ မရခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီပုံကို သူ့အမေဆီ လက်ဆောင်

www.burmeseclassic.com



အဖြစ် ပို့ပေးခဲ့ပါတယ်။

ဒီနေ့ ညပိုင်းမှာတော့ သူ့မျက်နှာဟာ အတော့်ကို ဆွဲဆောင်မှု ရှိနေပါတယ်။ ကျွန်တော်က အရိပ်ထဲမှာ ထိုင်နေပြီး သူက မီးရောင်အောက်မှာ ထိုင်နေလို့ပဲလား သို့မဟုတ် ကျွန်တော့်စိတ်က အဲဒီအချိန်မှာ သက်သောင့်သက်သာ ဖြစ်နေလို့ပဲလား ဆိုတာတော့ အတိအကျ မပြောနိုင်ပါဘူး။ ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့လေ၊ သူ့မျက်နှာဟာ ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

ကျွန်တော် သူ့မျက်နှာကို ထပ်ကြည့်တယ်။ သူ့ဦးခေါင်းကို အသေးစိတ်ပြီး ပိုက်စိပ်တိုက် လေ့လာတယ်။ အလျင်တုန်းက ကျွန်တော် မျက်စိလျှမ်းပြီး မမြင်ခဲ့ရတဲ့ အသေးအဖွဲ့လေးတွေကိုပါ မြင်လာရတယ်။ အလွန်သန့်စွမ်းတဲ့ အားကောင်းမောင်းသန် လူတစ်ယောက်ရဲ့ ဦးခေါင်းပါ။ ဒီခေါင်းမျိုးဟာ ဉာဏ်ရည်ဉာဏ်သွေးနဲ့ အစွမ်းအစတော့ ရှိချင်မှရှိမယ်။ ဒါပေမဲ့ အလွန်မှာကျောမယ့် ခေါင်းဆိုတာကတော့ အသေအချာ ပြောနိုင်ပါတယ်။

သူ့ ဦးခေါင်းခွံဟာ လေးထောင့်စပ်စပ်ပါ။ ဦးခေါင်းရဲ့ နောက်ဘက်က အရိုးဟာ အကွေ့အကောက် လုံးဝမရှိဘဲ တစ်ဖြောင့်တည်း တုတ်ခိုင်သန့်စွမ်းတဲ့ လည်ပင်းရဲ့ နောက်ဘက်လည်ကုပ်ဆီကို ဆင်းသွားပါတယ်။ နဖူးက ကျယ်ရုံမကဘူး၊ မောက်နေပါတယ်။ မျက်ခုံးတွေက မသိမသာ ကုပ်နေပါတယ်။ မေရိုးတွေက ကားပြီး သန်မာတောင့်တင်းပါတယ်။ နှုတ်ခမ်းတွေက ခပ်ပါးပါးပါ။ အလျင်တုန်းက ကျွန်တော် သတိမထားမိခဲ့တဲ့ သူ့မျက်နှာရဲ့ ကြန်အင်လက္ခဏာ အမျိုးအစားတွေဟာ ဒီနေ့ကျမှပဲ ကျွန်တော့်အတွက် အသစ်အဆန်းတစ်ခုလို ဖြစ်နေပါတယ်။

"နေစမ်းပါဦး၊ ကိုယ့်လူက ကျုပ်ကို ဘာများလုပ်ချင်လို့ ဒီမျက်နှာတသမျိုးနဲ့ ကြည့်နေရတာလဲ"လို့ သူက လက်ထဲက ကလောင်ထံကိုချ ကျွန်တော့်ဘက် မျက်နှာလှည့်ပြီး လှမ်းမေးပါတယ်။

"ခင်ဗျားက ဘယ်လိုနည်းနဲ့ သိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမှာ ခံစားပြီး သိတာ၊ အခုဟာ စိတ်ကူးမဟုတ်ဘူး။ ဒါမျိုးကို အလျင်ကလည်း ကျွန်တော် ခဏခဏ ကြုံဖူးတယ်"

"ကျွန်တော်က ခင်ဗျား မျက်နှာကို ကိုယ်ဟန်ပြသမား တစ်ယောက် ကြည့်သလို ကြည့်နေတာ၊ ခင်ဗျားခေါင်းက အလွန် စိတ်ဝင်စားစရာ ကောင်းတဲ့ ခေါင်းပဲ၊ ဆာကျီဗတ် ဆစ်လ်ယက်ဗစ်ချ်ရဲ့"

"ဟုတ်ရဲ့လားဗျာ"လို့ သူက ပြုံးကြိကြိနဲ့ မေးတယ်။ "အရုပ်ဆိုးတဲ့ အပိုင်းတော့ မပါဘူးလို့ မျှော်လင့်ပါတယ်"

"မပါပါဘူး။ ခင်ဗျားခေါင်းကို ကြည့်ပြီး လူတစ်ယောက်ကို သတိရမိ တယ်။ ကျော်ကြားထင်ရှားတဲ့ လူတစ်ယောက်ပါပဲ"

"ဘာလဲ လူလိမ်လူညစ်လား။ လူသတ်သမားလား" လို့ သူက ကြားဖြတ်မေးတယ်။ "ကျွန်တော်ကတော့ လာဗက်တာကို မယုံကြည်ဘူး နော်"

ဂျီဟန်ကပ်စ်ပါလာဗက်တာ ဆိုတာက ဆွစ္စ စာရေးဆရာပါ။ သူ့စာပေ တွေထဲမှာ သူ့ရဲ့ ဒဿနိကအမြင်တွေကို ရေးသားတင်ပြလေ့ရှိတဲ့ ပုဂ္ဂိုလ်ပါ။ ဒါကြောင့်မို့ အခုသူက လာဗက်တာကို မယုံကြည်ဘူးလို့ ဆိုလိုက်တာပါ။ "ဘာပဲဖြစ်ဖြစ်ပေါ့လေ။ အခု ခင်ဗျားမှာ ဘာပြဿနာ ပေါ်နေပြန်ပြီလဲ" လို့ သူက ထပ်မေးပါတယ်။ "ခင်ဗျားရဲ့ မျက်နှာထားကို မြင်တာနဲ့ ပြဿနာ တစ်ခုခုတော့ ရှိနေပြီဆိုတာ ကျွန်တော် သိတယ်။ ဘာလဲ ခင်ဗျား အခု ဆွဲနေတဲ့ ပန်းချီကားနဲ့ ပတ်သက်နေတယ် မဟုတ်လား"

"အင်း ဟုတ်တယ်၊ ကိုယ် လုပ်နေတဲ့အလုပ်ကို စွန့်ပစ်ရတော့မလို ဖြစ်နေတယ်" လို့ ကျွန်တော်က စိတ်ပျက်လက်ပျက် ပြန်ပြောမိတယ်။

"ကျွန်တော်လည်း ထင်ထားတယ်။ ခင်ဗျားမှာ သင့်တော်တဲ့ ကိုယ် ဟန်ပြမယ် မရဘဲ ဖြစ်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး။ အဲသလိုတော့ မဟုတ်ဘူး။ သင့်တော်မယ့် ကိုယ်ဟန် ပြမယ် ရှာရတာ ဘယ်လောက်ခက်ခဲ သလဲဆိုတာ ခင်ဗျားလည်း သိသားပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒါက အဓိကတော့ မဟုတ်ဘူး။ အခု ပြဿနာက လူတစ်ယောက်ကို ရှုံးလောက်တယ်။ အထူးသဖြင့် အခု ကျွန်တော်ရထားတဲ့ ကိုယ်ဟန်ပြမယ် အင်နာ အီဗန်နော့ဗ်နာပဲ။ သူ့ကြောင့် ကျွန်တော် စိတ်အတော်ကိုကုန်သွားခဲ့ရတယ်။ သူ့မျက်နှာက ပိုင်းစက်စက်ဆိုတော့ တော်တော်ခွကျတယ်။ တစ်ခါတလေ ကျွန်တော့်အာရုံထဲမှာ အမြဲပေါ်နေတဲ့ ရုပ်လွှာတောင်ပျောက်ပျောက်သွားတယ်''

''ရုပ်လွှာက တကယ် ရှိတာလား''

''ရှိတာပေါ့ဗျာ။ ပန်းချီဆရာတစ်ယောက်ဟာ သူ့ စိတ်အာရုံထဲမှာ စွဲနေတဲ့ အရာတစ်ခုကို မျက်စိမှိတ်ပြီး ဆွဲရင်တောင် ရနိုင်တယ်။ ခင်ဗျားရဲ့ မျက်လုံးတွေကို ပိတ်ထားပေမယ့် ရုပ်လွှာက ခင်ဗျားရဲ့ မျက်စိရှေ့မှာ ရှိနေမှာပဲ''

ကျွန်တော်က မျက်လုံးတွေကို စုံမှိတ်ပြီး ပြောနေတာပါ။ ကျွန်တော် လုပ်နေပုံက ရယ်စရာလို ဖြစ်သွားဟန်တူပါရဲ့။ သူက အော်ရယ်တယ်။ ''ဒါဟာ ရယ်စရာကောင်းတဲ့ ပြက်လုံးမဟုတ်ဘူး ကိုယ့်လူ၊ ကျွန်တော် အလွန်စိတ်ညစ် နေရတဲ့ကိစ္စ''

သူ ချက်ချင်းပဲ အရယ် ရပ်သွားတယ်။ ''ဒီလိုဆိုရင်တော့ ကျွန်တော် မရယ်တော့ဘူး။ ကျွန်တော့်အနေနဲ့ လွတ်မြောက်အောင်လည်း မကူညီနိုင်ဘူး။ ကျွန်တော် ခင်ဗျားကို ပြောခဲ့ဖူးသားပဲ၊ ဒီပုံကို မဆွဲပါနဲ့လို့''

''အခု ကျွန်တော် လက်လျှော့လိုက်ပြီလေ''

''အဲဒီ အလုပ်အားလုံးဟာ ဘာအကျိုးမှ မရှိဘဲ လုပ်ရမှာ၊ ဒီကြားထဲမှ အခု ရင်ဆိုင်နေရတဲ့ သောကက ဘယ်လောက် ကြီးမားနေပြီလဲ။ အခုလို ဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်တော် အစောကြီးကတည်းက သိတယ်။ ခင်ဗျားလိုချင်တဲ့ ကိုယ်ဟန်ပြမယ်မျိုး မရလို့ မဟုတ်ပါဘူး။ ဖွေထားတဲ့ အကြောင်းအရာကိုက မသင့်တော်တာပါ။ အမှန်က ဒါဟာ ခင်ဗျားရဲ့သွေးထဲမှာ ရှိဖို့လိုတယ်။ မာရက်နဲ့ ချာလော့တီ ကော်ဒေးတို့ခေတ်က နေထိုင်ခဲ့တဲ့

www.burmeseclassic.com



လူတွေရဲ့ အနွယ်ဝင်တစ်ဦး ဖြစ်ဖို့လည်း လိုတယ်"

"ဒါပေမဲ့ ခင်ဗျားက ဘာလဲ။ အဲဒါကို ကြည့်ရမယ်။ စိတ်ဓာတ် အင်မတန် ပျော့ပျောင်း နူးညံ့တဲ့ ရှုရှား အသိပညာရှင်တစ်ယောက်။ သိုးငယ် လေးတစ်ကောင်လို့ သိမ်မွေ့တယ်၊ ဖြစ်ရမှာက အဲသလို မဟုတ်ဘူး။ သူတို့လို စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်ရမယ်။ ခင်ဗျားကို ကျွန်တော် မေးမယ်။ တကယ်လို့ လိုအပ်လာရင် ခင်ဗျားရဲ့ စုတ်တံကို လွှင့်ပစ်နိုင်သလား။ ဒီ ထက်မြင့်တဲ့ စကားနဲ့ ပြောရမယ်ဆိုရင် စုတ်တံအစား။ ဓားမြှောင်ကို ကိုင်နိုင် မလား။ ခင်ဗျားအနေနဲ့ ဒါ လုပ်မယ့်အစား ကြာသပတေးဂြိုဟ်ကို သွားဖို့ ဘာကြောင့် မကြိုးစားတာလဲ"

"ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားနဲ့ကျွန်တော် အလျင်ကလည်း အငြင်း အခုံ ဖြစ်ခဲ့ဖူးပါတယ် ဘက်ဆိုနော့ဗ်ရာ။ နှစ်ယောက်စလုံး တစ်ဦးကိုတစ်ဦး သဘောပေါက်အောင် မလုပ်နိုင်ခဲ့ကြပါဘူး။ တကယ်လို့ ခင်ဗျားကိုယ်ခင်ဗျား ပန်းချီဆရာတစ်ယောက်လို့ သတ်မှတ်ရင် ခင်ဗျားကိုယ်ခင်ဗျား တခြားလူ တစ်ယောက်ရဲ့ နေရာမှာ ထားကြည့်နိုင်ရမှာပေါ့။ ရပ်ဖေးလ်ဟာ မက်ဒိုးနားရဲ့ ပုံကို ဆွဲနိုင်ဖို့အတွက် သူကိုယ်တိုင်က လူပျိုစစ်စစ် ဖြစ်ခဲ့ရတယ် မဟုတ်လား။ ဘာကြောင့် အဲသလိုလုပ်တာလဲ။ အဲဒါကို အဓိပ္ပာယ်မရှိတဲ့ အလုပ်လို့ ပြောမလား။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်က ဒီကိစ္စမှာ စိတ်ပဋိပက္ခ ဖြစ်နေ တာ။ ကျွန်တော် ခင်ဗျားနဲ့ မငြင်းချင်တော့ဘူး"

သူဟာ တစ်ခုခု ပြောတော့မလို ဟန်ပြင်လိုက်ပေမယ့် မပြောတော့ဘူး။ ကျွန်တော့်ကို လက်တစ်ဖက် ယမ်းပြရုံပဲပြတယ်။ "ခင်ဗျားနည်းနဲ့ပဲ သွားတော့ ပေါ့" လို့ ပြောပြီး ထိုင်ရာက ထလာတယ်။ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေတယ်။ "ကျွန်တော်တို့ချင်း မငြင်းကြတာဘဲ ကောင်းတယ်။ ကျွန်တော်တို့ရဲ့ နှလုံးသားတွေထဲမှာ ရှိနေတဲ့ လျှို့ဝှက်ဒဏ်ရာတွေကို အသစ် ဖြစ်အောင် မထိုးဆွဲတာဘဲ ကောင်းပါတယ်ဗျာ" လို့ ပြောတယ်။ ပြီးတော့ တစ်ဆက်တည်းပဲ "လက်ဖက်ရည်သောက်ချိန် ရောက်လာပြီ။ ဘယ်လိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား သောက်မယ် မဟုတ်လား'' လို့ မေးပါ တယ်။

သူဟာ ပြောပြောဆိုဆို တံခါးဆီ လျှောက်သွားပြီး ''လက်ဖက်ရည် လုပ်ပေ့'' လို့ အော်တယ်။ အိမ်စေတွေ အပေါ်မှာ သူ ဆက်ဆံပြောဆိုပုံကို ကျွန်တော် မကြိုက်ပါဘူး။ ကျွန်တော်တို့ဟာ စကားမပြောဘဲ နေကြတာ အကြာကြီးပဲ။ ကျွန်တော်က ဆိုဖာကိုမှီပြီး ထိုင်နေတယ်။ သူက ခေါက်တုံ့ ခေါက်ပြန် လမ်းသလားနေတယ်။ သူ့စိတ်ထဲမှာ တစ်ခုခု တွေးနေသလိုပဲ။ နောက်ဆုံးမှာ သူဟာ ကျွန်တော့်ရှေ့မှာ လာရပ်ပြီး မေးခွန်းတစ်ခု မေးတယ်။

''တကယ်လို့ ခင်ဗျားနဲ့ သင့်တော်မယ့် ကိုယ်ဟန်ပြမယ် ရရင် ခင်ဗျားရဲ့ အလုပ်ကို ထပ်ပြီး ကြိုးစားမှာလား''

''သိပ်ကို ကြိုးစားမှာပေါ့ဗျာ'' လို့ ကျွန်တော်က ပြန်ဖြေ လိုက်တယ်။ ''ဒါပေမဲ့ ခင်ဗျား ဘယ်နေရာ သွားရှာနေလဲ''

သူဟာ လမ်းပြန်လျှောက်နေပြန်တယ်။ ပါးစပ်ကလည်း ''ခင်ဗျား သိတဲ့အတိုင်းပဲ လိုပါတင်။ တစ်နေရာမှာ ကျွန်တော် သိတဲ့ လူတစ်ယောက်တော့ ရှိတယ်'' လို့ ရေရွတ်နေတယ်။

''ခင်ဗျား အမျိုးသမီးက အထက်တန်းလွှာထဲကဆို ရင် ဘယ်လိုနည်းနဲ့မှ ကိုယ်ဟန်ပြပေးမှာ မဟုတ်ဘူး''

''အဲသလောက် အဆင့်မျိုးထဲကတော့ မဟုတ်ပါဘူး ဒါပေမဲ့''

''ခင်ဗျား ပြောသလိုဆိုရင် 'ဒါပေမဲ့' ဆိုတာ ရှိနိုင် ဦးမှာလား ဘာက်ဆိုနေ့ဘ်ရာ''

''ဒီမယ် ကိုယ့်လူ၊ ကျွန်တော် ပြောမယ် နားထောင်၊ ကျွန်တော် ခင်ဗျားကို သဘောကျတာတွေ ရှိနေတယ်'' လို့ သူက ပြောပြီး ကျွန်တော့်ရှေ့မှာ လာရပ်တယ်။ ''ခင်ဗျားနဲ့ ကျွန်တော်ဟာ သဘောတူ ရွယ်တူလောက်ပဲ ရှိတယ်။ ခင်ဗျား ထက် အသက်ကြီးပေမဲ့လည်း ကျွန်တော်က နှစ်နှစ်လောက်ပဲ ကြီးမယ်။ ဒါပေမဲ့ အတွေ့အကြုံမှာတော့ ခင်ဗျားထက် အသက် ဆယ်နှစ်လောက် ကြီးတဲ့ လူတစ်ယောက်နဲ့ အတူတူ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ကျွန်တော်ဟာ သန့်ရှင်းစင်ကြယ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ အကျင့်ခပ်ပျက်ပျက်လူပါ။ ဒါပေမဲ့ ဒီလောကမှာ ကျွန်တော့်ထက်ဆိုးတဲ့ လူတွေဟာ အများကြီး ရှိနေပါတယ်။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်ထိုက်တဲ့ လူလို့ပဲ သတ်မှတ်ထားတာပါ။ ကျွန်တော်က ခင်ဗျားလို သန့်စင်တဲ့လူတစ်ယောက် ဖြစ်နေတာကို ကြိုက်သင့်ပါလျက်နဲ့ သန့်စင်အောင် မနေခဲ့မိတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် မုန်းတီးစက်ဆုပ်မိတာ အမှန်ပါ"

"ခင်ဗျားက ဘယ်လို အကျင့်ပျက်မှုမျိုးနဲ့ သန့်စင်မှုမျိုးကို ပြောနေတာလဲ" ဟု ကျွန်တော်က ကြားဖြတ်မေးသည်။

"ဒါကတော့ အရာဝတ္ထု တစ်ခုချင်းစီရဲ့အပေါ်မှာ တည်မှီပြီး ပြောရမှာပေါ့။ အမှန်အတိုင်း ပြောရရင် ကျွန်တော်ဟာ ခင်ဗျားရဲ့ ဖြူစင်မှု၊ တည်ငြိမ်မှုနဲ့ သန့်စင်မှုတွေကို ကြည့်ပြီး ခင်ဗျားအပေါ်မှာ မကြာခဏ မနာလိုဖြစ်ခဲ့မိတယ်။ ဒါပေမဲ့ ထားလိုက်ပါ။ အဲဒါက အရေးမကြီးပါဘူး။ ဒါက ကိုယ်လုပ်ချင်သလို လုပ်လို့မှ မရနိုင်တာပဲ။ အဲဒီတော့ ဒီအကြောင်းကို ထပ်မပြောကြတာဘဲ ကောင်းမယ်"

"အနည်းဆုံး ခင်ဗျားအနေနဲ့ ဘာလဲ ဆိုတာလောက်တော့ ရှင်းပြနိုင်တာပဲ"

"ရှင်းမနေပါနဲ့တော့။ ဒုတိယ ပြောရမည့်အချက်က၊ ခင်ဗျားရဲ့ ညီမ ဝမ်းကွဲ ဆိုဖီယာမစ်ခေးလောဗ့်နာ အကြောင်းပဲ။ သူဟာ ခင်ဗျားနဲ့ သွေးတော့မနီးဘူးလို့ ထင်တယ်၊ ဟုတ်လား"

"သူက ကျွန်တော်နဲ့ နှစ်ဝမ်းကွဲ ညီမပဲ"

"ဟုတ်တယ်။ နှစ်ဝမ်းကွဲလို့ပဲ သိထားတယ်။ ပြီးတော့ ခင်ဗျားနဲ့ စေ့စပ်ထားတယ် မဟုတ်လား"

"ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲ"လို့ ကျွန်တော် ကတုန်ကယင်နဲ့တ‌ဒြေ ရေရွတ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ သိတာပေါ့။ ပထမတော့ ခန့်မှန်းပြီးသိတာ။ နောက်တော့ အတိအကျ သိလာရတာပေါ့။ ကျွန်တော့် အမေက ပြောပြတယ်။ အမေ့ဆီက မကြာသေးခင်က ရောက်လာတဲ့ စာထဲမှာပါတယ်။ အမေက သူနဲ့ ခင်သွားတယ်လေ။ ခင်ဖျားလည်း သိသွားပဲ၊ နယ်မြို့ကလေးတွေမှာက လူတိုင်း တစ်ယောက်နဲ့တစ်ယောက် သိကြခင်ကြတာ ချည်းပဲ။ အဲဒီတော့ တစ်ယောက်အကြောင်း တစ်ယောက် သိကြတာများတယ်။ သူဟာ ခင်ဖျားရဲ့ စေ့စပ်ထားတဲ့ အမျိုးသမီးပဲ"

"စေ့စပ်ထားတော့ ဘာဖြစ်လဲ"

"စေ့စပ်ထားတာက ကလေးဘဝကတည်းကဆို၊ နှစ်ဖက်မိဘတွေက စီစဉ်တာ မဟုတ်လား"

"ဟုတ်တယ်၊ သူတို့စီစဉ်တာ။ ပထမတော့ ကျွန်တော်က ပြောင်နောက်ပြီး ပြောနေတာလို့ ထင်တယ်။ အခုကျမှ တကယ်ဖြစ်နေတယ်ဆိုတာ သိရတာ၊ ကျွန်တော်က ဒီကိစ္စကို ဘယ်သူ့မှ မသိစေချင်ဘူး။ ဒါပေမဲ့ အခု ခင်ဖျား သိသွားတော့လည်း ဘာမှမဖြစ်ပါဘူး"

"ခင်ဖျားမှာ စေ့စပ်ထားတဲ့ လူရှိတာကိုလည်း ကျွန်တော် မနာလိုဘူး" လို့ သူက သူ့ရှေ့တည့်တည့်ကို စိုက်ကြည့်နေရာက လေသံတိုးတိုးနဲ့ ပြောပြီး သက်ပြင်းတစ်ချက် ချတယ်။

"ခင်ဖျား ဒီလောက်အထိ စိတ်နုလိမ့်မယ်လို့ ကျွန်တော် လုံးဝ မထင်ခဲ့မိဘူး။ ဘာက်ဆိုနော့်"

"ကျွန်တော်ကတော့ ခင်ဖျားနဲ့ စေ့စပ်ထားတဲ့ မိန်းမကြောင့် မနာလိုဖြစ်တာ အမှန်ပဲ" လို့ ကျွန်တော့် စကားကို အလေးမထားဘဲ ပြန်ပြောတယ်။ "ခင်ဖျားရဲ့ သန့်ရှင်းမှု၊ ခင်ဖျားရဲ့ မျှော်လင့်ချက်တွေ၊ ခင်ဖျားရဲ့ အနာဂတ်မှာ ရလာမယ့် မျှော်လင့်ချက်တွေ အားလုံးကို မနာလို ဖြစ်တာပဲ"

သူက ကျွန်တော့်လက်ကို လှမ်းဆွဲပြီး ဆိုဖာပေါ်က ထရိုင်းတယ်။ ပြီးတော့ မှန်ရှေ့ကို ခေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် ရုပ်ကို ကြည့်စမ်းပါ။ ခင်ဗျားကိုယ် ခင်ဗျားလည်း ပြန်ကြည့်စမ်းပါ" လို့ သူက ပြောတယ်။ "ခင်ဗျားက ဟိုရှေးခေတ် ဂရိ ပုံပြင်ထဲက ဟိုက်ပါရီယွန်နတ် ကျွန်တော်က တဏှာရာဂ အားကြီးတဲ့ လူတစ်ပိုင်း၊ ဆိတ်တစ်ပိုင်း တောစောင့်နတ်၊ လူချင်းက အဲသလောက်ကွာနေတာ။ ကျွန်တော်က အားကောင်းမောင်းသန် လူတစ်ယောက်ပဲ။ ကျွန်တော့် ကိုယ်ခန္ဓာကြီးက ထွားကျိုင်းတယ်။ သန်မာတောင့်တင်းတယ်။ ဒါပေမဲ့ ယှဉ်ကြည့်လိုက်ရင် လူချင်းက မတူဘူး။ ကျွန်တော်က တောကြီးမျက်မည်းထဲမှာ စိတ်အလိုလိုက်ပြီး ကိုယ့်စိတ်ကို အလဟဿ ဖြုန်းတီးနေတဲ့ကောင်၊ တကယ်တော့ဗျာ ကျွန်တော်ဟာ ယုတ်မာရိုင်းစိုင်းတဲ့ကောင်ပါ"

"ကဲပါလေ၊ အဲဒါတွေကို ဘေးချိတ်ထားလိုက်ပါတော့၊ ကျွန်တော်တို့ အစက ပြောခဲ့တဲ့ စကားကို ပြန်ဆက်ကြရအောင်။ ခင်ဗျားတို့ ဘာကြောင့် ကျွန်တော့်ကို ကိုယ်ဟန်ပြမယ်နဲ့ ဆုံမပေးချင်ရတာလဲ"

"အကြောင်းက ဒီလို ဒီအမျိုးသမီးက စိတ်ကို အလဟဿ ဖြုန်းတီးတဲ့ထဲမှာ ပါခဲ့ဖူးတယ်။ ကျွန်တော် ခင်ဗျားကို ပြောခဲ့သားပဲ၊ ဒီအမျိုးသမီးဟာ အထက်တန်းလွှာထဲက မဟုတ်ဘူးဆိုတာလေ။ သူဟာ သူ့အလွှာထဲမှာ အောက်ဆုံးအဆင့်မှာ ရှိနေတဲ့လူ။ သူ့အောက်မှာ အနိမ့်ဆုံး အသူတစ်ရာတမျှ နက်တဲ့ ချောက်ကြီးရှိနေတယ်။ သူဟာ မကြာခင်မှာ အဲဒီထဲကို လိမ့်ကျချင် လိမ့်ကျသွားမယ့် အခြေအနေရှိတယ်။ ဘဝတစ်ခုလုံးကို ပျက်စီးသွားစေမယ့် ချောက်ကြီးပဲ"

"ဒါဆိုရင်တော့ ခင်ဗျားကို ကျွန်တော် နားလည်သွားပြီ ဘာက်ဆိုနော့ဗ်"

"ခင်ဗျား နားလည်ပြီဆိုလို့ ကျွန်တော် ဝမ်းသာတယ်။ အခုတော့ စောစောက ကျွန်တော် ပြောခဲ့တဲ့ 'ဒါပေမဲ့' ဆိုတဲ့စကား ဘာလဲဆိုတာ ခင်ဗျား နားလည်ရောပေါ့"

"ပြောမနေပါနဲ့တော့၊ ခင်ဗျား စိတ်ထဲမှာပဲ ထားလိုက်ပါတော့၊ တစ်ခုတော့ မေးချင်တယ်။ ခင်ဗျား ကျွန်တော့်ကို မျက်ခြည်မပြတ် စောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာ ဘာကြောင့်လဲ''

"ကျွန်တော် ဘာကြောင့် ခင်ဗျားကို ခင်တယ်ဆိုတာ ပြောခဲ့ပြီးပြီပဲ။ ခင်ဗျားဟာ အနေအထိုင် သန့်ရှင်းတယ်၊ စင်ကြယ်တယ်၊ ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူး။ ခင်ဗျားတို့ နှစ်ယောက်စလုံး အတူတူပဲ။ ကျွန်တော် ခင်ဗျားကို မနာလိုဘူး။ ဒါပေမဲ့ ခင်ဗျားကို ကြည့်နေရတာကိုပဲ ဝမ်းသာတယ်။ ဘာလဲ ခင်ဗျားက အဲဒီ သာယာကြည်နူးမှု တစ်ခုလုံးကို ကျွန်တော်က ဖျက်ဆီးပစ်တာ မြင်ချင်နေသလား''

"နေပါဦး၊ ခင်ဗျားက ဒီအမျိုးသမီးနဲ့ ကျွန်တော့်ကို ခင်မင်သွားအောင် လုပ်ပေးရင်း ကျွန်တော့်ရဲ့ သန့်စင်မှုတွေ ပျက်စီးသွားလိမ့်မယ်လို့ ထင်နေတယ် ဆိုပါတော့''

"ဒီမယ် လိုပါတင်၊ ဒီအမျိုးသမီးနဲ့ ခင်ဗျားကို ခင်မင်သွားအောင် လုပ်ပေးမယ် မလုပ်ပေးဘူးဆိုတာက ကျွန်တော့်ကိစ္စ၊ ဒါက ကျွန်တော်နဲ့ပဲ ဆိုင်တယ်။ ဒီကိစ္စမှာ ကျွန်တော့်ဘာသာကျွန်တော် စဉ်းစားရမှာ။ ကျွန်တော်ကတော့ ခင်ဗျား ဒီအမျိုးသမီးကို မသုံးစေချင်ဘူး။ ကျွန်တော့်အနေနဲ့ မိတ်ဆက်ပေးဖို့လည်း မစဉ်းစားဘူး''

အခုအချိန်မှာတော့ သူက ထိုင်နေပြီ။ ကျွန်တော်က အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။

"ဒီအမျိုးသမီးကို ကျွန်တော့်အလုပ်နဲ့ အသင့်တော်ဆုံးလို့ ခင်ဗျား ထင်သလား''

"သိပ်ထင်တာပေါ့။ ဒါပေမဲ့ ထပ်စဉ်းစားလိုက်တော့ သိပ်ပြီး မသင့်တော်ပြန်ဘူး။ တကယ်တော့ သူဟာ မသင့်ပါဘူးဗျာ။ သူ့အကြောင်းကို ထပ်မပြောပါနဲ့တော့။ အခုလောက် ပြောတာ လုံလောက်ပါပြီ''

"ကျွန်တော် သူ့ကို အကြိမ်ကြိမ် တောင်းပန်တယ်၊ မေတ္တာရပ်ခံတယ်၊ စိတ်ဆိုးပြီး ပြောတယ်။ ကျွန်တော့်ရဲ့ ကောင်းမြတ်တဲ့ ကိုယ်ကျင့်တရားကို မပျက်စေရပါဘူးလို့ အာမခံပြီးပြောတယ်။ မရဘူး။ မိတ်ဆက်မပေးနိုင်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



သာ အပြတ်ငြင်းတယ်''

''ကျွန်တော် ဘယ်တော့မှ စကားကို နှစ်ခါထပ်မပြောဘူး''

''ကျွန်တော် ခင်ဗျားကို ချီးကျူးပါတယ်'' လို့ ကျွန်တော်က စိတ်ဆိုးမာန်ဆိုး ပြန်ပြောတယ်။

ကျွန်တော်တို့ လက်ဖက်ရည်သောက်ရင်း စကား ဆက်ပြောနေကြသေးတယ်။ ဒါပေမဲ့ စောစောက ကိစ္စမဟုတ်ဘူး။ ကျွန်တော် လက်ဖက်ရည်လည်း သောက်ပြီးရော အိမ်ကို ပြန်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

ကျွန်တော်ဟာ သီတင်းနှစ်ပတ်လုံးလုံး လုပ်လက်စအလုပ်ကို မလုပ်တော့ဘူး။ အကယ်ဒမီကျောင်းကိုသာ သွားပြီး အရေးမပါ အရာမရောက်တဲ့ အလုပ်တွေကိုပဲ လျှောက်လုပ်နေတယ်။ ကျွန်တော့်ရဲ့ ဘဝခရီးကတော့ လောလောဆယ်မှာ အဆင်ပြေနေတယ်လို့ ဆိုရမှာပါ။ ဆွန်ယာဆီက စာ နှစ်စောင် ထပ်ရောက်လာပါတယ်။ သူမရဲ့ စာတွေထဲမှာ ထူးထူးထွေထွေ စိတ်ဝင်စားစရာတော့ မပါပါဘူး။ သူ ကျောင်းတက်ရတဲ့ အကြောင်းတွေနဲ့ သူ ဖတ်ခဲ့ရတဲ့ စာအုပ်တွေ အကြောင်းကလွဲပြီး တခြား ဘာမှမပါပါဘူး။

ကျွန်တော်ဟာ စာတွေကို ဖတ်အပြီးမှာ အလျင်က ရထားတဲ့ စာတွေနဲ့ ပေါင်းထားလိုက်ပါတယ်။ သူမထံက လာသမျှ စာတွေကို စုပြီး ပန်းရောင် ဒီကြိုးကလေးနဲ့ ချည်ထားတာ ကြာပြီ။ ဒီကြိုးကလေးကလည်း ကျွန်တော် အသက် ဆယ့်ငါးနှစ်ကတည်းက ဝယ်ထားခဲ့တဲ့ ကြိုးကလေးပါ။ အဲဒီ ကြိုးကလေးကို ကျွန်တော် အခုအချိန်ထိ လွှင့်မပစ်ရက်ပါဘူး။ ဘာကြောင့် လွှင့်ပစ်ရမှာလဲ။ သူက ကျွန်တော့်ကို အန္တရာယ်ပြုစရာ ဘာရှိလို့လဲ။ ဒါပေမဲ့ အခုလို စာတွေ စုစည်းထားတာကို ဘက်ဆိုနေ့ဗ် သိသွားသလား။ ဒါကို ကြည့်ပြီး ကျွန်တော့်ရဲ့ နုနယ်လွန်းတဲ့စိတ်ကိုများ သရော်နေလေသလား။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူဟာ ကျွန်တော့်ကို အတော် စိတ်ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ခဲ့တာပါ။ ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော့်ရဲ့ ဆွဲလက်စ ပန်းချီကားကို မဆွဲဘဲထားရမလား၊ သို့မဟုတ် ကိုယ်ဟန်ပြမယ်တစ်ယောက် ထပ်ရှာရင် ကောင်းမလား။

အဲဒီတုန်းမှာပဲ ကျွန်တော့်ကို အထောက်အကူပြုမယ့် ဖြစ်ရပ်တစ်ခုဟာ မမျှော်လင့်ဘဲ ပေါ်လာပါတယ်။ တစ်ရက်မှာ ကျွန်တော်ဟာ ဆိုဖာပေါ်မှာ လှဲပြီး မဟုတ်ကဟုတ်က ပြင်သစ်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေပါတယ်။ အဲဒီတုန်း မှာပဲ ရုတ်တရက် အခန်းတံခါးပွင့်သွားပြီး အထဲကို ဂဲလ်ဖရစ်ချ် ဝင်လာပါတယ်။

ပိန်သေးသေးနဲ့ ခပ်ခွင်ခွင်ဖြစ်နေတဲ့ သူ့ခြေနှစ်ချောင်းဟာ ကြီးမားတဲ့ ခန္ဓာကိုယ်ကို မနိုင့်တနိုင် သယ်လာနေသလိုပါပဲ။ ခါးမှာ ဘုရှိနေတော့ လက်ပြင်က ကုန်းနေပါတယ်။ ပိန်ချောင်ချောင် လက်နှစ်ဖက်ဟာ အတော့်ကို ရှည်ပါတယ်။ မျက်နှာ အသွေးအရောင်က ဖြူရော်ရော် ဖျော့တော့တော့ပါ။ ဒါပေမဲ့ ကြည့်ပျော်ရှုပျော်ရှိတဲ့ မျက်နှာပါ။ သူဟာ ပန်းချီဆရာတစ်ယောက်ပါ။ ပန်းချီပညာကို ချစ်တဲ့လူတွေဟာ သူ့ပုံတွေနဲ့ အကျွမ်းတဝင် ရှိတတ်ပါတယ်။ သူဆွဲတဲ့ ပန်းချီကားတွေရဲ့ အစိတ်အပိုင်းအများစုဟာ သူအစွဲရှိတဲ့ အရာတစ်ခု အမြဲလိုလို ပါဝင်တတ်ပါတယ်။ အဲဒါဟာ သဘာဝပါ။

ဂဲလ်ဖရစ်ချ် အစွဲရှိတဲ့ အကြောင်းအရာကတော့ ကြောင်တွေပါ။ ရေနစ်နေကြတဲ့ ကြောင်တွေ၊ ငှက်ပေါက်စလေးတွေနဲ့ ကြောင်တွေ၊ ခါးတွေ ကုန်းနေကြတဲ့ကြောင်တွေ စသည် စသည်ဖြင့် ကြောင်အမျိုးမျိုးပါ။ သူဟာ အရက်မူးပြီး ဝိုင်ဖန်ခွက်ရှေ့မှာ ထိုင်နေတဲ့ ကြောင်တစ်ကောင်ပုံကိုတောင် ဆွဲထားခဲ့ဖူးပါတယ်။ သူဟာ ကြောင်ပုံတွေကို ဆွဲတဲ့နေရာမှာ သူမတူအောင် ထူးချွန်တဲ့ ပန်းချီဆရာ ဖြစ်နေပါပြီ။

ဒါပေမဲ့ ခက်တာက သူဟာ ကြောင်တွေပုံကလွဲပြီး တခြား ဘာကိုမှ မဆွဲသလို ဖြစ်နေပါတယ်။ တကယ်လို့ တခြားပုံတွေ ဆွဲပြီဆိုရင်လည်း ကြောင်ကတော့ တစ်မျိုးတစ်ဖုံပုံစံနဲ့ ပါလာပြန်တာပဲ။ ဥပမာ ဆိုပါတော့ စိမ်းလန်းစိုပြည်တဲ့ အပင်တွေ ဆွဲထားရင် အဲဒီအပင်တွေနောက်က ပန်းရောင်

www.burmeseclassic.com

www.burmeseclassic.com



နာခေါင်းကလေး ပါလာတတ်ပါတယ်။ မျက်လုံးပြူးပြူးကလေးတွေက အပြင်ကို ချောင်းကြည့်နေပါတယ်။ အဲဒီသတ္တဝါဟာ ကြောင်ပါပဲ။ အခုလည်း သူ အခန်းထဲ ဝင်လာတော့ လက်ထဲမှာ အပြာရောင်စက္ကူနဲ့ ထုပ်ထားတဲ့ ပစ္စည်းတစ်ခု ပါလာတာ တွေ့ရပါတယ်။ သူဟာ လက်ထဲက အထုပ်ကို စားပွဲပေါ်ချပြီး ဖြေနေပါတယ်။

"နောက် ကြောင်တစ်ကောင် လာပြန်ပြီလား" လို့ ကျွန်တော်က မေးတယ်။

"ဟုတ်တယ်" ပြောပြောဆိုဆိုနဲ့ သူက စက္ကူထုပ်ကို ဖြေပြီး အထဲက တစ်ပေပတ်လည် အရွယ်ရှိတဲ့ ပန်းချီကား နှစ်ချပ်ကို ထုတ်ပြပါတယ်။ ကြောင်တွေက ပီပီပြင်ပြင် ဆွဲထားပြီးပါပြီ။ ဒါပေမဲ့ နောက်ခံတွေကတော့ အဖြူရောင်ကင်းဗတ်စ်သားပဲ ရှိပါသေးတယ်။

"ခင်ဗျား ကြောင်ရုပ်တွေ ဆွဲတဲ့အလုပ်ကို ဘယ်အချိန်ကျမှ ရပ်မှာလဲ"

"ရပ်သင့်နေပြီဆိုတာ ကျွန်တော် သိပါတယ်ဗျာ။ သူတို့ဟာ ကျွန်တော့်အတွက် အနှောင့်အယှက်တစ်ခု ဖြစ်နေတာ အမှန်ပါ။ ဒါပေမဲ့ ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ငွေက လိုတယ်မဟုတ်လား။ အခုဆို ဒီ အသုံးမကျတဲ့ ပုံတွေက ကျွန်တော့်အတွက် အနည်းဆုံး ရှာဘယ်ငွေ နှစ်ရာပေးမှာ"

သူဟာ အရိုးနဲ့ အရေသာရှိတဲ့ ခြေထောက်နှစ်ချောင်းကို ကားပြီး ဆုံနေရာက ပခုံးနှစ်ဖက်ကို တွန့်လိုက်တယ်။ လက်နှစ်ဖက်ကိုလည်း မြှောက်ထိုက်တယ်။ ဘာမှ အသုံးမဝင်တူးလို့ ယူဆထားတဲ့ ပန်းချီကားကို ဝယ်သူရှိနေတာဟာ အံ့ဩစရာပဲလို့ ဆိုချင်တဲ့သဘောပါ။

အမှန်တော့လည်း သူ့ရဲ့ ကြောင်တွေဟာ နှစ်နှစ်အတွင်း နာမည်ကြီးလာခဲ့တာပါ။ သူ့ ကြောင်တွေဟာ တကယ်လည်း ကောင်းပါတယ်။ ဒါပေမဲ့ ဆိုးတာက သူဟာ ကြောင်တွေကလွဲပြီး တခြားအရာတွေအပေါ် အာရုံမစူးစိုက်တော့တဲ့ ကိစ္စပါ။

"ငွေ ငွေ ငွေ" လို့ ဂဲလ်ဖရစ်ချ်က ရေရွတ်တယ်။ "ကျွန်တော့်လို

www.burmeseclassic.com



ခါးကုန်းကောင်က ငွေတွေ ဘာကြောင့် အများကြီး လိုနေရတာလဲ။ ဘာပဲ ဖြစ်ဖြစ်လေ၊ ကျွန်တော့်အနေနဲ့ တကယ့်အလုပ်တွေကို မလုပ်နိုင်တော့ဘူး။ ကျွန်တော် ခင်ဗျားကို မနာလိုဘူး အန်ဒရီ။ ကျွန်တော် ပန်းချီဆွဲလာတာ နှစ်, နှစ်ရှိသွားပြီ။ ဒီသတ္တဝါတွေကလွဲပြီး တခြား ဘာမှ မဆွဲဖြစ်တော့ဘူး။ အမှန်တော့ ကျွန်တော်က ခင်ဗျားထက် ပိုပြီးတော်တာပါ အန်ဒရီရယ်။ ခင်ဗျား ဘယ်လိုသဘောရသလဲ'' လို့ သူက မေးတယ်။

"ကျွန်တော်ကတော့ အဲသလို မထင်ဘူး'' လို့ ကျွန်တော်က ပြုံးပြီး အဖြေ ပေးလိုက်တယ်။

"ဒါနဲ့ မေးရဦးမယ်။ ခင်ဗျားလုပ်နေတဲ့ ချာလော့တီ ကားကကော၊ ဘယ်အခြေ ရောက်နေပြီလဲ''

ကျွန်တော်က စိတ်ပျက်တဲ့ အမူအရာနဲ့ လက်ခါပြလိုက်တယ်။

"အခြေအနေ ဆိုးနေပြီပေါ့။ ဟုတ်လား'' လို့ သူက ပြောတယ်။ "ခင်ဗျားကားကို ပြစမ်းပါဦး''

ကျွန်တော် မလှုပ်မယှက် ထိုင်နေတာမြင်တော့ သူဟာ ပန်းချီကားက စုပုံထားတဲ့ဆီ သွားတယ်။ အပုံထဲမှာ လိုက်ရှာတယ်။ သူ လိုချင်တာလည်း တွေ့ရော ကျွန်တော် အပြီးမသတ်ရသေးတဲ့ကားကို သုံးချောင်းထောက်ခုံပေါ် တင်လိုက်တယ်။ အချိန်အကြာကြီး ရပ်ပြီးကြည့်နေတယ်။

"ကျွန်တော် နားလည်သွားပြီ'' လို့ သူက ပြောတယ်။ "ကားကောင်း တစ်ကား ဖြစ်လာနိုင်တဲ့ အနေအထားတော့ ရှိတယ်။ ဒါပေမဲ့ ပြဿနာက အင်နာ အီဗန်နော့ဗ်နာပဲ မဟုတ်လား။ အခု ကျွန်တော်လာတာ ဘာအတွက် ဆိုတာ ခင်ဗျား သိသလား။ ကဲ ထ ကျွန်တော်နဲ့ လိုက်ခဲ့''

"ဘယ်ကိုလဲ''

"တစ်နေရာပေါ့။ လမ်းပေါ်ထွက်မယ်။ ဒီထဲနေရတာ ကျွန်တော် ငြီးငွေ့တယ် အန်ဒရီ။ ကျွန်တော့်ရဲ့အဆင့် ပြေလျော့သွားမှာ ကြောက်တယ်ဗျာ''

"အဓိပ္ပာယ် မရှိတာ''

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အန်ဒရီ မကောင်းဆိုးဝါးဟာ ကျွန်တော့်ဆီ လာနေသလို ခံစားနေရတယ်။ အမှန်က ကျွန်တော် ဒီကိုလာတာဟာ ခင်ဗျားတစ်ယောက်တည်း အထီးကျန် ဖြစ်နေတာ မမြင်ချင်လို့ပဲ။ ခင်ဗျား သိတဲ့အတိုင်းပဲ။ ကျွန်တော်က အလုပ်ကို စလိုက်မိရင် သီတင်းနှစ်ပတ်လောက်ကတော့ အပြင်းအထန်ပဲ။ ပြီးသွားရင်တော့ ဖျားပြီး ကျန်းမာရေးက အတော့်ကိုဆိုးတာ။ အထူးသဖြင့် ကျွန်တော့်လို ခါးကုန်းနေတဲ့ကောင်အဖို့ မချောင်လှဘူး"

သူသည် ကျွန်တော့်တက် ကျောပေးကာ လက်ပြင်ကို ကုန်းအောင်လုပ်ထားသည့် ဘုနှစ်ဘုကို ပြသည်။

"ကျွန်တော် ပြောမယ်။ ခင်ဗျား ဒီကိုရွှေ့လာခဲ့၊ ကျွန်တော်နဲ့ အတူနေ" လို့ ကျွန်တော်က အကြံပြုတယ်။

"ခင်ဗျားပြောတာ မဆိုးဘူး။ ကျွန်တော် စဉ်းစားမယ်။ ကဲ ဗျာ၊ လာပါ၊ သွားကြစို့ရဲ့"

ကျွန်တော် အဝတ်အစားလဲပြီး နှစ်ယောက်သား အတူတူ ထွက်ခဲ့ကြတယ်။ စိန့်ပီတာစဘတ် ဆီးနှင်းပြင် ရွှံ့ဗွက်ထဲမှာ ခြေဦးတည့်ရာ လျှောက်ခဲ့ကြတယ်၊ ဆောင်းဦးပေါက် ရာသီပါ။ ပင်လယ်ဘက်က လာနေတဲ့ လေဟာ အဆက်မပြတ်ပါပဲ။ ရေကလည်း တက်နေပါတယ်၊ ကျွန်တော်တို့ဟာ ပဲလေ့စ်ရေကာတာ တာရိုးပေါ်မှာရပ်ပြီး ကမ်းစပ်ထိ ပြေးလာရိုက်နေတဲ့ မြစ်ရေပြင်ထက် လှိုင်းတွေကို ကြည့်နေကြပါတယ်။ မြစ်ရဲ့ တစ်ဖက်ကမ်းဆီက ဆယ့်ငါးစက္ကန့် တစ်ကြိမ်လောက် သေနတ်သံတွေ ကြားနေရပါတယ်။ ခံတပ်ထဲက ပစ်ခတ်နေတဲ့ အသံတွေပါ။ မြစ်ရေကတော့ တက်နေဆဲပါ။

"နောက်ထပ် ရေအများကြီး တက်စေချင်တယ်။ ကျွန်တော် ရေကြီးတာကို လုံးဝ မမြင်ဖူးဘူး။ စိတ်ဝင်စားစရာ ကောင်းလိမ့်မယ်လို့ ထင်တယ်" လို့ ဂဲလ်ဖရစ်ချ်က ပြောတယ်။

ကျွန်တော်တို့ဟာ တာရိုးပေါ်မှာ ဟိုလျှောက်သည်လျှောက်လုပ်ရင်း အမှောင်ထုထဲကို လှမ်းကြည့်နေကြတယ်။ နောက်ဆုံးမှာတော့ ဂဲဖရစ်ချ်က

www.burmeseclassic.com

www.burmeseclassic.com



“ရေထပ်တက်မှာ မဟုတ်တော့ဘူး” လို့ ပြောတယ်။ “လောကလည်း အရှိန်နည်းသွားပြီ ထင်တယ်။ ကျွန်တော်က ရေကြီးတာကို တစ်ခါမှ မမြင်ဖူးဘူး။ ကဲပါလေ သွားကြပါစို့”

“ဘယ်ကို သွားဦးမှာလဲ”

“တစ်နေရာပေါ့ဗျာ။ ကျွန်တော်နဲ့သာ လိုက်ခဲ့ပါ။ ကျွန်တော် ခင်ဗျားကို ကျွန်တော် သိတဲ့နေရာ တစ်နေရာကို ခေါ်သွားမယ်။ အခုလို အနေအထားမျိုးနဲ့ ရေကိုကြည့်ရတာ ကျွန်တော် လန့်လာပြီ။ လူတွေနဲ့ တွေ့ရတာက ပိုကောင်းပါလိမ့်မယ်”

“နေရာက ဘယ်နေရာလဲ၊ ဘယ်မှာလဲ”

“ဒါက ကျွန်တော့် အလုပ်ပါဗျာ။ ပေး တက္ကစီ” လို့ သူက အော်ခေါ်တယ်။

ကျွန်တော်တို့ ကားပေါ်တက်ပြီး ထွက်လာခဲ့ကြတယ်။ တောက်တောက်ပြောင်ပြောင် ဆေးရောင်တွေ ခြယ်ထားတဲ့ သစ်သားဂိတ်တံခါးဝရှေ့ ရောက်တော့ ကားကို ရပ်နိုင်းပြီး ဆင်းလာခဲ့ကြတယ်။

နှစ်ထပ် အဆောက်အအုံ နှစ်လုံးကြားက ရှုံ့ထူထပ်တဲ့ လမ်းအတိုင်း လျှောက်လာခဲ့ကြတယ်။ အဆောက်အအုံတွေက ရှေးတော်တော်ကျတဲ့ ပုံစံတွေပါ။ အတွင်းဘက် တစ်နေရာက ဆင်ဝင်မှာ တပ်ထားတဲ့ မီးလုံးတွေရဲ့ အလင်းရောင်ဟာ ကျွန်တော်တို့ မျက်နှာတွေကို ကျိန်းစပ်သွားအောင် ထိုးထားပါတယ်။ ရှေ့က အတွဲကိုယ်စီနဲ့ သွားလာလှုပ်ရှားနေကြတဲ့ ယောက်ျားတွေနဲ့ မိန်းမတွေကို ကျွန်တော် သတိထားလာမိပါတယ်။ အားလုံး ဝတ်စားထားတာတွေကတော့ အရောင်မျိုးစုံ၊ အဆင်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံပါ။ သူတို့အားလုံးဟာ အဆောက်အအုံထဲဝင်သွားပြီး လှေကားက တက်သွားကြတာ တွေ့ရပါတယ်။

ကျွန်တော်တို့ဟာ လက်မှတ်ရုံမှာ အဝင်လက်မှတ်နှစ်စောင်ဝယ်ပြီး အထဲကို ဝင်ခဲ့ကြပါတယ်။ အခန်းငယ်ကလေးတွေ အများကြီး ဖွဲ့ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခန်းကြီး တစ်ခန်းထဲကို ဆက်ဝင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ပတ်ပတ်လည်မှာ ဆေးလိပ်မီးခိုးငွေ့တွေ ထောင်းထောင်းထနေပါတယ်။ ဘီယာနံ့တွေနဲ့ အပေါ်စား ရေမွှေးနံ့တွေကလည်း လေထဲမှာ လွင့်မျောနေကြပါတယ်။ စကားပြောသံတွေနဲ့ ရယ်သံတွေကလည်း သောသောညံ့နေပါတယ်။

တချို့လူတွေက အခန်းကြီးထဲမှာ လျှောက်သွားနေကြပါတယ်။ တချို့ကတော့ စားပွဲတွေမှာ ထိုင်ပြီး ဘီယာသောက်နေကြပါတယ်။ အခန်းထဲမှာ မိန်းမတွေရော၊ ယောက်ျားတွေပါ ရှိနေကြပါတယ်။ သူတို့ မျက်နှာထားတွေက တော်တော်ထူးဆန်းပါတယ်။ လူအားလုံးဟာ ပျော်ရွှင်မြူးထူးနေဟန် ဆောင်ထားကြပါတယ်။ စကားတွေလည်း ပြောနေကြပါတယ်။ သူတို့ ဘာတွေ ပြောနေကြတယ်ဆိုတာတော့ ဘုရားသခင်တစ်ဦးတည်းပဲ သိမှာပါ။

ကျွန်တော်တို့ဟာ စားပွဲတစ်လုံးမှာ ဝင်ထိုင်ကြပါတယ်။ ဂဲလ်ဖရစ်ချ်က လက်ဖက်ရည် မှာတယ်။ ကျွန်တော်က ရောက်လာတဲ့ လက်ဖက်ရည်ကို ခွန်းနဲ့ မွှေနေရင်းက မလှမ်းမကမ်းမှာ ရှိနေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စကားပြောသံကို နားစွင့်နေမိပါတယ်။ အမျိုးသမီးက အသားညိုညို၊ မျက်နှာလုံးလုံးပါ။ ဂျစ်ပစီမ တစ်ယောက်နဲ့ တူပါတယ်။ သူမရဲ့အဖော်က သူမကို မေးခွန်းတစ်ခု မေးပါတယ်။ ဒီနေရာကို မကြာခဏ လာတတ်သလားတဲ့။ အမျိုးသမီးက အဲဒီ မေးခွန်းကို ဖြေပါတယ်။ သူမရဲ့ ပြောဟန်ဆိုဟန်နဲ့ လေသံက ဂျာမန်မနဲ့ တူပါတယ်။ မာန်မာနရှိတဲ့ အရိပ်အငွေ့လည်း သူမရဲ့ အသံထဲမှာ ပါနေတာ ကျွန်တော် သတိထားမိတယ်။

"ကျွန်မ ဒီကို တစ်ပတ်တစ်ကြိမ်လာတယ်။ မကြာခဏတော့ မလာနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မအနေနဲ့ တခြားတစ်နေရာကိုလည်း သွားရသေးတယ်။ တမြန်မနေ့ကဆိုရင် ကျွန်မဟာ ဂျာမန်ကလပ်မှာ ရောက်နေတယ်။ မနေ့ကတော့ အော်မီယမ်ကလပ်မှာ ဒီနေ့တော့ ဒီမှာ နောက်ဖြန်ကျရင် ဘိုလ်ရှိုင်းဇာတ်ရုံမှာ သန်ဘက်ခါကျတော့ ပရိုဂတ်ချစ် ကလပ်မှာ အဲဒီနောက်တော့ အော်ပရက်တာ၊ အဲဒီကပြီးရင်၊ ဟို ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် တစ်နေရာရာကိုတော့ သွားနေရတာပဲ''

စကားလည်းဆုံးရော သူမက အဖော်ကို လှမ်းကြည့်တယ်။ မျက်နှာထားက ဂုဏ်ယူဝံ့ကြွားတဲ့ပုံ ပေါ်နေပါတယ်။ သူမရဲ့ အဖော်ကတော့ သူကြားရတဲ့ စကားတွေအတွက် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတဲ့ လက္ခဏာရှိတယ်။ သူမ အဖော်က အသက် နှစ်ဆယ့်ငါးနှစ်လောက် ရှိပြီ။ သူဟာ အမျိုးသမီးကို တအံ့တဩ ကြည့်နေရာက သက်ပြင်းတစ်ချက်ချတယ်။ သူ သက်ပြင်းချတာဟာ သူ့အတွက် ဟုတ်ပုံမရပါဘူး။ အမျိုးသမီးအတွက် စိတ်မကောင်းဖြစ်လို့ ချလိုက်တဲ့ သက်ပြင်းဆိုတာ သိသာပါတယ်။

ကျွန်တော်တို့ စားပွဲကထပြီး အခန်းထဲမှာ ဟိုလျှောက် သည်လျှောက် လုပ်ကြပါတယ်။ အခန်းရဲ့ အဆုံးဘက်မှာ ရှိတဲ့ တံခါးပေါက်က ဝင်ရင် ကပွဲခန်းမထဲကို ရောက်ပါတယ်။ ပြတင်းပေါက်တွေမှာ အဝါရောင် ပိုးခန်းဆီးတွေ တပ်ထားပါတယ်။ မျက်နှာကြက်ကို သုတ်ထားတဲ့ ဆေးရောင်ကြောင့် အခန်းထဲမှာ အလင်းရောင် ပိုရသလိုပဲ။ နံရံတွေမှာ ကပ်ပြီးချထားတဲ့ သစ်သားကုလားထိုင်တွေက အများကြီးပဲ မိန်းမတွေ အများစုဟာ ခန်းမအလယ်မှာ နှစ်ယောက်တစ်တွဲ လမ်းလျှောက်နေကြတယ်။ ကုလားထိုင်တွေပေါ်မှာ ထိုင်နေကြတဲ့ ယောကျ်ားတွေကတော့ အမျိုးသမီးတွေကို ဝိုင်းကြည့်နေကြပါတယ်။ တီးဝိုင်းသမားတွေကတော့ တီးဖို့မှုတ်ဖို့ အဆင်သင့် ဖြစ်နေကြပါပြီ။ တယောအဖွဲ့ ခေါင်းဆောင်ရဲ့မျက်နှာကို ကျွန်တော် တွေ့ဖူးသလို ဖြစ်နေရပါတယ်။

''ဟော ခင်ဗျားပါလား ဗိုင်ယိုဒါကာလိုဗစ်ချ်'' လို့ ကျွန်တော်က သူ့ပခုံးကို လှမ်းတို့ပြီး ပြောလိုက်မိတယ်။

ဗိုင်ယိုဒါကာလိုဗစ်ချ်က လှည့်ကြည့်တယ်။ ကျွန်တော်ဖြင့် အံ့ဩမဆုံးဘူး။ လူက ဝလာလိုက်တာ တအားပါလား။ တစ်ကိုယ်လုံး အိနေရာက အိပြီး တွဲတဲ့နေရာတွေက တွဲနေတယ်။ တော်တော့်ကို အိုသွားကျသွားတာပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ် ဖိုင်ယိုဒါကာလိုဗစ်ချ်ပါ" လို့ သူက ပြန်ပြောတယ်။

"ခင်ဗျား အားကစားရုံကို မမှတ်မိတော့ဘူးလား။ ကျွန်တော်တို့ အက သင်ခန်းစာသင်တဲ့ နေ့တိုင်း ခင်ဗျား တယောလာထိုးပေးတယ်လေ"

"ဟာ ဟုတ်တာပေါ့။ အားကစားခန်းမထဲက ထောင့်မှာ ထိုင်ခုံလေး တစ်လုံးနဲ့ တယောထိုးခဲ့ဖူးတယ်။ ဪ ကျုပ် မင့်ကို မှတ်မိပြီ။ မင်းက ထွေါ့်ဇ်အကမှာ အတော်လေး တော်တာပဲ"

"ခင်ဗျား ဒီကို ရောက်နေတာ ကြာပြီလား"

"နှစ် နှစ်ကျော်သွားပြီ"

"ခင်ဗျား မှတ်မိသေးလား။ တစ်ခါတုန်းက ခင်ဗျား အားကစားရုံကို စောစော ရောက်လာပြီး ဩစတီယန်း တယောပညာရှင်ကြီး ဟိန်းနရစ်ချ် ဝစ်လ်ဟိန်းအန်းစ်ရဲ့ အီလီဂျီ တေးကို ထိုးပြခဲ့တယ်။ ကျွန်တော်က ထိုင်ပြီး နားထောင်ခဲ့တယ်လေ"

တယောဆရာ၏ မျက်လုံးအစုံသည် တောက်ပလာသည်။ "ဟုတ်လား။ မင်း အဲဒီတုန်းက နားထောင်ခဲ့တယ်နော်၊ ကျုပ်က ဘယ်သူမှ နား ထောင်မနေဘူးလို့ ထင်တာ၊ အေးပေါ့လေ၊ အခုအချိန်မှာတော့ အဲဒါတွေကို တယောနဲ့ ထိုးပြနိုင်ခွင့် မရတော့ဘူး။ အခု ဒီမှာလာပြီး ရှုရိုဗိတိုက် ကပွဲခန်းမ မှာ တယောထိုးနေရတယ်။ နေ့ခင်းဘက်မှာ ပွဲဈေးတွေကို သွားပြီးထိုးတယ်။ ညကျတော့ ဒီပြန်ရောက်တယ်။

သူဟာ စကားကို မဆက်သေးဘဲ ရပ်ထားတယ်။ ပြီးတော့မှ ဆက် ပြောတယ်။ "ကျုပ်မှာ သားလေးယောက်နဲ့ သမီးတစ်ယောက် ရှိနေပြီ။ သားတစ်ယောက်က ဒီနှစ် အထက်တန်းစာမေးပွဲ အောင်သွားပြီး လာမယ့် နှစ်မှာ တက္ကသိုလ်တက်တော့မယ်။ ကျုပ်ကတော့ အလျင်ကလို အန်းစ်ရဲ့ ဂီတကို တယော မထိုးနိုင်တော့ဘူး" တဲ့။

တီးဝိုင်းက တီးမှုတ်လိုက်တဲ့ တေးဂီတသံ ကြားလာရတယ်။ ခန်းမထဲက စုံတွဲတွေဟာ အသက်ဝင် လှုပ်ရှားလာကြပါပြီ။ တီးဝိုင်းက

www.burmeseclassic.com

www.burmeseclassic.com



တေးဂီတသံဟာ ပိုပိုပြီး မြူးကြွလာပါတယ်။ ခန်းမထဲမှာ ကနေကြတဲ့လူတွေဟာ များများလာနေပါပြီ။ အသံတွေကလည်း ဆူညံလာပါပြီ။

"ကဲ ဗျာ၊ သွားကြပါစို့" လို့ ကျွန်တော်က ဂဲလ် ဖရစ်ချ်ကို ပြောပါတယ်။ "သိပ်ဆူတော့ နားငြီးလာတယ်။ အိမ်ပြန်ပြီး လက်ဖက်ရည်သောက်ရင်း စကားပြောကြတာက ပိုကောင်းပါလိမ့်မယ်"

ဂဲဖရစ်ချ်က ပြုံးတယ်။ "ကောင်းပြီလေ၊ ပြန်ကြတာပေါ့" လို့ ပြောတယ်။

ကျွန်တော်တို့ဟာ ထွက်ပေါက်ဆီကို လျှောက်လာကြတယ်။ ရုတ်တရက် ဂဲလ် ဖရစ်ချ်က ရပ်လိုက်ပြီး "ဟော့လူ ဟိုမှာ ဘက်ဆိုနော့ဗ်ပါလားလို့ ရေရွတ်လိုက်တယ်"

ကျွန်တော် သူ ပြရာဘက်ကို လှည့်ကြည့်လိုက်တော့ စားပွဲတစ်လုံးမှာ ထိုင်နေတဲ့ ဘက်ဆိုနော့ဗ်ကို လှမ်းမြင်ရပါတယ်။ စားပွဲပေါ်မှာတော့ ဗိုင်တစ်ပုလင်းနဲ့ ဖန်ခွက်တွေ ပန်းကန်တွေကို တွေ့ရပါတယ်၊ သူဟာ အနက်ရောင်ပိုးသားဂါဝန်နဲ့ ထိုင်နေတဲ့ မိန်းမတစ်ယောက်ကို စကားလှမ်းပြောနေပါတယ်။ သူရဲ့ မျက်နှာကိုတော့ ကျွန်တော် မမြင်ရဘူး။ သူရဲ့ ကိုယ်လုံးကိုယ်ထည်က သေးသွယ်ကြော့ရှင်းပြီး လှပတာကိုတော့ ကျွန်တော် သတိထားမိပါတယ်။ သူရဲ့ သေးသွယ်ပျော့ပျောင်းတဲ့ လက်တွေ၊ ကြော့ကြော့မော့မော့ ရှိလှတဲ့ လည်တိုင်နဲ့ နက်မှောင်တဲ့ ဆံပင်တို့ရဲ့ ထူးခြားမှုကိုလည်း ကျွန်တော် သတိမထားဘဲ မနေနိုင်ပါဘူး။

"ကံကို ကျေးဇူးတင်ရလိမ့်မယ်" လို့ ဂဲလ်ဖရစ်ချ်က ကျွန်တော့်ဘက် လှည့်ပြောတယ်။ "ခင်ဗျား သူ့ကိုသိသလား။ ဝမ်းသာပေတော့ ကိုယ့်လူရေ။ အဲဒါ ခင်ဗျားရဲ့ ချာလော့တီ ကော်ဒေးပဲ"

"ဘာ ချာလော့တီကော်ဒေး ဟုတ်လား။ သူ ဒီကို လာတယ်ပေါ့လား"

■

www.burmeseclassic.com

www.burmeseclassic.com

# ၅

လက်ထဲမှာ အရက်ဖန်ခွက် ကိုင်ထားတဲ့ ဘက်ဆိုနော့ဗ်က နီရဲနေတဲ့ မျက်လုံးအစုံနဲ့ ကျွန်တော့်ကို မော့ကြည့်တယ်။ သူ့မျက်နှာမှာ စိတ်ရှုပ်သွားတဲ့ အရိပ်အငွေ့တွေ ယှက်သန်းနေတယ်။ သူဟာ ထိုင်ရာကထပြီး ကျွန်တော်တို့ဆီ လျှောက်လာတယ်။

"ခင်ဗျားတို့က ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ"

"ကျွန်တော်တို့က ခင်ဗျားနဲ့ တွေ့ချင်လို့လာတာပေါ့" လို့ ကျွန်တော်က အဖြေပေးတယ်။ "ကျွန်တော် စိတ်မကောင်းတော့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ "

သူ့အဖော် အမျိုးသမီးကို ကျွန်တော်က လှမ်းကြည့်လိုက်မိတယ်။ သူက ကျွန်တော့်အကြည့်ကို သတိထားမိသွားတယ်။ ချက်ချင်းပဲ ကြားဖြတ်ပြီး ပြောတယ်။

"ဒီကိစ္စကို ခင်ဗျားရဲ့ ခေါင်းထဲက ထုတ်ပစ်လိုက်တော့။ ဂဲလ်ဖရစ်ချ်က ခင်ဗျားကို အကုန်ပြောပြပြီးလို့ ထင်တယ်။ ဘာပဲဖြစ်ဖြစ် အလုပ်မဖြစ်နိုင်ဘူး။ ကျွန်တော်ကလည်း လက်မခံနိုင်ဘူး။ ကျွန်တော် သူ့ကိုခေါ်ပြီး အပြင်သွားမယ်လို့ စီ..."၊ ပြောပြောဆိုဆိုပဲ သူဟာ သူ့အဖော်ဆီကို လျှောက်သွားပြီး "နာဒက်ဖဒါနီကိုလေယက်ဗ်နာ ကိုယ်တို့ သွားကြစို့" လို့ အော်ပြီးဟစ်ကျယ် ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ကျွန်တော့်တို့ဘက် လှည့်ကြည့်တယ်။ အံ့အားသင့်နေတဲ့ သူ့ရဲ့ မျက်နှာကို ကျွန်တော် ပထမဆုံး မြင်ရပါတယ်။

မှန်ပါတယ်။ ကျွန်တော် ပထမဦးဆုံး မကောင်းမှုဒုစရိုက် ကြီးစိုးရာ ဒီသားရဲတွင်းကြီးထဲမှာ သူ့ကို မျက်နှာချင်းဆိုင် မြင်ရခြင်းပါ။ သူနဲ့တွဲထိုင်နေတဲ့လူဟာ တစ်ခါတစ်ရံမှာ အမြင့်ဆုံး စိတ်နေစိတ်ထား ရှိနေရာက အကျင့်ဆိုးတွေဆီ ဆင်းလာတတ်တဲ့လူပါ။ သူဟာ ဝိုင်ပုလင်းရှေ့မှာ ထိုင်နေတာပါ။ သူ့ရဲ့ မျက်လုံးတွေဟာ နီရဲတောက်ပနေကြပါတယ်။ မျက်နှာကတော့ ပင်ပန်းနွမ်းနယ်မှုကို ဖော်ပြနေပါတယ်။

ကျွန်တော်တို့ ပတ်ပတ်လည်မှာက အပျော်ကြူးနေကြတဲ့ လူတွေနဲ့ ပြည့်နေတာပါ။ မျှော်လင့်ချက်အတိုင်း မဖြစ်လို့။ ဘဝလမ်းခရီးမှာ အဟာန့်အတားတွေ အခက်အခဲတွေကို မကျော်လွှားနိုင်လို့ စသည်ဖြင့် အကြောင်းအမျိုးမျိုးနဲ့ သာယာမှုလာရှာနေကြတဲ့ လူတွေနဲ့ ပြည့်နေတာပါ။ ဒီအထဲမှာ အကြောင်းအမျိုးမျိုးနဲ့ ဘဝပျက်လာရတဲ့ မိန်းမတွေကလည်း ပါသေးတယ်။ ကျွန်တော် အခု မြင်ရတွေ့ရတဲ့အတိုင်းဆိုရင် သူဟာလည်း အသူတစ်ရာမက နက်တဲ့ ချောက်ကြီးထဲကို ကျနေဟန်တူပါရဲ့။

"ကဲ လာ၊ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ။ ကိုယ်တို့ သွားကြစို့" လို့ ဘက်ဆိုနော့ဗ်က ထပ်ပြီးလော်ပြန်တယ်။

သူမက ထရပ်လိုက်ပြီး ဘက်ဆိုနော့ဗ်ကို အံ့အားသင့်ပြီး ကြည့်နေတယ်။ "ဘယ်သွားမှာလဲ၊ ဘာကိစ္စလဲ" လို့ မေးတယ်။

"ကိုယ် ဒီမှာ ဆက်ပြီး မထိုင်ချင်တော့လို့"

"ဒါဆိုရင်လည်း ရှင့်ဘာသာရှင် သွားပေါ့။ ဒီမှာ ရောက်နေတဲ့ လူတွေက ဂဲလ်ဖရစ်ချ်နဲ့ ရှင့်အသိတစ်ယောက်လို့ ကျွန်မထင်တယ်။ ကျွန်မက"

"ကိုယ်ပြောတာ နားထောင်ဦး နက်ဒ်ယာ"

အမျိုးသမီးက မျက်မှောင်ကုတ်လိုက်ပြီး ဒေါသဖြစ်နေတဲ့မျက်နှာထားနဲ့ ဘက်ဆိုနော့ဗ်ကို လှမ်းကြည့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို အဲသလို ခေါ်ပိုင်ခွင့်ရှိသလား။ ဟယ်လို ဂဲလ်ဖရစ်ချ် နေကောင်းရဲ့လား"

သူက ဂဲလ်ဖရစ်ချ်ဘက် လှည့်ပြီး နှုတ်ဆက်တယ်။ လက်တစ်ဖက် ကမ်းပေးတယ်။ ဂဲလ်ဖရစ်ချ်ကလည်း သူမရဲ့ လက်ကို ဆွဲညှစ်ထားရာက ဘက်ဆိုနော့ဗ်ကို လှမ်းကြည့်တယ်။

"ဒီမယ် ဘက်ဆိုနော့ဗ်။ ပေါက်ကရတွေ လျှောက်လုပ်မနေပါနဲ့။ ခင်ဗျား ပြန်ချင်ရင်ပြန်၊ နေချင်ရင်နေပေါ့။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာကို ကျွန်တော်တို့နဲ့ ထားခဲ့ပါ။ ကျွန်တော်တို့ သူနဲ့ စကားပြောစရာရှိနေတယ်။ ပြောရမယ့် ကိစ္စကလည်း အရေးကြီးတယ်။ ဒီမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ ကျွန်တော် ခင်ဗျားကို ကျွန်တော်နဲ့ ဘက်ဆိုနော့ဗ်တို့ရဲ့ မိတ်ဆွေ ပန်းချီဆရာ လိုပါတင်နဲ့ မိတ်ဆက်ပေးပါရစေ"

အဲဒီနောက်တော့ ဂဲလ်ဖရစ်ချ်က ကျွန်တော့်ဘက် လှည့်ပြီး "သူက ပန်းချီကားတွေကို သိပ်ကြိုက်တယ် အန်ဒရီ" ဟု လှမ်းပြောသည်။ "လွန်ခဲ့တဲ့ နှစ်က ကျွန်တော် သူနဲ့ ပန်းချီပြပွဲတစ်ခုကို ရောက်ခဲ့ဖူးတယ်။ ခင်ဗျားရဲ့ပုံတွေကိုတောင် ကြည့်ခဲ့ရတယ်။ ခင်ဗျား မှတ်မိသေးလား နာဒက် ဇဒါ နီကိုလေယက်ဗ်နာ"

"ကျွန်မ မှတ်မိပါတယ်" လို့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာက ဖြေပါတယ်။

"ကိုယ်တို့ သွားကြရအောင်" လို့ ဘက်ဆိုနော့ဗ်က ဝင်ပြောပြန်တယ်။

"ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့ရှင်။ ရှင့်ဘာသာ ရှင် သွားချင်တဲ့ နေရာကို သွားပါ။ ကျွန်မ ဒီမှာ နေခဲ့ဦးမယ်။ ဂဲလ်ဖရစ်ချ်ရယ် ပြီးတော့ ဘယ်သူပါလိမ့်။ ဪ သိပြီ၊ မွန်ဆီယာ လိုပါတင်၊ ကျွန်မ သူတို့နဲ့ စကားပြောချင်သေးတယ်။ ကျွန်တော် စိတ်ပြေလက်ပျောက် ဖြစ်အောင် နေမလို့"

ဘက်ဆိုနော့ဗ်က တစ်ခုခုထပ်ပြောဖို့ ကြိုးစားပါတယ်။ ဒါကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မြင်ရော သူက စိတ်ဆိုးမာန်ဆိုးနဲ့ "ကျွန်မ ရှင့်ကို စိတ်ကုန်သွားပြီ။ ရှင် သွားစရာရှိတာ သွားတော့၊ ကျွန်မကို ထပ်ပြီး မနှောင့်ယှက်ပါနဲ့တော့"

ဘက်ဆိုနေ့ဗ်ဟာ ချာခနဲ လှည့်ထွက်သွားတယ်။ ဘယ်သူ့ကိုမှ နှုတ်ဆက်မသွားပါဘူး။ "ဒါပဲ ကောင်းတယ်။ သူ မရှိတော့ ပိုကောင်းတာပေါ့" လို့ နာဒက်ဖဒါနီကို လေယက်ဗ်နာက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောတယ်။

"ခင်ဗျားက ဘာပြုလို့ သက်ပြင်းချနေရတာလဲ" လို့ ဂဲလ်ဖရစ်ချ်က မေးတယ်။

"ကျွန်မ သက်ပြင်းချတာက အကြောင်းရှိတယ်။ ဘာကြောင့်လဲဆိုတော့ " သူက စကားကို မဆက်သေးဘဲ ပတ်ဝန်းကျင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ လူစုလူဝေးဆီကို မေးငေါ့ပြတယ်။ ပြီးတော့မှ "ဘာကြောင့်လဲဆိုတော့ ရှင်တို့မြင်နေရတဲ့ အဲဒီစိတ်မနဲ့တဲ့ သတ္တဝါတွေ ရယူနေကြတဲ့ လွတ်လပ်ခွင့်တွေကို သူ မယူသင့်လို့ပါ။ ဒါတွေအားလုံးကို ကျွန်မ အရမ်းရွံတယ်။ စက်ဆုပ်တယ်။ အော့နှလုံးနာတယ်။ ကဲ ကျွန်မတို့ တစ်ခုခု သောက်ကြရအောင် ဂဲလ်ဖရစ်ချ်"

ဂဲလ်ဖရစ်ချ်က ကျွန်တော့်ကို စိတ်မသက်မသာ ဖြစ်နေတဲ့ မျက်နှာထားနဲ့ လှမ်းကြည့်ပါတယ်။ ပြီးတော့ "ကျွန်တော်ကတော့ ဒီကိစ္စကို ဘာမှ ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ သူကတော့ "

"သူက ဘာဖြစ်နေလို့လဲ။ သူလည်း ကျွန်မတို့နဲ့ အတူတူ သောက်မှာပဲ မဟုတ်လား"

"သူက အရက် မသောက်ဘူး"

"ဒါဆိုလည်း ရှင်သောက်ပေါ့"

"သူက ကျွန်တော့်ကို သောက်ခွင့်ပေးမှာ မဟုတ်ဘူး"

"ဒါကတော့ ဆိုးတာပေါ့။ ရှင့်ကို ဘယ်သူ တားမြစ်နိုင်မှာလဲ"

"ကျွန်တော်က သူပြောတဲ့ စကားအတိုင်း လုပ်ပါမယ်လို့ ကတိပေး

www.burmeseclassic.com



သားတယ်''

"ဩော် ဒီလိုလား" လို့ သူက ပြောတယ်။ "အင်း ကျွန်မတို့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိနေတာပဲ။ ရှင် မသောက်ချင်ရင် မသောက်ပါနဲ့ ခုပါတယ်။ ကျွန်မ တစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် သောက်မယ် လေ''

"ကျွန်တော်တို့ချင်း ပထမဆုံး မိတ်ဆွေဖြစ်ရတဲ့နေ့မှာ ဒီလွတ်လပ်ခွင့် တစ်ခုကို ကျွန်တော် ရယူချင်တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ နာဒက်ဖဒါ နီကိုလေယက်ဗ်နာ'' လို့ ကျွန်တော်က ပြောပါတယ်''

"ဆိုပါဦး ရှင့် လွတ်လပ်ခွင့်က ဘာလဲ''

"လူချင်း ပထမဆုံးမိတ်ဆွေ ဖြစ်ရတဲ့နေ့မှာ အရက်မသောက်ဖို့ မေတ္တာ ရပ်ခံချင်ပါတယ်။ အလျှင်ကလုပ်ခဲ့တဲ့ အပြုအမူတွေကိုလည်း မလုပ်စေချင်ပါ ဘူး။ ကျွန်တော့်ကို အကူအညီ တစ်ခုပေးပါလို့လည်း တောင်းပန်ချင်ပါတယ်''

သူ့ရဲ့ မျက်နှာမှာ ဝမ်းနည်းကြေကွဲတဲ့ အရိပ်အငွေ့ ဝင်လာပါတယ်။ "ကျွန်မ အလျှင်ကလုပ်ခဲ့တဲ့ အပြုအမူတွေကို မလုပ်ဖို့ ရှင်က မေတ္တာရပ်ခံ တယ် ဆိုပါတော့ ဟုတ်လား'' လို့ သူက ပြောတယ်။ "ကျွန်မအနေနဲ့ တခြား ရှင်ပြောတဲ့ အပြုအမူမျိုးကလွဲပြီး တခြားအပြုအမူတွေကို မလုပ်တတ် တော့မှာ ကျွန်မ စိုးရိမ်မိတယ်။ အဲသလို အပြုအမူတွေ လုပ်တတ်တဲ့ အလေ့အထထဲက ကျွန်မ ထွက်လာတာ ကြာသွားပြီ။ ဒါပေမဲ့ ရှင့်အတွက် ကျွန်မ ကြိုးစားကြည့်ပါမယ်။ ရှင်ပြောတဲ့ အကူအညီ တစ်ခုဆိုတာက ဘာများပါလိမ့်''

ကျွန်တော်က အထစ်ထစ် အငေါ့ငေါ့နဲ့ ကျွန်တော်လိုချင်တဲ့ ကိစ္စကို ပြောပြတယ်။ သူမကလည်း ကျွန်တော့် မျက်နှာကို သေသေချာချာ စိုက်ကြည့်ပြီး နားထောင်နေပါတယ်။

ကျွန်တော့် စကားလည်းဆုံးရော "ကောင်းပြီလေ''လို့ သူမကပြော တယ်။ "ရှင် ဘာလိုချင်တယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ရှင်လိုချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ကျွန်မမျက်နှာကို ရပါစေမယ်။ ကျွန်မ ရှင့်ဆီကို ဘယ်ရက်လာခဲ့ရမလဲ"

"မနက်ဖြန် ဆယ့်တစ်နာရီ လာနိုင်မယ်ဆိုရင် ကောင်းမှာပဲ"

"သိပ်ပြီး မစောလွန်းဘူးလား။ ဒါဆိုရင် ကျွန်မ စောစောအိပ်ရာဝင်မှ ဖြစ်မှာ။ ရှင် ကျွန်မကို လိုက်ပို့ပေးမလား ဂဲလ်ဖရစ်ချ်"

"ကျွန်တော် တစ်ခုပြောရဦးမယ်" လို့ ကျွန်တော်က ပြောတယ်။ "ကျွန်တော်တို့ မစီစဉ်ရသေးတာ တစ်ခု ရှိနေပါသေးတယ်။ ဒီကိစ္စမှာ ဘာအကျိုးကျေးဇူးမှ မရှိဘဲ လုပ်ပေးရမှာ မဟုတ်ပါဘူး"

"ဩော် ရှင်က ကျွန်မ ဒီကိစ္စမှာ ကူညီရတဲ့အတွက် အခကြေးငွေ ပေးမယ် ဆိုပါတော့ ဟုတ်လား" လို့ ပြန်မေးတယ်။ သူ့ရဲ့ လေသံက မာန်မာန မကင်းတဲ့ လေသံပါ။

"ဟုတ်တယ်။ ခင်ဗျားမယူရင် ကျွန်တော်ကလည်း ခင်ဗျားပေးတဲ့ အကူအညီကို မယူနိုင်ဘူး" လို့ အနိုင်အမာ ပြန်ပြောတယ်။

သူက ကျွန်တော့်ကို ခပ်တင်းတင်း ခပ်မာမာ မျက်နှာထားနဲ့ ကြည့်နေတယ်။ နောက်တစ်ခဏ အတွင်းမှာပဲ သူ့ရဲ့မျက်နှာထားဟာ ပြောင်းသွားပြီး တစ်စုံတစ်ရာကို စဉ်းစားသလို ဖြစ်သွားတယ်။ အားလုံး ငြိမ်ဆိတ်နေကြတယ်။ သူ့ရဲ့ပါးတွေဟာ ပန်းရောင်သန်းလာတယ်။ မျက်လုံးတွေကလည်း အရောင်ထွက်လာတယ်။

"ကောင်းပြီလေ" လို့ သူက ပြောတယ်။ "ရှင်က ပေးချင်တယ်ဆိုရင်လည်း ပေးပေါ့။ ပေးရင်လည်း တခြားကိုယ်ဟန်ပြမယ်တွေကို ပေးသလိုပဲ ပေးပေါ့။ ချာလော့တီပုံအတွက် ကျွန်မဘယ်လောက်ရမယ် ထင်သလဲ ဂဲလ်ဖရစ်ချ်"

"ရှာဘယ်ခြောက်ဆယ်လောက် ရမယ် ထင်တယ်" လို့ ဂဲလ်ဖရစ်ချ်က ပြောတယ်။

"ရှင် ဘယ်လောက်ကြာကြာ ဆွဲမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်လ"

"ကောင်းပါတယ်" လို့ သူက ရှင်မြူးတဲ့လေသံနဲ့ ပြန်ပြောတယ်။ "ကျွန်မ ကြိုးစားပြီး ထိုင်ပေးမယ်။ ရှင် ပေးမယ့်ငွေကိုလည်း ယူမယ်။ ရှင့်ကို ကျေးဇူးတင်တယ်"

သူက ကျွန်တော့်လက်ကို လှမ်းဆွဲပြီး ဆုပ်ကိုင်ဖျစ်ညှစ်ထားတယ်။ ပြီးတော့ ဂဲလ်ဖရစ်ချ်က ရှင့်ဆီမှာ အိပ်သလား" လို့ မေးတယ်။

"ဟုတ်တယ်၊ အိမ်မှာ အိပ်တယ်"

"သူ့ကို ခေါ်သွားရင် မကြာစေရပါဘူး။ အိမ်ပြန်ပို့ရုံ သက်သက်ပါ"

နောက် နာရီဝက်လောက်အတွင်းမှာ ကျွန်တော်ဟာ အိမ်ပြန်ရောက်သွားတယ်။ ငါးမိနစ်လောက်ကြာတော့ ဂဲလ်ဖရစ်ချ် ပြန်ရောက်လာတယ်။ ကျွန်တော်တို့ဟာ အဝတ်တွေလဲပြီး ချက်ချင်း အိပ်ရာဝင်ခဲ့ကြတယ်။ ဖယောင်းတိုင်တွေကိုလည်း မှုတ်ပစ်လိုက်ကြတယ်။ ကျွန်တော်ဟာ တဖြည်းဖြည်းနဲ့ အိပ်ပျော်လုနီးပါး ဖြစ်လာနေပြီ။

"ခင်ဗျား အိပ်ပြီလား လိုပါတင်" ဆိုတဲ့ အသံဟာ အမှောင်ထုထဲက ထွက်လာတယ်။

"မအိပ်သေးပါဘူး။ ဘာဖြစ်လို့လဲ"

"ဒီအမျိုးသမီးကို ပျော်အောင်လုပ်ဖို့အတွက် ကျွန်တော့်ရဲ့ ဘယ်ဘက်လက်ကို ဖြတ်ပစ်ချင်တယ်" လို့ ပြောတယ်။

"ဘာကြောင့် ညာဘက်လက်ကို မဖြတ်ရတာလဲ" လို့ ကျွန်တော်က အိပ်ချင်မူးတူးသံနဲ့ ပြန်မေးမိတယ်။

"တော်တော်တုံးတဲ့ လူပါလား။ ညာဘက်လက်ကို ဖြတ်ပစ်ရင် ကျွန်တော် ပန်းချီကို ဘာနဲ့ဆွဲရတော့မှာလဲ" လို့ သူက ပြန်ဖြေပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

၆

နောက်နေ့ ကျွန်တော် အိပ်ရာက နိုးလာတော့ ဖြူပြာပြာ မနက်ခင်းဟာ ပြတင်းပေါက်ကနေပြီး လှမ်းကြည့်နေတာ တွေ့ရတယ်။ ဆိုဖာပေါ်မှာ အိပ်မောကျနေတဲ့ ဂဲလ်ဖရစ်ချ်ရဲ့ မျက်နှာကို လှမ်းကြည့်မိတယ်။ မနေ့ညက အဖြစ်ကို သတိရလာတယ်။ ကျွန်တော့် ပန်းချီကားကို ဆက်ဆွဲဖို့ ကိုယ်ဟန်ပြမယ် တစ်ယောက်တော့ ရပြီ။ ကျွန်တော်ဟာ တစ်ဖက်ကို စောင်းလိုက်တယ်။ စောစောစီးစီး အိပ်ရေးကို ပြန်နှစ်မယ်ဆိုတဲ့ စိတ်ကူးကြောင့်ပါ။

"လိုပါတင်" လို့ ခေါ်လိုက်တဲ့ အသံတစ်သံ ကြားရပါတယ်။

အိပ်ပျော်နေရင်းနဲ့ ကြားရတဲ့အသံပါ။ အိပ်မက်လိုလို ဘာလိုလို ဖြစ်နေတော့ ကျွန်တော့်ပခုံးကိုကိုင်ပြီး လှုပ်နှိုးနေတာတောင်မှ ရုတ်တရက် မနိုးဘူး။

"ဟေ့လူ လိုပါတင်။ ထတော့ဗျာ" လို့ အသံက ပြောနေပါတယ်။

ကျွန်တော် လူးလဲထလိုက်ပါတယ်။ လာနှိုးနေတဲ့ လူက ဘက် ဆီ နေ့ဗ်ပါ။

"ဘက်ဆိုနေ့ဗ်ပါလား"

"ဟုတ်တယ်။ ဒီလောက်စောစောကြီး ကျွန်တော် ရောက်လာလိမ့်မယ်လို့ ခင်ဗျား မျှော်လင့်မှာမဟုတ်ဘူး" လို့ သူက နှစ်ကိုယ်ကြားလေသံနဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးပြောတယ်။ "ကျွန်တော်တို့ စကားပြောရင် တိုးတိုးပြောကြရအောင်။ ကျွန်တော် ဟိုခါးကုန်း နိုးမသွားစေချင်ဘူး"

"ခင်ဗျား ဘာလိုချင်လို့လဲ"

"အဝတ်လဲဗျာ။ ကျွန်တော် ပြောမယ်။ ဟိုဘက်ခန်းမှာ သွားပြောကြရအောင် ဟိုငနဲကိုတော့ အိပ်နေပါစေ"

ကျွန်တော်ဟာ ရှပ်အင်္ကျီ ဘောင်းဘီနဲ့ ရှူးဖိနပ်တွေကို ချိုင်းကြားညှပ်ပြီး တော့ဒီယိုထဲမှာ အဝတ်လဲပါတယ်။ ဘက် ဆိုနေ့ဇ်ရဲ့ မျက်နှာက ဖြူရော်ရော် ချော့တော့တော့ ဖြစ်နေတယ်။ "ခင်ဗျားကြည့်ရတာ ညက တစ်ညလုံး အိပ်ခဲ့ဘူးထင်တယ်"လို့ ကျွန်တော်က ပြောတော့ "ဟုတ်တယ်၊ မအိပ်ဘူး။ ကျွန်တော် အစောကြီး အလုပ်လုပ်သေးတယ်။ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့။ ခင်ဗျားရဲ့ ပန်းချီကားကိုလည်း ကျွန်တော် ကြည့်ပါ နေစလား" လို့ သူက ပြန်ပြောတယ်။

"အခု မကြည့်ပါနဲ့ဦး ဘက်ဆိုနေ့ဇ်ရာ။ ဒီကားကို မကြာခင် ကျွန်တော် အပြီးသတ်တော့မှာပါ။ အဲဒီကျတော့ ကားက အကောင်းဆုံး အဆင့်ကို ရောက်နေမှာပါ ခင်ဗျားကတော့ ခင်ဗျား မလုပ်စေချင်တဲ့ဟာကို လုပ်ရမလား ဆိုပြီး ကျွန်တော့်အပေါ် ကျေနပ်ချင်မှ ကျေနပ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့် ကားကို အပြီးသတ်နိုင်တဲ့ အခွင့်အရေးရလို့ ကျွန်တော် ဘယ်လောက်ဝမ်းသာ နေသလဲဆိုတာ ခင်ဗျား သိမယ်မထင်ဘူး။ ကျွန်တော့်အနေနဲ့ နာဒက်ဇဒါ ကိုလေ ယက်ဇ်နာလောက် ကျွန်တော့်ကားနဲ့ သင့်တော်တဲ့ ကိုယ်ဟန်ပြမယ် ထို ရလာလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့ဘူး"

"ကျွန်တော်ကတော့ သူ့ကို ခင်ဗျား ပန်းချီဆွဲတာ ခွင့်မပြုချင်ဘူး"လို့ သူက ဒေါသကို ထိန်းချုပ်ထားတဲ့လေသံနဲ့ ပြောတယ်။

"ခင်ဗျား ဒီကိုလာတာ။ ကျွန်တော်နဲ့ ရန်ဖြစ်ဖို့လား"

"ခင်ဗျားဆီကို သူ နေ့စဉ်လာနေတာနဲ့ နာရီပေါင်းများစွာ ခင်ဗျားနဲ့ ဆိုင်နေတာကို ကျွန်တော် လက်မခံနိုင်ဘူး။ လုံးဝ သူ့ကို ခွင့်မပြုနိုင်ဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက သူ့အပေါ် ဩဇာလွှမ်းနေနိုင်လို့လား။ ခင်ဗျား သူ့ကို တားမြစ်ပိတ်ပင်နိုင်မှာလား။ ကျွန်တော့်ကိုရော ခင်ဗျားက ပိတ်ပင်တားမြစ် နိုင်မယ်လို့ ထင်သလား" လို့ တဖြည်းဖြည်းချင်း စိတ်တိုစိတ်ဆိုး ဖြစ်လာနေတဲ့ ကျွန်တော်က တင်းတင်းမာမာ လေသံနဲ့ ပြန်မေးတယ်။

"ဩဇာ။ ဘာဩဇာလဲ။ ဩဇာ မလိုပါဘူး။ သူ ဘာလဲဆိုတာ သူ့ကိုယ်သူ ပြန်ပြီး သတိရလာအောင် ကျွန်တော်က သတိပေးရမှာပဲ။ ခင်ဗျားဘာဆိုတာလဲ သူ့ကို ပြောပြရမှာပဲ။ ခင်ဗျားရဲ့ ညီမဝမ်းကွဲ ဆိုဖီယာမစ်ဟေး လော့ဗ်နာ အကြောင်းကိုလည်း မပြောဘဲ မနေဘူး ပြောပြရမှာပဲ"

"ဒီကိစ္စထဲမှာ ကျွန်တော့်ညီမကို ဆွဲမထည့်ပါနဲ့။ တကယ်လို့ ဒီမိန်းမကို ခင်ဗျား ပိုင်ဆိုင်ခွင့် ရှိနေတယ်ဆိုရင် သို့မဟုတ် ခင်ဗျား ဒီမိန်းမနဲ့ပတ်သက်ပြီး ပြောပြသမျှဟာ အမှန်တွေချည်းပဲဆိုရင် သို့မဟုတ် ဒီမိန်းမဟာ ခင်ဗျား ပြောသလို အကျင့်ပျက်နေတဲ့ မိန်းမဖြစ်နေလို့ ယောကျ်ား တစ်ဒါဇင်လောက် က ခင်ဗျားလိုပဲ သူ့ကို ပိုင်ဆိုင်ခွင့် ရှိနေကြတယ်ဆိုရင် ဒါက ခင်ဗျားတို့နဲ့ သူ့ရဲ့ ပြဿနာပါ။ ကျွန်တော့် ညီမနဲ့ ဘာမှမပတ်သက်ဘူး။ ဘာမှ မဆိုင်ဘူး။ အဲဒီတော့ သူ့ကို ကျွန်တော့်ညီမအကြောင်းပြောတာ ကျွန်တော် လက်မခံ နိုင်ဘူး။ ခင်ဗျား မပြောဖို့ ကျွန်တော်တားတယ်။ ခင်ဗျား အခု ကျွန်တော် ပြောတာကို ကြားသလား"

ကျွန်တော့် အသံဟာ ဒေါသအရှိန်နဲ့ ဟိန်းထွက်လာတယ်။ တုန်လည်း တုန်နေတယ်။ သူ လုပ်နေပုံကြောင့် ကျွန်တော်ဟာ ဒေါသအိုး ပေါက်ကွဲ တော့မယ့် အနေအထားကို ရောက်စပြုလာနေပြီ။

"အိုး ဟိုး ဟိုး ခင်ဗျားက ခင်ဗျားရဲ့ ခြေသည်းလက်သည်းတွေကို ထုတ်ပြလာနေသကိုး။ ခင်ဗျားမှာ အဲဒါတွေ ရှိနေတာ။ ကျွန်တော်က မသိခဲ့ပဲကိုး။ ဟုတ်ပါပြီ။ ခင်ဗျား ပြောတာ မှန်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆိုဖီယာ မစ်ဟေးလော့ဗ်နာအကြောင်း ပြောပိုင်ခွင့် မရှိဘူး။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အခုကိစ္စမှာက . . . ''

သူဟာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေပါတယ်။ သူ သိပ်ပြီး စိတ်လှုပ်ရှားနေတာကို ကျွန်တော် မြင်နေရပါတယ်။ ဘာပြုလို့ ဒီကိစ္စမှာ ဒီလူ အခုလောက် စိတ်လှုပ်ရှားနေရတာလဲ။ ကျွန်တော် စဉ်းစားလို့ မရပါဘူး။ ကျွန်တော်နဲ့သူ ဒီကိစ္စကို ပထမဆုံးအကြိမ် ပြောခဲ့တုန်းက သူပြောခဲ့တဲ့ စကားလုံးတွေနဲ့ လေသံတွေဟာ ဟိုအမျိုးသမီးနဲ့ ပတ်သက်လို့ အခုလို ပြောင်ကျတဲ့ စကားမျိုးတွေကို မဖော်ပြခဲ့ပါဘူး။ အခုကျတော့ ဘာကြောင့် ဒီလို ပြောဆိုလာရတာလဲ ကျွန်တော် အံ့သြလို့မဆုံးဘူး။

''ဒီမယ် ဘက်ဆိုနော့ဗ်၊ ခင်ဗျား သူ့ကို ချစ်နေသလား''

သူဟာ ဖျတ်ခနဲ ရပ်လိုက်ပြီး ကျွန်တော့်ကို တစ်ချက် စူးစူးဝါးဝါး ကြည့်နေတယ်။ ပြီးတော့ ''ကျွန်တော် လုံးဝ မချစ်ဘူး'' လို့ ပြန်ပြောတယ်။

''ဒါဆိုရင် ခင်ဗျား သူ့အတွက် ဘာများသောကရောက်စရာ ရှိလို့လဲ။ ဘာကြောင့် ဒီလောက်ကြီး ယောက်ယက်ခတ် ဖြစ်နေရတာလဲ။ ခင်ဗျားအနေနဲ့ ဒီမကောင်းဆိုးဝါးမရဲ့ လက်ထဲကို ကျွန်တော်ကျသွားမှာ စိုးရိမ်လို့ဆိုတဲ့ အချက်မျိုးကိုတော့ ကျွန်တော့်ဘက်က ယုံကြည်လက်ခံလိမ့်မယ်လို့ မမျှော်သင့်နဲ့ အလကားပဲ''

''ဒါက ကျွန်တော့်ကိစ္စပါ'' လို့ သူက ပြောတယ်။ ''ဒါပေမဲ့ ခင်ဗျားသိအားဖို့က တရားတဲ့နည်းနဲ့ပဲဖြစ်ဖြစ်၊ မတရားတဲ့နည်းနဲ့ပဲဖြစ်ဖြစ် ခင်ဗျား အတွက်တော့ ကာကွယ်ရမှာပဲ။ ကျွန်တော်ကတော့ လုံးဝ မဖြစ်မခံနိုင်ဘူး ကိုယ့်လူ။ ကျွန်တော်ပြောတာ ခင်ဗျား ကြားတယ်မဟုတ်လား''

သူက ဒေါသတကြီးအော်လိုက်တော့ ကျွန်တော့်ခေါင်းဟာ ထူပူသွားတယ်။ ကျွန်တော်ရပ်နေတဲ့နားက ထောင့်ထဲမှာ ကင်းဗတ်စတွေ၊ စုတ်တံတွေ၊ ပန်းချီတင်ခုံ အကျိုးအပဲ့တွေ၊ သစ်တိုသစ်စတွေ ရှိနေတယ်။ အဲဒီပစ္စည်းတွေ ရဲ့ကြားမှာ ထိပ်ဘက်က သံချွန်တပ်ထားတဲ့ တုတ်တစ်ချောင်း ရှိနေတယ်။ ဒီတုတ်က နွေရာသီ အပြင်ထွက်ပြီး ပန်းချီဆွဲတဲ့အခါတွေမှာ နေရောင်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းလွန်းရင် အမိုးအကာတပ်ဖို့ လုပ်ထားတဲ့ တုတ်ပါ။ ကျွန်တော်ဟာ အဲဒီတုတ်ကို ကောက်ယူပြီး ကြမ်းပြင်ကို တအားထိုးချလိုက်တယ်။ သံချွန်ဟာ ကြမ်းပြင်ထဲကို အနက် တစ်လက်မလောက် စိုက်ဝင်သွားတယ်။

ကျွန်တော် စကားတစ်ခွန်းမှ မပြောဘူး။ ဘက်ဆိုနော့ဗ်ဟာ ကျွန်တော့်ကို အံ့အားသင့်ပြီး ကြည့်နေတယ်။ "ဂွဒ်ဘိုင် လိုပါတင်"လို့ နှုတ်ဆက်တယ်။ "ကျွန်တော် သွားတော့မယ်၊ ကျွန်တော့်ကြောင့် ခင်ဗျားလည်း အတော် အလုပ် များသွားပြီ"

ကျွန်တော့်စိတ်ဟာ ပြန်ပြီး အေးဆေးတည်ငြိမ်လာတယ်။ "မသွားနဲ့ဦး ဗျာ၊ ခဏတော့ နေပါဦး" လို့ ကျွန်တော်က တားပေမယ့် မရဘူး။

"ဝမ်းနည်းပါတယ်ဗျာ။ ကျွန်တော် သွားမှဖြစ်မှာ ဂွဒ်ဘိုင်"

သူ အခန်းထဲက ထွက်သွားတယ်။ ကျွန်တော်ကတော့ ကြမ်းပြင်မှာ စိုက်ဝင်နေတဲ့ သံချွန်တုတ်ကို ပြန်ဆွဲနုတ်လိုက်တယ်။ သံချွန်ကို လက်နဲ့စမ်း ကြည့်မိတယ်။ အတော့်ကို ကြောက်စရာကောင်းတဲ့ လက်နက်ပါလား။ လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ ပွဲချင်းပြီးသွားနိုင်လောက်တဲ့ လက်နက် တစ်ခုပဲ။

ဂဲလ်ဖရစ်ချ်ဟာ အကယ်ဒမီကျောင်းဘက်ကို ထွက်သွားတယ်။ ကျွန်တော်ကတော့ စိတ်အေးနားအေးနဲ့ပဲ ကျွန်တော်ရဲ့ ကိုယ်ဟန်ပြမယ့် ရောက်အလာကို စောင့်နေတယ်။ ကင်းဗတ်အသစ်နှင့် စုတ်တံတွေကို အဆင်သင့် ပြင်ထားပါတယ်။

အဲဒီအချိန်က ကျွန်တော့်စိတ်ဟာ ကျွန်တော် ပန်းချီကားရေးဆွဲဖို့ တစ်ခုတည်း အပေါ်မှာသာ အာရုံရှူးစိုက်နေတယ်လို့ မပြောနိုင်ပါဘူး။ မနေ့ ညက ထူးဆန်းပြီး မတွေ့ဖူး မမြင်ဖူးခဲ့တဲ့ ပတ်ဝန်းကျင်၊ မယုံကြည်နိုင်လောက်တဲ့ ကံကောင်းသော တွေ့ဆုံမှု။ ထူးဆန်းတဲ့ မိန်းမ၊ အကျင့်စာရိတ္တပျက်ပြားနေတဲ့ မိန်းမ။ ဒီမိန်းမဟာ ကျွန်တော်ရဲ့ ကြင်နာမှုနဲ့ စာနာမှုကို တွေ့တွေ့ချင်း ရသွားခဲ့တယ်။ ပြီးတော့ အလွန်ထူးဆန်းလှတဲ့ ဘက်ဆိုနော့ဗ်ရဲ့ အပြုအမူ

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော့်ကို ဘာဖြစ်စေချင်နေတာလဲ။ ဟိုအမျိုးသမီးကို သူ မချစ်ဘူး လို့ ပြောတယ်။ အဲဒါ တကယ်ပဲလား။ ဘာပြုလို့ ဒီမိန်းမအပေါ်မှာ အထင် သေး အမြင်သေး ဖြစ်နေရတာလဲ။ သူ ကယ်တင်ချင်စိတ်ရှိရင် ဒီမိန်းမကို ကယ်တင်နိုင်ဘူးလား။

ခေါင်းထဲမှာ အတွေးပေါင်းစုံ ဝင်နေပေမဲ့ ကျွန်တော့်လက်ကတော့ တင်းဗတ်ပေါ်မှာ လှုပ်ရှားနေပါတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ ရောက်လာရင် ဘယ်လို ကိုယ်ဟန်ပြနိုင်းရင် ကောင်းမလဲဆိုတာ စဉ်းစားပြီး ပုံစံ အမျိုးမျိုးကို ပုံကြမ်းဆွဲကြည့်နေတာပါ။ တစ်ခုဖျက်လိုက်။ နောက်တစ်ခု ပြန်ဆွဲလိုက်။ ပြီးတော့ ပြန်ဖျက်လိုက်။

အချိန် အတိအကျပဲ။ ဆယ့်တစ်နာရီတိတိမှာ အိမ်ရှေ့က ဘဲလ်တီးသံ မြည်လာတယ်။ တစ်မိနစ်လောက်ကြာတော့ ကျွန်တော့် အခန်းဝမှာ သူ ရပ်နေတယ်။ ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်။ သူ့ရဲ့ မျက်နှာဟာ ဖြူရော်ရော် ဖြစ်နေတယ်။ စိတ်လှုပ်ရှားနေပုံလည်း ရတယ်။ သူ့ကြည့်ရတာ အခန်းထဲကို မဝင်ရဲသလိုဘဲ အမှန်တော့ နောက်ပိုင်းကာလမှာ သူ့ရဲ့စိတ် သာယာ ပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိခဲ့တဲ့ အခန်းပါ။ သူ့ရဲ့ဘဝမှာ တဒင်္ဂ သာယာချမ်းမြေ့မှုကလေးနဲ့ ကြုံခဲ့ရတဲ့အခန်းပါ။ သူမရဲ့ဘဝ အဆုံးသတ်သွား ခဲ့ရတဲ့ အခန်းပါ။ သူမရဲ့ ဘဝအဆုံးသတ်ပုံဟာ ဘက်ဆိုနော့ဗ် ပြောခဲ့တဲ့ အဆုံးသတ်ပုံမျိုးတော့ မဟုတ်ပါဘူး။ ဒီအကြောင်းကို ကျွန်တော် ရေးမပြနိုင်ပါ ဘူး။ ကျွန်တော့်စိတ် တည်ငြိမ်အေးဆေးသွားတဲ့ အချိန်အထိတော့ ကျွန်တော် စောင့်ရပါလိမ့်ဦးမယ်။

■

www.burmeseclassic.com

www.burmeseclassic.com

# ၇

စိတ်မချမ်းမြေ့စရာကောင်းတဲ့ အကြောင်းအရာတွေကို ကျွန်တော် မှတ်တမ်းတင်နေတာ ဆွန်ယာ မသိပါဘူး။ သူဟာ နေ့စဉ် ရောက်လာပြီး ကျွန်တော်ရဲ့ အိပ်ရာဘေး သို့မဟုတ် ပက်လက်ကုလားထိုင်ဘေးမှာ ထိုင်ပေးရှာပါတယ်။ ကျွန်တော့် သူငယ်ချင်း ဂဲလ်ဖရစ်ချ်ကလည်း ကျွန်တော့်ဆီကို မကြာမကြာ ရောက်လာတတ်ပါတယ်။ သူဟာ အလျင်ကထက် အများကြီး ပိန်ချုံးလာတယ်။ စကားလည်း သိပ်နည်းသွားတယ်။ ဆွန်ယာကတော့ သူဟာ အလုပ်ကို အလွန်အပင်ပန်းခံပြီး လုပ်နေရရှာတယ်လို့ ပြောပါတယ်။ ကျွန်တော်ကတော့ သူ့ကို ကံကောင်းပါစေ၊ အောင်မြင်ပါစေလို့ ဆုတောင်းနေပါတယ်။

အဲ ဟိုနေ့က ဟုတ်ပါတယ်။ အဲဒီနေ့ကပါ။ ကျွန်တော် မေ့မသွားသေးပါဘူး။ အဲဒီနေ့က–

သူဟာ ပေးထားတဲ့ ကတိအတိုင်း အချိန်အတိအကျ ဆယ့်တစ်နာရီ တိတိမှာ ရောက်လာတာပါ။ ကျွန်တော်က ဆီးနှုတ်ဆက်လိုက်တော့ ရှက်ရွံ့နေတဲ့ မျက်နှာထားနဲ့ ပြန်နှုတ်ဆက်ပြီး အခန်းထဲကို မဝံ့မရဲခြေလှမ်းတွေနဲ့ ဝင်လာပါတယ်။ ပြီးတော့ စတူဒီယိုခန်းရဲ့ ထောင့်တစ်ထောင့်မှာ ချထားတဲ့ လက်တင်ကုလားထိုင်မှာ ငြိမ်ငြိမ်ဆိတ်ဆိတ်ကလေး ဝင်ထိုင်ပါတယ်။

"အတော့်ကို အချိန်တိကျတာပဲနော်" လို့ ကျွန်တော်က ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆေးစပ်ပြားကလေးပေါ်မှာ ဆေးတွေ စတင်ပါတယ်။ သူကတော့ ကျွန်တော့်ကို လှမ်းကြည့်နေပေမယ့် ဘာစကားမှ ပြန်မပြောပါဘူး"

"အခုလို ကိုယ်ဟန်ပြပေးဖို့ သဘောတူလိုက်တဲ့အတွက် နာဒက်ဇေါကို ဘယ်လို ကျေးဇူးတင်ရမှန်း မသိတော့ဘူး" လို့ ကျွန်တော်က ပြောပါတယ်။ ဘာကြောင့်ရယ်တော့ မသိပါဘူး။ ကျွန်တော့်မျက်နှာဟာ ရှက်စိတ်နဲ့ နီရဲနေပါတယ်။ အမှန်တော့ ပြောလိုက်တဲ့စကားတွေဟာ ကျွန်တော် ပြောချင်တဲ့ စကားတွေ မဟုတ်ပါဘူး "သင့်တော်မယ့် ကိုယ်ဟန်ပြမယ်တစ်ယောက် ရှာနေတာ ကြာပြီ။ ရုတ်တရက် မရလို့ ဆွဲဖို့စိတ်ကူးထားတဲ့ ပန်းချီကား ကိုတောင် မဆွဲတော့ဘဲ ရပ်ပစ်တော့မလို့ စဉ်းစားထားပြီ" လို့ ကျွန်တော်က ဆက်ပြောတယ်။

"ကိုယ်ဟန်ပြမယ်တွေ အကယ်ဒမီမှာ အများကြီးရှိတယ် မဟုတ်လား" လို့ သူက မေးတယ်။

"ရှိတော့ ရှိတယ်။ ဒါပေမဲ့ ကိုယ်နဲ့ မကိုက်ဘူး။ ဒီမျက်နှာကို ကြည့်စမ်းပါ"

ကျွန်တော်က စားပွဲပေါ်မှာ ပစ်တင်ထားတဲ့ စာရွက်အတိုအစတွေကြား က အင်နာအီဗန်နော့ဗ်နာရဲ့ ဓာတ်ပုံကိုယူပြီး သူ့ကို လှမ်းပေးလိုက်တယ်။ သူက ဓာတ်ပုံကိုကြည့်ပြီး မသိမသာကလေး ပြုံးတယ်။

"ဟုတ်တယ်၊ ဒီမျက်နှာက ရှင်လိုချင်တဲ့ မျက်နှာမျိုး မဟုတ်ဘူး" လို့ သူက ပြောတယ်။ "ဒီမျက်နှာက ချာလော့တီ ကော်ဒေးမှ မဟုတ်ဘဲ"

"မင်း ချာလော့တီ ကော်ဒေးရဲ့ ဇာတ်လမ်းကို သိတယ်မဟုတ်လား" လို့ ကျွန်တော်က မေးတယ်။

သူက ကျွန်တော့်ကို ထူးဆန်းတဲ့အကြည့်နဲ့ ကြည့်နေတယ်။ အံ့အားသင့်ခြင်းရယ်၊ အခံရခက်ခြင်းရယ် ပေါင်းစပ်ဖော်ပြနေတဲ့ အကြည့်ပါ။

"ကျွန်မက ဘာကြောင့် သူ့ဇာတ်လမ်းကို မသိရမှာလဲ" လို့ ပြောတယ်။ "ကျွန်မဟာ ကျောင်းနေဖူးခဲ့တဲ့ လူပါ။ ဒီဘဝကို ရောက်လာတော့

www.burmeseclassic.com



လည်း တချို့အပိုင်း အတော်များများကို မေ့သွားပြီ။ ဒါပေမဲ့ မှတ်မိသင့် သလောက်တော့ မှတ်မိနေတုန်းပါ။ ဒီလို အဖြစ်အပျက်မျိုးတွေကို ဘယ်သူမှ လွယ်လွယ်နဲ့ မေ့သွားနိုင်တာမှ မဟုတ်တာ''

''မင်း ဘယ်ကျောင်းတက်ခဲ့တာလဲ နာဒက်ဇေါ်နီကို လေယက်ဗ်နာ''

''ရှင်က ဘာကြောင့် သိချင်ရတာလဲ။ ရှင့်မှာ တာဝန်မလေးဘူးဆိုရင် ကျွန်မတို့ လုပ်စရာရှိတာ လုပ်ကြစို့လား''

သူ့ရဲ့ လေသံဟာ ချက်ချင်း ပြောင်းသွားတယ်။ လေသံက ခပ်ပြတ်ပြတ် ခပ်မာမာ ဖြစ်သွားတယ်။ မနေ့ညက ဘက်ဆိုနေ့ဗ်နဲ့ ပြောကြတုန်းက လေသံပါ။

ကျွန်တော် ပါးစပ်ပိတ်ပြီး နှုတ်ဆိတ်သွားပါတယ်။ ဗီရိုထဲက နက်ပြာ ရောင်ဝတ်စုံ၊ ဦးထုပ်နဲ့ လိုအပ်တဲ့ တခြားပစ္စည်းတွေကို ထုတ်ယူလိုက်ပါတယ်။ ဒါတွေဟာ ချာလော့တီရဲ့ ဝတ်စုံတွေပါ။ စောစောကတည်းက ကျွန်တော် ကိုယ်တိုင် အပ်နှံပြီး ချုပ်လုပ်ထားတာပါ။ ကျွန်တော်က ပစ္စည်းတွေကို သူ့လက်ထဲပေးပြီး ဟိုဘက်ခန်းထဲမှာ သွားလဲပါလို့ ပြောပါတယ်။ သူ ပြန်ထွက်လာချိန်မှာ ကျွန်တော်ဟာ ပန်းချီရေးဆွဲဖို့ အဆင်သင့် ဖြစ်နေပါပြီ။

ကျွန်တော် ရေးဆွဲရမယ့် ရုပ်လွှာဟာ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ ရပ်လို့ နေပါပြီ။ ''အို အံ့ဩစရာပါပဲ'' လို့ အလွန် ကြည်နူးချမ်းမြေ့တဲ့ စိတ်နဲ့ ကျွန်တော် ရေရွတ်မိပါတယ်။ ''အံ့ဩစရာ မကောင်းပေဘူးလား။ ကိုယ်တို့ နှစ်ယောက် အလျင်က မတွေ့ခဲ့ဖူးဆိုတာ ဟုတ်မှဟုတ်ရဲ့လား။ နာဒက်ဇေါ် နီကိုလေ ယက်ဗ်နာရယ်။ ကိုယ်ဆွဲမယ့် ပန်းချီကားနဲ့ ပတ်သက်လို့ ကိုယ်အမြဲတစေ စိတ်ကူးယဉ်နေတဲ့ အနေအထားဟာ အခု မင်းရပ်နေတဲ့ ပုံအတိုင်းပါပဲ။ ကိုယ် မင့်ကို တစ်နေရာရာမှာ မြင်ဖူးခဲ့တယ်လို့ ထင်တယ်။ မင့်မျက်နှာဟာ ကိုယ့် မှတ်ဉာဏ်ထဲက တစ်နေရာမှာ စွဲစွဲမြဲမြဲ ထင်နေပါတယ်။ ကိုယ် မင့်ကို ဘယ်နေရာမှာ မြင်ဖူးခဲ့တာပါလိမ့်။ ကိုယ့်ကို ပြောပြနိုင်ရင် ပြောပြပါလား''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘယ်နေရာမှာ ရှင်မြင်ခဲ့ရမှာလဲ" လို့ သူက ပြန်ပြောပါတယ်။ "ကျွန်မတော့ မသိဘူး။ ကျွန်မ ရှင့်ကို မနေ့ကမှ တွေ့ဖူးတာပါ။ ရှင် ဆွဲမှာဖြင့် ဆွဲပါတော့။ ကျွန်မ ဘယ်လိုရပ်ပေးရမလဲ ဆိုတာတော့ ပြပါဦး"

ကျွန်တော်က သူ့ကို အနေအထားပြင်ပြီး ရပ်ဖို့ ခိုင်းတယ်။ သူ့ရဲ့ ဝတ်စုံ အတွန့်အခေါက်နဲ့ ကျနေပုံတွေကို ကျွန်တော် လိုချင်သလို ပြုပြင်ပေးတယ်။ သူ့ရဲ့ လက်တွေကို မသိမသာ ထိမိကိုင်မိပါတယ်။ ပြီးတော့ ကျွန်တော့် ပန်းချီကားတင်ခုံဆီ ပြန်လာခဲ့ပါတယ်။

သူကတော့ ကျွန်တော့်ရှေ့မှာ ရပ်နေပါပြီ။ မကြာခင်မှာပဲ သူဟာ ကျွန်တော့်ရဲ့ ရှေ့တည့်တည့် ကင်းဗတ်ပေါ်မှာ ရပ်နေပါပြီ။ သူဟာ ကင်းဗတ်ထဲကနေပြီး ကျွန်တော့်ကို ကြည့်နေပါတယ်။ တကယ့် အသက်ဝင်နေတဲ့ နာဒက်ဖေါလို့ ထင်ရပါတယ်။ သူ့ရဲ့မျက်နှာဟာ သနားစရာ မျက်နှာပါ။

ကျွန်တော်ဟာ ကာဗွန်နဲ့ ဆွဲထားတဲ့ပုံကြမ်းကို ဖျက်ပစ်လိုက်ပါတယ်။ ချက်ချင်းပဲ ပုံကို စဆွဲပါတယ်။ အလျှင်တုန်းကရော နောက်ပိုင်းကာလတွေမှာရော အခုတစ်ကြိမ်လောက် မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက် အလုပ်လုပ်နိုင်ခဲ့တာ ကျွန်တော် မကြုံဖူးသေးပါဘူး။ အချိန်ကုန်တာ သိပ်ကိုမြန်ပါတယ်။ တစ်နာရီကျော်ကျော်လောက် ကြာတော့မှ ကျွန်တော့်မှာ သတိဝင်လာတယ်။ ကျွန်တော့် ကိုယ်ပဟန်ပြမယ်ရဲ့ မျက်နှာကို မော့ကြည့်လိုက်တော့ မလှုပ်မယှက်ရပ်နေတဲ့ ပင်ပန်းမှုဒဏ် ခံနေရတာကို ကျွန်တော်မြင်ရပါတယ်။

ကျွန်တော်က အလုပ်ကိုရပ်လိုက်ပြီး သူ့ဆီကို အပြေးအလွှား ရောက်သွားပါတယ်။ သူ ရပ်နေတဲ့စင်ပေါ်က အသာတွဲပြီး အောက်ကို ခေါ်လာခဲ့ပါတယ်။ ပြီးတော့ ပက်လက်ကုလားထိုင်ပေါ် ထိုင်ခိုင်းပါတယ်။ "ကိုယ့်ကြောင့် မင်း တအားကို ပင်ပန်းသွားပြီ" လို့ ပြောလိုက်မိပါတယ်။

"ရပါတယ်။ ကိစ္စမရှိပါဘူး" လို့ သူက ပြန်ပြောပါ တယ်။ မျက်နှာက အပြုံးမပျက်ပါဘူး "ကျွန်မအနေနဲ့ စားဖို့သောက်ဖို့အတွက် ငွေလိုချင်တယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ အပင်ပန်းခံရမှာပေါ့" တဲ့။ "ရှင် ဒီလောက်အထိ စိတ်အား ထက်သန်တာ မြင်ရတော့ ကျွန်မ ဝမ်းသာမိတယ်။ ပန်းချီကားကို ကျွန်မ ကြည့်ခွင့်ရမလား" လို့လည်း မေးပါတယ်။

"ကြည့်နိုင်ပါတယ်"

"ဟာ အတော့်ကို ကောင်းတာပဲ" လို့ သူက တအံ့တသြ ရေရွတ်ပါ တယ်။ "ကျွန်မလေ ပန်းချီဆရာ တစ်ယောက်ရဲ့ လက်ရာအစကို ကျွန်မ ဘယ်တုန်းကမှ မမြင်ခဲ့ဖူးဘူး။ သိပ်ကို စိတ်ဝင်စားစရာကောင်းတာပဲ။ ရှင် အလွန် ကောင်းတဲ့ ပန်းချီကားတစ်ခုကို မွေးဖွားခဲ့ပြီ အန်ဒရီ နီကိုလေ ယက်ဗစ်ချ်။ ကျွန်မကလည်း ဒီကားကို အောင်မြင်မှုရအောင် ကြိုးစားပေး မှာပေါ့။ ကျွန်မ လုပ်ပေးရမယ့်အပိုင်းရှိရင် ကျွန်မဘက်က တာဝန်ကျေအောင် လုပ်ပေးမှာပါ"

"မင်းက ဘာလုပ်ပေးနိုင်မှာလဲ"

"မနေ့က ကျွန်မ ပြောခဲ့တဲ့အတိုင်းပေါ့။ ရှင်လိုချင်တဲ့ အနေအထားကို ကျွန်မက ပေးမှာပေါ့။ ဒါဆိုရင် ရှင့်အတွက် အားလုံး အဆင်ပြေမှာပဲ"

သူဟာ ချက်ချင်းပဲ ပြန်ပြီး ကိုယ်ဟန်ပြတယ်။ သူ့ရဲ့ ခေါင်းကို နောက်ဘက် လှန်ထားတယ်။ လက်နှစ်ဖက်ကို တွဲလောင်းချထားတယ်။ မျက်နှာထားကိုလည်း ကျွန်တော် စိတ်ကူးယဉ်ထားတဲ့ ပုံစံအတိုင်းဖြစ်အောင် လုပ်ထားတယ်။ သူ့ရဲ့ ကိုယ်ဟန်ပြမှုဟာ စိတ်ဆင်းရဲမှု၊ မာန်မာနနဲ့ ကြောက် လန့်မှု၊ ချစ်ခြင်းမေတ္တာနဲ့ မုန်းတီးမှုတွေကို ဖော်ပြနေပါတယ်။

"ဘယ့်နှယ်လဲ၊ ရှင် သဘောကျရဲ့လား" လို့ သူက မေးတယ်။ "ဒီပုံစံအတိုင်း သဘောကျတယ်ဆိုရင် ကျွန်မ အချိန်ဘယ်လောက်ပဲကြာ ကြာ ဒီပုံစံအတိုင်း ရပ်ပြမယ်"

"ဒီမျက်နှာထားမျိုးနဲ့ အကြာကြီးရပ်ရမယ်ဆိုရင် မင့်အတွက် ခက်လိမ့် မယ်ထင်တယ် နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ။ ဒါပေမဲ့ အခုလို လုပ်ပေးခဲ့ အတွက် မင့်ကို သိပ်ပြီး ကျေးဇူးတင်ပါတယ်။ ကြည့်သေးတာပေါ့လေး

www.burmeseclassic.com



မင်းကိုယ်နဲ့ နေ့လယ်စာ စားစေချင်တယ်။ စားလိမ့်မယ်လို့လည်း ကိုယ်မျှော်လင့်ပါတယ်''

သူက လက်မခံဘူး။ သူ့ကို ဆွဲဆောင်နေရတာ အတော်ကို ပင်ပန်းပါတယ်။ ကျွန်တော့်အတွက် လိုအပ်တာ မှန်သမျှ လုပ်ကိုင်ပေးနေတဲ့ အေဂတ်ဖရာ အလက်ဆီ ယက်ဗ်နာက ကျွန်တော်တို့ကို နေ့လယ်စာ ကျွေးပါတယ်။ ကျွန်တော်တို့ နှစ်ယောက် ပထမဆုံးအကြိမ် တစ်စားပွဲတည်း အတူတူ ထိုင်မိကြတာပါ။ အဲဒီနောက် အခုလို အတူတူ တွဲထိုင်ခဲ့ကြတာ ဘယ်လောက်များသလဲ။ မမှတ်မိနိုင်လောက်အောင်ပါပဲ။

အဲဒီနေ့က နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ စကားတစ်ခွန်းမှမပြောဘဲ နေ့လယ်စာကို စားခဲ့ပါတယ်။ သူဟာ ရှက်စိတ်ဝင်နေတာ ထင်ရှားပါတယ်။ ကျွန်တော် သူ့အတွက် ဖန်ခွက်တစ်ခွက်နဲ့ ဝိုင်ထည့်ပေးပါတယ်။ သူကလည်း ချက်ချင်းပဲ ယူသောက်ပါတယ်။ ပါးနှစ်ဖက်ဟာ နှင်းဆီရောင် သန်းလာပါတယ်။

''ကျွန်မကို ပြောပြစမ်းပါ'' လို့ သူက ပြောပါတယ်။ ''ရှင်နဲ့ ဘက်ဆိုနော့ဗ် သိကြတာ ကြာပြီလား''

မေးခွန်းက ကျွန်တော့်ကို အငိုက်ဖမ်းလိုက်သလို ဖြစ်သွားပါတယ်။ ကျွန်တော်နဲ့ ဘက်ဆိုနော့ဗ်တို့ကြားမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော် သတိရလာပါတယ်။ ဖြစ်ခဲ့တာက သူ့ကြောင့်ပါ။ ကျွန်တော်ဟာ သူ့ရဲ့ မေးခွန်းကြောင့် အံ့အားသင့်သွားပါတယ်။

''ဘာပြုလို့ ရှင့်မျက်နှာ နီရဲသွားရတာလဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေ။ ကျွန်မရဲ့ မေးခွန်းကိုသာ ဖြေပါ''

''ဟုတ်တယ်။ သူနဲ့ သိတာကြာပြီ။ ကလေးဘဝကတည်းက သိခဲ့ကြတာ''

''သူဟာ လူကောင်းတစ်ယောက် ဟုတ်ရဲ့လား''

''ဟုတ်ပါတယ်၊ ကိုယ်နားလည်ထားတာကတော့ လူကောင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားတယ်၊ အလုပ်ကြိုးစားတယ်၊ အစွမ်းအစလည်း ရှိတယ်။ သူ့အမေကိုလည်း လုပ်ကျွေးပြုစုနေတယ်"

"သူ့မှာ အမေရှိသလား။ အမေက ဘယ်မှာလဲ"

ကျွန်တော်က ဒေသနာမည်ကို ပြောပြတယ်။ "သူ့ အမေမှာ အိမ်လေးတစ်လုံး ရှိတယ်။ ဘက်ဆိုနော့ဇ်က သူ့အမေဆီကို ငွေမှန်မှန်ပို့ပေးတယ်။ တစ်ခါတလေ သွားလည်တယ်။ အမေကလည်း သူ့ကို သိပ်ချစ်တယ်"

"ဒါဆိုရင် ဘာပြုလို့ သူ့အမေကို သူ့ဆီ ခေါ်မထားတာလဲ"

"သူ့အမေက လာနေချင်ပုံ မရဘူး။ ဒီကိစ္စက ကိုယ်လည်း သေသေချာချာ မသိဘူး။ သူ့အမေက ဟိုမှာ အိမ်ရှိတယ်။ အိမ်ကို ထားမပစ်ခဲ့ချင်ဘူးလို့ ထင်တာပဲ"

"အဲဒါ မမှန်ဘူး" လို့ သူက ပြောတယ်။ "သူ့အမေကို ခေါ်မထားတာက သူ လွတ်လွတ်လပ်လပ် မနေရမှာစိုးလို့။ ကျွန်မ အသေအချာတော့ မသိဘူး။ ကျွန်မရဲ့ အထင်ပဲ။ သူ့အမေရောက်လာရင် သူ့အတွက် အနှောင့်အယှက်ဖြစ်မှာ။ သူ့အမေက နယ်မှာနေတာ အစိုးရရုံးတစ်ရုံးက စာရေးပေါက်စတစ်ယောက်ရဲ့ ဇနီး။ အခု မုဆိုးမ . . ."

သူ့ရဲ့ လေသံက ပြောင်သလို လှောင်သလိုနဲ့ သရော်သလိုပါ။ ပြီးတော့ သူက မှတ်ချက်ချတယ်။ "ဘာပဲဖြစ်ဖြစ်လေ။ ကျွန်မကတော့ ဒီလူကို သဘောမကျဘူး။ အန်ဒရီနီကို လေယက်ဗစ်ချ်" တဲ့။

"ဘာပြုလို့လဲ။ သူဟာ လူကောင်းတစ်ယောက်ပါ"

"ကျွန်မကတော့ သဘောမကျဘူး။ ကျွန်မ သူ့ကို ကြောက်လည်း ကြောက်တယ်။ ဒါပေမဲ့ ကဲပါလေ အလုပ်ဆက်လုပ်ကြပါစို့"

သူက စာစောကနေရာမှာ ပြန်စုတယ်။ ဆောင်းဦးပေါက်ခဲ့တစ်နေ့ တာဟာ တိုတောင်းလှပါတယ်။ တစ်နေ့တာ ကုန်လုနီးနေပြီ။

ကျွန်တော်ဟာ မိုးစုပ်စုပ်ချုပ်တဲ့အထိ အလုပ်ကို လုပ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နာဒက်ဖေါ် နီကိုလေ ယက်ဗ်နာကိုလည်း မကြာမကြာ အနားပေးတယ်။ နောက်ဆုံး ဆေးရောင်တွေကို ကွဲကွဲပြားပြား မမြင်ရတော့ဘဲ မှုန်ဝါးဝါးဖြစ်လာခါမှပဲ ကျွန်တော့် လက်ထဲက စုတ်တံတွေကို ချလိုက်ပါတယ်။ နာဒက်ဖေါ် နီကိုလေ ယက်ဗ်နာဟာ အဝတ်အစားလဲပြီး ပြန်သွားပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၈

အဲဒီညမှာပဲ ကျွန်တော်ဟာ ဂဲလ်ဖရစ်ချ်ကို ကျွန်တော့်ဆီ ရွှေ့ပြောင်းဖို့ ကူညီခဲ့ပါတယ်။ သူ နေတာက ဆာဒိုဗာရာ ဘက်မှာပါ။ အောက်ဆုံးထပ်က နေ အပေါ်ဆုံးထပ်အထိ အခန်းငှားတွေနဲ့ ပြည့်နေတဲ့ အဆောက်အအုံကြီး တစ်လုံးမှာ နေတာပါ။ ဆာဒိုဗာရာဘက် မျက်နှာပြုထားတဲ့ အခန်းတွေ ကို ဂရမ်စကာရပ်ဖ်ဘစ်ကီလို့ခေါ်တဲ့ အငြိမ်းစား ဗိုလ်ကြီးတစ်ယောက်က ပိုင်ပါတယ်။ ဒီအခန်းတွေက ကျယ်ဝန်းပေမဲ့ သပ်သပ်ရပ်ရပ်မရှိပါဘူး။ ဒီအခန်း တွေမှာ ပန်းချီဆရာတွေ၊ ကျောင်းသားတွေနဲ့ တေးဂီတပညာရှင်တွေက ငှားနေကြပါ တယ်။ သူ့တိုက်ခန်းတွေမှာ အများဆုံးနေကြတဲ့ အုပ်စုဟာ ဒီလူစုပါပဲ။

ကျွန်တော်ဟာ ကြောင်လိမ်လှေကားအတိုင်း တက်လာခဲ့ပြီး ကော်ရစ်ဒါ ဘက် ဝင်လာခဲ့တယ်။ ပထမဆုံးတွေ့ရတဲ့ အခန်းတံခါးပေါက်ဆီက တယော ထိုးသံ ထွက်လာနေပါတယ်။ ကော်ရစ်ဒါအဆုံးနားက အခန်းထဲကတော့ စန္ဒရားသံ ကြားနေရပါတယ်။ ကျွန်တော်ဟာ ဂဲလ်ဖရစ်ချ်ရဲ့ အခန်းရှေ့ ရောက်တော့ တံခါးကို ခေါက်လိုက်ပါတယ်။

"ဝင်ခဲ့လေ" လို့ အထဲက စူးစူးဝါးဝါး အော်သံကြားရပါတယ်။

သူဟာ ကြမ်းပေါ်မှာ ထိုင်ပြီး သေတ္တာကြီး တစ်လုံးလုံးကို သူ့ပစ္စည်းတွေ

www.burmeseclassic.com



ထည့်နေပါတယ်။ လက်ဆွဲသေတ္တာတစ်လုံးကတော့ သူ့ဘေးနားမှာ ချထားတယ်။ သေတ္တာအောက်ဆုံးမှာ ခေါင်းအုံးကို ထည့်တယ်။ အဲဒီအပေါ်က ကျူနဲ့ထုပ်ထားတဲ့ စားပွဲတင်မီးလုံး၊ အဲဒီအပေါ်က သားရေအိပ်ရာခင်း တစ်ချပ်၊ ရှူးဖိနပ်တစ်ရန်၊ ပုံကြမ်းလောင်းထားတဲ့ ပန်းချီကားတစ်စည်း၊ ချိုချို ဆေးဘူးကြီးကတစ်ဘူး။ စာအုပ်တွေနဲ့ အတိုအထွာ တိုလီမိုလီပစ္စည်း တွေ။ သူ့ပစ္စည်းတွေထည့်ပုံက စနစ်မရှိပါဘူး။ သေတ္တာနားမှာတော့ ညို့ဝါဝါ ကြောင်ကြီးတစ်ကောင် ထိုင်နေတယ်။ သူ့သခင်မျက်နှာကို မော့ကြည့်နေတယ်။ ဂဲလ်ဖရစ်ချ်ရဲ့ အဆိုအရ ပြောရရင် ဒီကြောင်ကြီးမှာ အမြဲတမ်း အလုပ်ရှိနေတယ်တဲ့။

"ကျွန်တော် အဆင်သင့်ဖြစ်နေပြီ အန်ဒရီ" လို့ ဂဲလ်ဖရစ်ချ်က ပြောတယ်။ "ခင်ဗျားနဲ့အတူနေဖို့ ကျွန်တော့်ကို ကူညီတဲ့အတွက် သိပ်ဝမ်းသာတာပဲ။ ဒီနေ့ ဘယ်လိုလဲ၊ ပုံဆွဲဖြစ်သေးလား။ သူကော လာရဲ့လား"

"လာတယ်၊ သူလာတယ်" လို့ ကျွန်တော်က ပြောတယ်။ "ခင်ဗျား မနေ့ညက ပြောခဲ့တဲ့စကားကို သတိရသေးလား။ ခင်ဗျားရဲ့ ဘယ်ဘက်လက်ကို ဖြတ်ပေးမယ် ဆိုတာလေ"

"အင်း မှတ်မိတယ်၊ အဲဒါ ဘာဖြစ်လဲ" လို့ သူက သေတ္တာကြီးပေါ်မှာ ထိုင်ချလိုက်ပြီး ပြန်မေးတယ်"

"ကျွန်တော် ခင်ဗျားကို နားလည်သွားပြီ ဂဲလ်ဖရစ်ချ်"

"အင်း ခင်ဗျားလည်း သိပါတယ်လေ။ သူ့ကို ဆွဲထုတ်ဖို့ ဆိုတာက ကျွန်တော်ကတော့ မလုပ်နိုင်ဘူးလေ။ ကျွန်တော်က ငတုံး ခါးကုန်း တစ်ယောက်ပါ။ ရှည်လျားထွေပြားလွန်းလှတဲ့ ဒီဘဝခရီးတစ်လျှောက်လုံးမှာ ကိုယ့်ကိုယ်ကိုယ်တောင်မှ မနိုင်တဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျား သိနေတာ ပဲ ကျွန်တော့်ဘဝက ကူညီမယ့်လူမရှိရင် မတူနိုင်တဲ့ဘဝပါလား အန်ဒရီရယ်။

"ဥပမာဆိုပါတော့ ကျွန်တော့်မှာက ကျွန်တော် အရက်မူးအောင် သောက်ဖို့ တားမြစ်ပေးမယ့် လူတစ်ယောက် လိုတယ်။ ကျွန်တော့်ကို

www.burmeseclassic.com



သူ့ အတောင်အောက်မှာ အုပ်ထားပေးမယ့်လူ လိုတယ်။ ကျွန်တော့်ကို အလုပ်လုပ်အောင် တိုက်တွန်းပေးမယ့်လူ၊ ကျွန်တော့် ငွေကို ထိန်းသိမ်းပေးမယ့်လူ လိုတယ်။ တကယ်တော့ အန်ဒရီရယ် ကျွန်တော်ဟာ ခင်ဗျားမရှိရင် ဘယ်လိုနေရမလဲလို့ စဉ်းစားနေရတဲ့ ဘဝထဲကလူပါဗျာ''

သူ့စကားလည်းဆုံးရော ဂဲလ်ဖရစ်ချ်ဟာ သေတ္တာပေါ်က ဆင်းပြီး ကျွန်တော့်ဆီ ပြေးလာပြီး တအားဖက်ထားပါတယ်။ သူ့ခေါင်းကို ကျွန်တော့် ရင်ဘတ်မှာ အပ်ထားပါတယ်။ သူ့ရဲ့ နူးညံ့တဲ့ဆံစတွေဟာ ကျွန်တော့်နှုတ်ခမ်းတွေကို လာပြီး ထိတွေ့နေကြပါတယ်။ သူဟာ ကျွန်တော့်ကို လွှတ်လိုက်ပြီး အခန်းထောင့်ထဲက ပက်လက်ကုလားထိုင်ပေါ် ပြေးထိုင်ပါတယ်။ သူဟာ ပါးပြင်ပေါ် စီးကျလာတဲ့ မျက်ရည်စကို လက်ဖဝါးနဲ့ သုတ်လိုက်ပါတယ်။

"တွေ့တယ် မဟုတ်လား အန်ဒရီ၊ ကျွန်တော်ဟာ သိပ်ကို အားနည်းတဲ့ လူပါ။ ဒါပေမဲ့ ခင်ဗျားကတော့ တစ်မျိုးတစ်ဘာသာပါ။ သူ့ကို အဲ လောကထဲက ဆွဲတင်လိုက်ပါ''

ကျွန်တော်က ဘာမှ ပြန်မပြောပါဘူး။

"ဒီအလုပ်ကို လုပ်နိုင်တဲ့ လူတစ်ယောက် ရှိပါသေးတယ်'' လို့ ဂဲလ်ဖရစ်ချ် ဆက်ပြောပါတယ်။ "ဒါပေမဲ့ သူက ဒီအလုပ်ကို မလုပ်ချင်ဘူး''

"ဘက်ဆိုနော့ဗ် မဟုတ်လား'' လို့ မေးတော့ သူက "ဟုတ်တယ် ဘက်ဆိုနော့ဗ်ပေါ့'' လို့ ဖြေပါတယ်။

"သူက သိခဲ့တာ ကြာပြီလား''

"ကြာပြီ၊ ကျွန်တော့် အလျင်က သိတာ''

သူဟာ ငြိမ်နေတယ်။ ကျွန်တော့်ကို စိုက်ကြည့်နေတယ်၊ တစ်ခုခု တွေးနေပုံ ရတယ်။

"သူတို့ချင်း ဘယ်လိုသိသွားကြတာလဲ။ သူတို့ နှစ်ဦးရဲ့ ဆက်ဆံရေး တွေက ဘယ်လိုလဲ''

"အခု မပြောချင်ဘူး အန်ဒရီ၊ နောက်တစ်ချိန်ကျမှ ပြောပြပါရစေ

www.burmeseclassic.com



သူ ကိုယ်တိုင်က ပြောချင်ပြောလာမှာပါ။ ကျွန်တော်ကတော့ ခင်ဗျားကို ဖွင့်ပြောလိမ့်မယ်လို့ သေချာပေါက် ထင်ထားတယ်။ ခင်ဗျားဟာ သလို လူစားပါ။ သူက ဖွင့်ပြောမှာ ကျိန်းသေပါတယ်၊ ကဲဗျာ ကျွန်တော် သွားကြစို့၊ အခန်းရှင် ဗိုလ်ကြီးနဲ့လည်း ရှင်းစရာလေးတွေက ရှိသေးတယ်"

"ခင်ဗျားမှာ ငွေရှိရဲ့လား"

"ရှိတယ်၊ ကြောင်တွေက ရှာပေးထားတယ်"

သူဟာ အပြင် ကော်ရစ်ဒါကိုထွက်သွားပြီး အော်ပြောနေတယ်။ တစ် နစ်လောက်အကြာမှာ အိမ်ရှင်ရောက်လာတယ်။ အတော်ကြီး သန်မာ ဘောင့်တင်းသေးတဲ့ အဘိုးကြီးတစ်ယောက်ပါ။ သူဟာ အခန်းထဲ ဝင်လာပြီး လ်ဖရစ်ချ်ရဲ့ လက်ကိုဆွဲပြီး နှုတ်ဆက်တယ်။ ကျွန်တော့်ဘက်ကို လှည့်ပြီး တော့ မသိမသာကလေး ဦးညွှတ်နှုတ်ဆက်တယ်။

"ဘာကိစ္စရှိလို့လဲ" လို့ သူက ဂဲလ်ဖရစ်ချ်ကို တလေးတစား မေးတယ်။

"ကျွန်တော် ဒီက ပြောင်းတော့မယ်"

"ကြိုက်သလို လုပ်ပါ။ ရပါတယ်။ ခင်ဗျား အခန်းမှာ နေထိုင်သွားတာ များကြီး ကျေနပ်လောက်ပါတယ်။ ခင်ဗျားလို ပညာတတ် လူကြီးလူ ကောင်းတစ်ယောက်ကို ရတာ ကျွန်တော် စိတ်ချမ်းသာခဲ့ရပါတယ်" သူဟာ စကားမဆုံးခင် ကျွန်တော့်ဘက် လှည့်ကြည့်တယ်။ "ဒီပုဂ္ဂိုလ်ကလည်း န်းချီဆရာတစ်ယောက်ပဲလား" လို့မေးတယ်။ "ကျွန်တော့်ကို ကိုယ့်ဘာသာ ကိုယ်ပဲ မိတ်ဆက်ခွင့်ပြုပါ။ အငြိမ်းစားဗိုလ်ကြီး ဂရမ်စကာရပ်ဖ်ဘစ်ကီပါ။ သားအိုကြီးတစ်ယောက် ဆိုပါတော့"

ကျွန်တော်က သူ့လက်ကို ဆွဲနှုတ်ဆက်ပြီး နာမည်ကို ပြောပြပါတယ်။ "ညော် မစ္စတာလိုပါတင်တဲ့လား" လို့ သူက ရေရွတ်ပါတယ်။ "ဒီနာမည် ဟာ ထင်ရှားကျော်ကြားနေတဲ့ နာမည်ပါ။ ကျွန်တော် ဒီနာမည်ကို အကယ်ဒမီ ကျောင်းသားတွေ အားလုံးဆီက ကြားခဲ့ဖူးပါတယ်။ တွေ့ရတာ ဝမ်းသာပါ တယ်။ ခင်ဗျားကို ဆီမီရတ်စကီးနဲ့ မာတက်ဂျ်ကိုတို့လို နာမည်ကြီး ပန်းချီဆရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။ ဒြော် ဒါနဲ့ ခင်ဗျားက ဘယ်ကို ပြောင်းမှာလဲ'' လို့ ဂဲလ်ဖရစ်ချ်ကို လှည့်မေးပါတယ်။

''သူ့အခန်းကို ပြောင်းမှာပါ'' လို့ ကျွန်တော့်လူက ဖြေတယ်။

''လူကောင်း အခန်းငှားတစ်ယောက်ကို လုယူသွားပေမယ့် ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး'' လို့ အဘိုးကြီးက ပြောပါတယ်။ ''ကျွန်တော် စာရင်းစာအုပ် သွားယူလိုက်ပါဦးမယ်''

သူ ထွက်သွားတော့ ကျွန်တော်က ''သူက ဘယ်မှာ အမှုထမ်းခဲ့တာ လဲ'' လို့ မေးတယ်။

''ကျွန်တော်လည်း မသိဘူး။ ကျွန်တော်သိထားတာ တစ်ခုကတော့ သူဟာ ရုရှားဗိုလ်ကြီးတစ်ယောက် မဟုတ်ဘူး ဆိုတဲ့အချက်ပဲ။ သူ့ရဲ့ နိုင်ငံကူးလက်မှတ်ထဲမှာတော့ ဇေဆာဝါရီ ဂရမ် စကရပ်ဖ်တီကီလို့ ရေးထား တယ်။ သူ ပြောပြောနေတာကတော့ သူဟာ ပုန်ကန်မှုမှာ ပါဝင်ခဲ့ဖူး တယ်တဲ့။ သူ့အခန်းထဲက နံရံပေါ်မှာတော့ ငှက်ပစ်သေနတ်တစ်လက် ချိတ်ထားတာ တွေ့ရတယ်''

မကြာခင်မှာပဲ ဗိုလ်ကြီးဟာ သူ့စာအုပ်နဲ့အတူ ပြန်ရောက်လာတယ်။ တရုတ်ပေသီးတွက်တဲ့ ပစ္စည်းကိုလည်း ယူလာပါတယ်။ သူဟာ စာရင်းစာ အုပ်ကို ကြည့်ပြီး မကြာခင်မှာပဲ ဂဲလ်ဖရစ်ချ်က သူ့ကို ပေးစရာရှိတဲ့အခန်းခ နဲ့ စားစရိတ်ကို ပြောပါတယ်။ ဂဲလ်ဖရစ်ချ်က ချက်ချင်းပဲ ရှင်းပေးပါတယ်။ ကျွန်တော်တို့ဟာ အခင်အမင်မပျက်တဲ့ အနေအထားနဲ့ လူချင်းခွဲခဲ့ကြပါတယ်။ အားလုံး ရှင်းစရာရှိသမျှကို ရှင်းအပြီးမှာ ကျွန်တော်တို့ဟာ အိမ်ထဲက ထွက်လာခဲ့ကြပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

၉

နောက်ထပ် သုံးကြိမ်လေးကြိမ်လောက် ပန်းချီဆွဲ ဖြစ်ခဲ့ပါတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ မနက်ဆယ်နာရီ သို့မဟုတ် ဆယ့်တစ်နာရီမှာ ရောက်တယ်။ ညနေ နေဝင်မိုးချုပ်အထိ ထိုင်ပေးတယ်။ ကျွန်တော်က သူ့ကို ကျွန်တော်တို့နဲ့အတူ ညစာစားဖို့ မကြာခဏခေါ်ပါတယ်။ ဒါပေမဲ့ မရပါဘူး။ အလုပ်ပြီးတာနဲ့ တစ်ပြိုင်နက် ဟိုဘက်အခန်းထဲ ဝင်သွားပြီး အဝတ်အစား ကပျာကယာလဲပြီး ချက်ချင်းပြန်သွားတာချည်းပဲ။

ဒီဘက် ရက်အနည်းငယ်အတွင်းမှာ သူ့ရဲ့မျက်နှာဟာ သိသိသာသာ ကြီးကို ပြောင်းလဲသွားတာ သတိထားမိပါတယ်။ သူ့မှာ စိတ်ညစ်စိတ်ရှုပ်စရာ တွေ ရှိနေတဲ့ အရိပ်လက္ခဏာတွေကို မြင်နေရပါတယ်။ သူဟာ ကျွန်တော့်ကို စကား သိပ်မပြောပါဘူး။ တကယ်လို့ ဂဲလ်ဖရစ်ချ်တစ်ယောက် စတူဒီယိုထဲမှာ ပုံဆွဲနေချိန်မှာတော့ သူဟာ သွက်သွက်လက်လက် တက်တက်ကြွကြွရှိတာ တွေ့ရပါတယ်။

ကျွန်တော်က ဂဲလ်ဖရစ်ချ်ကို အခု လက်ရှိဆွဲနေတဲ့ ပုံတွေထက် လေးနက်တဲ့ ပန်းချီကားတွေကို ဆွဲဖို့ အကြံပြုပေမဲ့ သူကတော့ အလျင်တုန်း ကလိုပဲ ကြောင်တွေကိုသာ တစ်ကောင်ပြီးတစ်ကောင် ဆွဲနေတယ်။ သူ့ရဲ့ ကိုယ်ပိုင်ပြ ကြောင်ဝါညိုကြီးအပြင် နောက်ထပ် အထီး... အရောင်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးနဲ့ ကြောင် ငါးကောင် ခြောက်ကောင် ထပ်မွေးထား ပြန်ပါတယ်။ ကျွန်တော့် အိမ်စေမကြီး အေဂါဖရာဟာ ကြောင်တွေအားလုံးကို တာဝန်သိစွာနဲ့ အစာကျွေးပေးပါတယ်။ ဒါပေမဲ့ ဒီကြောင်တွေနဲ့ သူရဲ့ ကြားမှာတော့ စစ်ပွဲက အဆက်ပြတ်မသွားပါဘူး။

တစ်ခါတစ်ရံ စစ်ပွဲအရှိန်မြင့်လာတဲ့အခါမှာ အိမ်စေမကြီးဟာ ကြောင်တွေကို စုဖမ်းပြီး နောက်ဖေးလှေကားပေါ် လွှင့်ပစ်ထားတတ်ပါတယ်။ ကြောင်တွေ အိမ်ထဲ ဝင်မလာနိုင်အောင် တံခါးကိုလည်း ပိတ်ထားလေ့ရှိပါတယ်။ ဒါပေမဲ့ ကြောင်တွေက တံခါးဝမှာကပ်ပြီး သနားစရာကောင်းလာအောင် တညောင်ညောင် အော်ပါများလာတော့ စိတ်သဘောထား သိမ်မွေ့နူးညံ့တဲ့ အိမ်စေမကြီးဟာ တံခါးကို ဖွင့်ပေးလိုက်တာပါပဲ။ ကြောင်တွေကလည်း အိမ်ထဲဝင်လာပြီး အလျင်ကလို အခန်းထဲမှာ ခုန်ပေါက် ပြေးလွှားနေကြပြန်တာပါပဲ။

တစ်နေ့တခြား ကျွန်တော်ရေးဆွဲနေတဲ့ ပန်းချီကားဟာ ပြီးစီးလုနီးလာပါပြီ။ ကျွန်တော့်နှလုံးသားထဲမှာလည်း တဖြည်းဖြည်းနဲ့ ဝေခွဲလို့မရနိုင်တဲ့ ခံစားမှုဟာ ဝင်လာနေပါတယ်။ ကျွန်တော့်အနေနဲ့ နာဒက်ဇဒါ နီကိုလေယက်ဗ်နာကို နောက်ထပ် ကိုယ်ဟန်ပြမယ်အဖြစ် မလိုအပ်တော့ဘူးဆိုရင် ကျွန်တော်တို့ချင်း ခွဲရတော့မှာပါလားဆိုတဲ့အသိနဲ့ ခံစားမှုဟာ ကျွန်တော့်ကို မသိမသာ ရိုက်ခတ်စပြုနေပါပြီ။

ကျွန်တော့်ဆီကို ရွှေ့လာတဲ့နေ့က ကျွန်တော်နဲ့ ဂဲလ်ဖရစ်ချ်တို့ ပြောခဲ့ကြတဲ့ စကားတွေကို ပြန်ပြီး သတိရမိပါတယ်။ ကျွန်တော့်အနေနဲ့ ပန်းချီဆွဲနေရင်းက သူမရဲ့ တွေတွေငေးငေးဖြစ်နေတဲ့ မျက်နှာကို လှမ်းကြည့်လိုက်တိုင်း "အန်ဒရီရာ သူ့ကို ဒီဘဝကလွတ်အောင် ကူညီလိုက်ပါ" လို့ ပြောခဲ့တဲ့စကားဟာ ကျွန်တော့် နားထဲမှာ ပြန်ပြီးကြားလာနေပါတယ်။

သူ့ကို ကူညီပါတဲ့။ ဘယ်လို ကူညီရမှာလဲ။ သူ့ အကြောင်းကို ကျွန်တော် သေသေချာချာမှ မသိတာ။ ကျွန်တော့်အနေနဲ့ သူ ဘယ်မှာနေတယ်ဆိုတာတောင်မှ မသိဘဲ။ ဟိုတစ်ညက သူနေတဲ့ အခန်းကို ဂဲလ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချိုက လိုက်ပို့ခဲ့ဖူးတယ်။ မကြာခင်မှာပဲ သူဟာ အဲဒီအခန်းကနေပြီး တခြား တစ်နေရာကို ရွှေ့သွားတယ်။ ဘယ်နေရာကို ရွှေ့သွားသလဲ။ ကျွန်တော်ရော ဂဲလ်ဖရစ်ချ်ပါ မသိကြဘူး။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး သူ့ရဲ့ မျိုးရိုးအမည်ကို မသိကြဘူး။

တစ်ခါတုန်းက စတူဒီယိုထဲမှာ ဂဲလ်ဖရစ်ချ် မရှိခိုက်မှာ ပန်းချီဆွဲရင်းနဲ့ ကျွန်တော်က အဲဒီကိစ္စကို မေးဖူးတယ်။ အဲဒီနေ့မနက်က ဂဲဖရစ်ချ်ဟာ အကယ်ဒမီ ပန်းချီပညာသင်ကျောင်းကို သွားနေတယ်။ ကျွန်တော်က သူ့ကို ကျောင်းမှာ ဖွင့်ထားတဲ့ ပုံကြမ်းရေးဆွဲနည်းအတန်းကို တစ်ပတ်တစ်ကြိမ် တက်ဖို့ ခိုင်းထားတယ် မဟုတ်လား။ အဲဒီနေ့က သူမရှိတော့ တစ်နေ့လုံး ကျွန်တော်တို့ နှစ်ယောက်တည်းရယ်။

အဲဒီနေ့က နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ ခါတိုင်းနဲ့မတူဘူး။ တခြားနေ့တွေကထက် ပိုပြီး ရွှင်လန်းတက်ကြွနေသလိုပဲ။ ပြီးတော့ အလျင် ရက်တွေကလို နှုတ်မဆိတ်ဘူး။ စကား အတော်ကလေးပြောတယ်။ သူ့ ဆီက စကားတွေ ပြောလာတော့လည်း ကျွန်တော့်စိတ်က နည်းနည်း ရဲလာတယ်။ ဒါကြောင့်မို့လည်း "နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ၊ ကိုယ် မင့်ရဲ့ မျိုးရိုးနာမည်ကို အခုထက်ထိ မသိရသေးဘူး လူချင်းတွေ့တာလည်း ကြာလှပြီ" လို့ ပြောလိုက်မိတယ်။

သူ့ရဲ့ ပုံက ကျွန်တော့် မေးခွန်းကို မကြားသလိုပဲ။ သူ့ရဲ့ မျက်နှာပေါ်မှာ မှိုင်းမှိုင်း အရိပ်ကလေးတစ်ခု ဖြတ်သွားသလိုပဲ။ တစ်စုံတစ်ခုသော အံ့အား သင့်စရာကြောင့် တစ်ခဏတော့ နှုတ်ဆိတ်သွားသလိုပဲ။ ဒါပေမဲ့ သူဟာ စကားဆက်ပြောတယ်။ အထူးသဖြင့် ဂဲလ်ဖရစ်ချ်ရဲ့အကြောင်းကို ပြောနေ တယ်။ အမှန်တော့ ကျွန်တော်မေးလိုက်တဲ့မေးခွန်းကို မဖြေချင်လို့ စကားလမ်း ကြောင်းပြောင်းဖို့ ကြိုးစားနေတာပါ။ နောက်ဆုံးမှာတော့ သူဟာ နှုတ်ဆိတ် သွားတယ်။

"မင်း ဘာပြုလို့ ကိုယ့်အပေါ် မယုံကြည်တာလဲ။ ကိုယ် သိပါရစေ

www.burmeseclassic.com

www.burmeseclassic.com



နာဒက်ဖဒါ နီကိုလေ ယက်ဇ်နာရယ်''လို့ ကျွန်တော်က ပြောတယ်။
''ကိုယ့်အပေါ် မယုံကြည်ချင်အောင် ကိုယ် ဘာများလုပ်မိလို့''
''အဲသလို မထင်ပါနဲ့'' လို့ သူက ဝမ်းနည်းကြေကွဲသံနဲ့ ပြောပါတယ်။ ကျွန်မက ရှင့်ကို မယုံကြည်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ ဘာကြောင့် မယုံကြည်ရမှာလဲ။ ရှင်က ကျွန်မကို ဘာများဒုက္ခပေးခဲ့တာ ရှိခဲ့လို့လဲ''
''ဒါဆိုရင်လည်း မင်း ဘာပြုလို့''
''ဘာပြုလို့လဲဆိုတော့ အခုအတိုင်းနေတာ ပိုကောင်းလိမ့်မယ် ထင်လို့ပါ။ ကဲပါ ရှင့်ပန်းချီကို ဆက်ဆွဲပါတော့။ မှောင်တော့မယ်'' လို့ သူက ရှင်လန်းမြူးထူးတဲ့ လေသံနဲ့ ပြောတယ်။ ''ဂဲလ်ဖရစ်ချ်လည်း ရောက်လာတော့မယ်။ သူ ရောက်လာရင် ရှင့်အလုပ် ဘယ်လောက်ပြီးတယ်ဆိုတာ မပြနိုင်ဘဲ ဖြစ်လိမ့်မယ်။ ဒီနေ့ ရှင် ဘာမှ ဟုတ်တိပတ်တိ မပြီးသေးဘူး။ ကျွန်မတို့နှစ်ယောက် တစ်ချိန်လုံး စကားများနေကြတာ''
''အချိန်တွေ အများကြီး ရှိပါသေးတယ်။ ကိုယ်လည်း ပင်ပန်းနေပြီ။ မင်း နားချင်တယ်ဆိုရင် စင်ပေါ်ကဆင်းပြီး ခဏတစ်ဖြုတ် နားပေါ့''
သူဟာ စင်ပေါ်က ဆင်းလာပြီး ထောင့်တစ်ထောင့်မှာ ချထားတဲ့ ကုလားထိုင်ပေါ် ထိုင်တယ်။ ကျွန်တော်က အခန်းရဲ့ တစ်ဖက်မှာ ထိုင်တယ်။ ကျွန်တော် သူနဲ့ စကားတွေ အများကြီး ပြောချင်နေတယ်။ သူ့ရဲ့အကြောင်းကို မေးချင်တာလည်း အလွန်ပဲ။ အခုလို အလှမ်းဝေးဝေး ထိုင်နေရတော့လည်း မေးရမှာ ခက်တယ်လို့ ထင်မိတယ်။
ကျွန်တော် သူ့ကို လှမ်းကြည့်မိတယ်။ သူဟာ လက်နှစ်ဖက်ယှက်ပြီး ဒူးနှစ်ဖက်ပေါ် တင်ထားတယ်၊ ခေါင်းကလည်း ခပ်ငုံ့ငုံ့လုပ်ထားတယ်၊ မျက်လုံးတွေကတော့ ကြမ်းပြင်ကို စူးစိုက်ကြည့်နေတယ်။ ဂဲလ်ဖရစ်ချ်ရဲ့ ခွေးကြီးတစ်ကောင်ဟာ သူ့ရဲ့ ဂါဝန်စကို ခေါင်းနဲ့ပွတ်နေတယ်။ ပြီးတော့ ညှိုးမှိုင်လိုတဲ့ မျက်နှာထားနဲ့ သူ့ရဲ့မျက်နှာကို မော့ကြည့်နေတယ်။ ချစ်စရာကောင်းတဲ့ မြည်သံကိုလည်း ပေးနေတယ်။ သူ့အနေနဲ့ ဒီအခြေအနေမျိုးမှာ ဘာပြောလို့

www.burmeseclassic.com



ဘာလုပ်ရမှန်း မသိ ဖြစ်နေပုံရတယ်။ မာန်မာနကြီးပြီး သာယာပျော်ရွှင်မှု ကင်းမဲ့နေတဲ့ သူ့ရဲ့နှလုံးသားထဲမှာ ဘာတွေများ ဖြစ်နေပါလိမ့်။

မာန်မာနကြီးတယ်ဆိုတဲ့ စကားဟာ ကျွန်တော့် ကလောင်ဆီက အဓိပ္ပာယ်မရှိ ထွက်ကျလာတဲ့ စကားမဟုတ်ပါဘူး။ ကျွန်တော် တွေးမိတယ်။ သူ့ရဲ့ ဦးခေါင်းမလျှို့မှုကြောင့် သူဟာ ပျက်စီးခြင်းဆိုတဲ့ဘေးနဲ့ ရင်ဆိုင်ခဲ့ရတာပဲ ဖြစ်မှာပဲ။ တကယ်လို့သာ သူဟာ တစ်ခုခုကိစ္စကို လက်မြှောက်အရှုံး ပေးခဲ့ရင် ဒီဘဝကို မရောက်တော့ဘဲ တခြားဘဝတစ်ခုမှာ ရောက်နေမှာပေါ့။ ဒါဆိုရင် သူဟာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ "လျှို့ဝှက် မျက်လုံးအလှ ပိုင်ရှင်" အမျိုးသမီးလေးတစ်ဦး ဖြစ်လာဖို့ရှိပါတယ်။

အဲသလို ဘဝမျိုးဆိုရင် သူဟာ အိမ်ထောင်သည်တစ်ဦး ဖြစ်လာမှာပါ။ ပြီးတော့လည်း လင်ဖြစ်သူရဲ့ဘေးမှာ ရည်မှန်းချက်ကင်းမဲ့တဲ့ အိမ်ရှင်မ တစ်ယောက် ဖြစ်လာမှာပါ။ သူ့ရဲ့ ယောက်ျားကတော့ အရေးပါအရာရောက် တဲ့ မြင့်မြင့်မားမားရာထူးတစ်ခုနဲ့ အလွန်အရေးကြီးတဲ့ ပြဿနာရပ်တွေ ထဲမှာ နစ်မြုပ်နေမှာ သေချာပါတယ်။ သူ့ အနေနဲ့ကတော့ အဆင့်မြင့်မြင့် အထက်တန်းကျကျ လှလှပပ အဝတ်အစားတွေ ဝတ်ဆင်မယ်။ သားတွေ သမီးတွေ မွေးမယ်။

သူ့ရဲ့ သားတွေ သမီးတွေကလည်း အဆင့်မြင့်မြင့် ကျောင်းကြီးတွေမှာ ကျောင်းသားကျောင်းသူတွေ ဖြစ်နေမှာပါ။ ဒါပေမဲ့ သူ့ခမျာ အဲဒီလို ဘဝထဲ မရောက်ဘဲ ရောက်ရမယ့် နေရာကနေပြီး လွင့်စဉ်ထွက်လာခဲ့ရပုံပေါ်ပါတယ်။ ဘယ်လိုကြောင့် ဂုဏ်သရေမြင့်မားမယ့်လမ်းကို စွန့်ပစ်ခဲ့ရတာလဲ။ ကျွန်တော် ဘာမှ မသိပါဘူး။ သူ့ရဲ့ မျက်နှာကိုကြည့်ပြီး လေ့လာအကဲခတ်ဖို့ ကြိုးစား ပြန်တော့လည်း အချည်းနှီးပါပဲ။ သူ့ရဲ့ အခြေအနေဟာ စူးစမ်းလေ့လာဖို့ မလွယ်ပါဘူး။ သူ့ရဲ့ အပြုအမူတွေကလည်း နားလည်ရ ခက်ခဲလှပါတယ်။ အခုလည်း သူ့ရဲ့ မျက်လုံးတွေဟာ ကြမ်းပြင်ဆီကိုပဲ စူးစိုက်နေပါတယ်။

"ကျွန်မ အပန်းပြေသွားပြီ အန်ဒရီ နီကိုလေ ယက် ဗစ်ချ်"လို့ သူ

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်ပြီး ပြောပါတယ်။

ကျွန်တော် ထိုင်နေရာက ထရပ်လိုက်တယ်။ ပန်းချီ ဆွဲလက်စ ကင်းဗတ်ကို တစ်ချက်လှမ်းကြည့်ပြီး "ဒီနေ့တော့ ကိုယ် နောက်ထပ် အလုပ်လုပ်လို့ရမှာ မဟုတ်တော့ဘူး နာဒက်ဇဒါ" လို့ ပြောလိုက်တယ်။

သူက ကျွန်တော့်ကို မော့ကြည့်နေတယ်။ စကားတစ်ခွန်း ပြောချင်တဲ့ပုံပဲ။ ဒါပေမဲ့ သူ့ကိုယ်သူ ပြန်ထိန်းထားတယ်။ ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ စတူဒီယိုခန်းထဲက ထွက်သွားပြီး အဝတ်လဲခန်းထဲ ဝင်သွားတယ်။ ကျွန်တော်ဟာ ပက်လက်ကုလားထိုင်ပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်မှာ အပ်ထားလိုက်မိပါတယ်။

နက်ရှိုင်းပြီး အကြောင်းရှာလို့မရတဲ့ ဝမ်းနည်းမှုဟာ ကျွန်တော့်စိတ်ကို လွှမ်းခြုံထားပါတယ်။ မထင်ရှား မပြတ်သားတဲ့ မျှော်မှန်းချက်တစ်ခုဟာ ပေါ်လာပါတယ်၊ အဲဒီတစ်ခုဟာ ကျွန်တော် မသိတဲ့အရာပါ။ စိုးရိမ်စရာလည်း ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီတစ်ခုကို လုပ်လိုက်ချင်တဲ့ စိတ်ကတော့ ကြီးမားပြင်းထန်နေပါတယ်။ ဘာဆိုတာတော့ ကျွန်တော် အတိအကျ မသိပါဘူး။ မပျော်မရွှင်ဖြစ်နေရှာတဲ့ သူ့အပေါ်မှာ ထားရှိနေမိတဲ့ ကြင်နာသနားမှုနဲ့ ဆက်စပ်ပတ်သက်နေပါတယ်၊ ဒီကြင်နာသနားစိတ်ဟာ သူ့မျက်စိအောက်မှာရှိနေတဲ့ အခါတိုင်း ကျွန်တော့်ရင်ကို ရိုက်ခတ်လာလေ့ရှိတဲ့ အမျိုးအမည်မသိတဲ့ ခံစားမှုနဲ့ ရောထွေးပေါင်းစပ်နေတာကိုလည်း သတိထားမိပါတယ်။ ပက်လက်ကုလားထိုင်ပေါ်မှာ ကျွန်တော် ဘယ်လောက် ကြာကြာ ထိုင်နေမိသလဲဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်ဟာ အတွေးရေလှိုင်ကြောမှာ နစ်မျောပြီး သတိလက်လွတ် ဖြစ်နေပါတယ်။

ကျွန်တော် သတိ ပြန်ဝင်လာတဲ့ အခါမှာတော့ သူဟာ ကျွန်တော့်ရှေ့မှာ ရပ်နေပါတယ်။ အဝတ်လဲပြီးလို့ ပြန်ဖို့ အသင့်ဖြစ်နေပါပြီ။

"ဂွဒ်ဘိုင်" လို့ သူက နှုတ်ဆက်ပါတယ်။

ကျွန်တော်က မတ်တတ်ထရပ်ပြီး ကျွန်တော့်လက်ကို သူ့ဆီ ကမ်းပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။ "ခဏနေပါဦး။ ကိုယ် မင့်ကို ပြောစရာလေး ရှိနေလို့"

"ဘာပြောမှာလဲ" တဲ့၊ သူ့အသံထဲမှာ စိုးရိမ်ကြောင့်ကြတဲ့ အရိပ်အငွေ့ ထင်ဟပ်နေတယ်။

"အများကြီးပဲ နာဒက်ဇဒါ။ တကယ့်ကို အများကြီးပဲ။ ကိုယ်ဟာနိုပြမယ် တစ်ယောက်အဖြစ်နဲ့ မဟုတ်ဘဲ တစ်ကြိမ်လောက် မထိုင်နိုင်ဘူးလား"

"ကိုယ်ဟာနိုပြမယ် တစ်ယောက်အဖြစ် မဟုတ်ဘဲ ထိုင်ရမယ်။ ဟုတ်လား။ ဒါပေမဲ့ ကျွန်မက ရှင့်အတွက် ကိုယ်ဟာနိုပြမယ်ကလွဲပြီး တခြားဘာများ ဖြစ်စရာ ရှိသေးလို့လဲ။ ရှင့်အတွက် ကျွန်မဟာ လက်ရှိဘဝနဲ့ ခြားနားတဲ့ တခြားဘဝထဲက မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ သိသွားအောင် ကျွန်မကို ဘုရားသခင်က စောင်မကူညီပါစေလို့ ဆုတောင်းရတော့မလို ဖြစ်နေပြီ။ ကျွန်မဘာဆိုတာ ရှင် သိတယ်မဟုတ်လား။ ကဲ ဂွဒ်ဘိုင်၊ ကျွန်မ သွားတော့မယ်။ ရှင် ဆွဲနေတဲ့ ပန်းချီကားကို အမြန်ဆုံး အပြီးသတ် နိုင်ပါစေ" ပြောပြောဆိုဆို သူဟာ အခန်းတံခါးဝကို ရောက်သွားပါတယ်။

"ကိုယ်လည်း မသိတော့ပါဘူး။ ကိုယ့်အနေနဲ့ မင့်ကို နောက်ထပ် သီတင်းနှစ်ပတ်၊ သုံးပတ်လောက် ဒီကို ဆက်လာပေးဖို့ ပြောချင်တာလို့ ထင်တာပဲ"

သူဟာ ငြိမ်နေတယ်။ သူ့အနေနဲ့ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသလို ဖြစ်နေပုံရပါတယ်။

"မင့်မှာ ပြောချင်တာရှိရင် ပြောပါ။ ဘာများလိုသလဲ နာဒက်ဇဒါ မီကိုလေ ယက်ဗ်နာ"

"ဟို လေ၊ ဟို ရှင့်ရဲ့ မိတ်ဆွေ ပန်းချီဆရာတွေမှာ လိုအပ်ရင်ပေါ့လေ။ အဲဒါဆိုရင်" သူဟာ ထစ်တီးထစ်ငေါ့ ဖြစ်နေတယ်။

"ကိုယ်ဟာနိုပြမယ် လိုအပ်ရင်လို့ ပြောတာလား" လို့ ကျွန်တော်က ကြားဖြတ်မေးတယ်။ "မင့်အတွက် ကိုယ် ကြိုးစားပေးမယ်လေ။ တကယ်ပါ ဆိုတယ် စီစဉ်ပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ။ ကဲ သွားမယ်နော် ဝွဒ်ဘိုင်"

ကျွန်တော်က သူ့ရဲ့ လက်ကိုဆွဲပြီး နှုတ်မဆက်ခင် မှာဘဲ အိမ်ရှေ့ ဘဲလ်သံ ကြားလိုက်ရပါတယ်။ သူ့ရဲ့ မျက်နှာဟာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ကုလားထိုင် တစ်လုံးပေါ် ထိုင်ချလိုက်ပါတယ်။ ဝင်လာတဲ့လူက ဘက်... နေ့ဗ်ပါ"

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ဘက်ဆိုနော့ဗ်ဟာ ဘာကိုမှ အရေးမထား ဂရုမစိုက်တဲ့ပုံမျိုးနဲ့ ခပ်မြူးမြူး ခပ်ကြွကြွ ဝင်လာပါတယ်။ ကျွန်တော် သူနဲ့ နောက်ဆုံးအကြိမ် တွေ့ခဲ့တုန်းက ထက် ပိုပြီးပိန်သွားတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ နောက်တစ်ကြိမ် ပြန်ကြည့်လိုက်တော့ အဲဒီအထင်ဟာ ပျောက်ကွယ်သွားပါတယ်။ သူက ကျွန်တော်ကို လိုက်လိုက်လှဲလှဲ အမူအရာနဲ့ နှုတ်ဆက်ပြီး နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဘက်ကို တစ်ချက် ဦးညွတ်လိုက်ပါတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာကတော့ ကုလားထိုင်ပေါ်က မထပါဘူး။ သူကတော့ စကားကို ဖောင်လောက်အောင် ပြောနေပါတယ်။

"ခင်ဗျားရဲ့ အလုပ် အခြေအနေကို သိချင်လို့ ဝင်ကြည့်တာ။ ခင်ဗျား အလုပ်ကို ကျွန်တော် သိပ်ပြီး စိတ်ဝင်စားနေတာ ခင်ဗျားလည်း သိသားပဲ။ ခင်ဗျားအနေနဲ့ ခင်ဗျား အလိုလားဆုံး ကိုယ်ဟန်ပြမယ် ရနေပြီဆိုတော့ အလုပ်က ခရီးတွင်တယ် ထင်တယ်။ အဲဒါ သိချင်လို့ပါ"

သူက နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာကို လှမ်းကြည့်တယ်။ သူ့အနေ နဲ့ ထိုင်ရာကထပြီး ထွက်သွားလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားတယ်။ အဲသလိုလည်း လုပ်စေချင်တယ်။ ဒါပေမဲ့ သူက လုံးဝ ထိုင်ရာကမထဘူး။ ကုလားထိုင်မှာ ကြိုးနဲ့ပူးချည်ခံထားရတဲ့ လူလိုပဲ။ မလှုပ်မယှက် ထိုင်နေ

www.burmeseclassic.com



တယ်။ မျက်လုံးတွေကတော့ ဘက်ဆိုနော့ဗ်ရဲ့ မျက်နှာကို စူးစူးရဲရဲ ကြည့်နေတယ်။

"ခင်ဗျား ပြောတာ မှန်ပါတယ်" လို့ ကျွန်တော်က ပြောတယ်။ "ကျွန်တော်ကတော့ ကျွန်တော့် ပန်းချီကားအတွက် ကိုယ်ဟန်ပြပေးဖို့ သဘောတူခဲ့တဲ့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာကို သိပ်ပြီး ကျေးဇူးတင်ရမှာပဲ"

အဲဒီစကားလည်း ပြောပြီးရော ကျွန်တော်က ဆွဲလက်စပန်းချီကားတင်ထားတဲ့ သုံးချောင်းထောက်ခုံကလေးကို ယူပြီး သူ မြင်သာအောင် ချပြလိုက်တယ်။ "ကဲ ခင်ဗျား ကြိုက်သလိုသာ ကြည့်တော့" လို့လည်း ပြောလိုက်ပါတယ်။ သူဟာ ပန်းချီကားကို အသေအချာ ကြည့်နေတယ်။ အလွန်အံ့ဩနေတဲ့ အရိပ်လက္ခဏာကို သူ့မျက်နှာမှာ ပေါ်နေတာ မြင်ရတယ်။ ပန်းချီလက်ရာ သိပ်ကောင်းနေတယ်လို့ အသိ အမှတ်ပြုတဲ့သဘောဟာ အထင်အရှား ပေါ်နေတယ်။

နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ ထိုင်ရာက ထရပ်ပြီး "သွားတော့မယ်" လို့ အသံတိုးတိုးနဲ့ နှုတ်ဆက်တယ်။ ဘက်ဆိုနော့ဗ် နောက်ကို ဖျတ်ခနဲ လှည့်လိုက်ပြီး သူ့ဘက်ကို လျှောက်သွားတယ်။

"မသွားပါနဲ့ဦးလား နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာရယ် တို့မင်းနဲ့ မတွေ့ရတာ အတော့်ကို ကြာပြီ၊ အခု ဒီကိုလာမှ အမှတ်မထင် ဆုံမိကြတာ။ အဲဒါ မင်းက ထွက်ပြေးဖို့ အားထုတ်နေသလား။ ဘာလဲ တို့နဲ့ မတွေ့ချင်ဘူးလား။ ခဏတော့ နေပါဦး။ ငါးမိနစ်လောက်ပဲ ဖြစ်ဖြစ်ပေါ့။ တို့နဲ့ အတူတူ ပြန်ကြရအောင်။ မင့်ကို အိမ်အထိ လိုက်ပို့ပေးမယ်"

"ဒါနဲ့ မေးရဦးမယ်။ မင့်ကို လိုက်ရှာနေတာကြာပြီ။ ဘယ်မှာမှ မတွေ့ဘူး။ မင်း အလျှင်ငှားနေခဲ့တဲ့ အခန်းနီးချင်းတွေကပြောတော့ မင်း ဒီမြို့က ထွက်သွားပြီတဲ့။ သူတို့ စကားတွေ မမှန်ဘူးဆိုတာ သိပါတယ်။ နေရပ်လိပ်စာ မြူရိုကိုတို့ ရောက်သွားသေးတယ်။ အဲဒီမှာ မင့်လိပ်စာ မရှိဘူး။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သွားစရာ မလိုတော့ဘူး။ မင်းနဲ့ တွေ့နေပြီ။ မင်း ဘယ်မှာ နေတယ်ဆိုတာ ပြောရတော့မှာ သေချာသွားပြီ။ တို့က မင်းကို အိမ်အထိ လိုက်ပို့ပေးမှာပဲ''

သူ စကားပြောနေတာ လျှာထွက်မခန်းပဲ။ အလျင်က ပြောပုံမျိုးလည်း မဟုတ်ဘူး။ ချော့ချော့မော့မော့ လေသံကလေးနဲ့ ပြောနေတာ။ ဟိုတစ်ညက ကျွန်တော်နဲ့ ဂဲလ် ဖရစ်ချ် ရှေ့မှာ ပြောသလို တင်းတင်းမာမာ မဟုတ်ဘူး။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာက ''မလိုပါဘူး ဘက်ဆို နော့ဗ်'' လို့ ပြန်ပြောတယ်။ ''ကျေးဇူးတင်ပါတယ်။ အိမ်ပြန်တာ ကျွန်မဘာသာ ကျွန်မ ပြန်လို့ရပါတယ်။ ဘယ်သူမှ လိုက်ပို့ဖို့ မလိုပါဘူး။ ကျွန်မ ဘယ်မှာနေတယ် ဆိုတာလဲ ရှင့်ကို ပြောစရာ အကြောင်းမရှိပါဘူး''

ဘက်ဆိုနော့ဗ်က တစ်ခုခုပြောတော့မလို့ ဟန်ပြင်လိုက်တယ်။ ဒါပေမဲ့ မပြောဘူး။ သူ့လည်ချောင်းထဲက အသံတစ်သံတော့ မသဲမကွဲ ထွက်လာ တယ်။ သူဟာ သူ့ကိုယ်သူထိန်းနိုင်ဖို့ ကြိုးစားနေတာ မြင်ရတယ်။ သူဟာ နောက်ဘက်ကို ချာခနဲ လှည့်ကြည့်တယ်။ ပြီးတော့ ''ဒါဆိုရင်လည်း မင်းဘာသာမင်းပဲ ပြန်ပေါ့၊ ရပါတယ်။ တို့ကို မသုံးလိုတော့ဘူးဆိုလည်း ဖြစ်တာပါပဲ။ ဒါဟာ တို့နှစ်ယောက်စလုံးအတွက် အကောင်းဆုံး ဖြစ်မှာပါ။ အေးလေ တို့သုံးယောက်စလုံးအတွက်လို့ ပြောရင်လည်း မှန်ကောင်းမှန်မှာ ပေါ့'' လို့ ပြောတယ်။

နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာက အခန်းထဲက ထွက်သွားတယ်။ အခန်းထဲမှာ ကျွန်တော်တို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ အဲဒီအခိုက်မှာ ပဲ ဂဲလ်ဖရစ်ချ် ဝင်လာတယ်။ ကျွန်တော်က ဘက်ဆိုနော့ဗ်ကို ကျွန်တော်တို့နဲ့ အတူတူ ညစာစားဖို့ ဖိတ်ပါတယ်။ ဘက်ဆိုနော့ဗ်ဆီက ချက်ချင်း အဖြေမရ ဘူး။ သူဟာ တစ်ခုခုကို စဉ်းစားနေသလို ဖြစ်နေတယ်။ ခဏကြာတော့မှ ''ဘာ ညစာ၊ ဟုတ်လား။ ကိစ္စမရှိပါဘူး။ စားတာပေါ့။ ကျွန်တော် ခင်ဗျားဆီ မရောက်တာလည်း ကြာပြီ ခင်ဗျားနဲ့ ဒီနေ့ စကားပြောစရာတွေ ရှိတယ်''

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတယ်။

သူပြောတဲ့အတိုင်းပဲ သူဟာ ကျွန်တော်တို့နဲ့ ညစာ စားတယ်။ ညစာစားနေချိန်မှာ သူဟာ စကားသိပ်မပြောဘူး။ ဂဲလ်ဖရစ်ချ်က သူ ကြောင်တွေချည်း ရေးဆွဲနေရတဲ့အကြောင်းကို စိတ်ပျက်လက်ပျက်နဲ့ ပြောပြနေတယ်။ သူကတော့ တစ်ခွန်းတလေ ပြန်ပြောတယ်။ ဂဲလ်ဖရစ်ချ်က နောက်ထပ်ကြောင်ပုံတွေကို မဆွဲတော့ဘူးလို့ သူ အခိုင်အမာ ဆုံးဖြတ်လိုက်ပြီလို့ ပြောနေတယ်။

တဖြည်းဖြည်းနဲ့ ဘက်ဆိုနော့ဗ်ဟာ သူ အလေးအနက်ထားပြီး ပြောရမယ့် စကားတွေဆီကို လှည့်လာတယ်။ ပိုင်အရက် နှစ်ဖန်ခွက်ရဲ့ အရှိန်ကြောင့် ထင်ပါရဲ့။ နှုတ်ရဲလျှာရဲ နှုတ်သွက်အာသွက် ဖြစ်လာတယ်။ သူဟာ စကားတွေ သိပ်ပြောလာတယ်။ ပြည်တွင်းရေးနဲ့ နိုင်ငံခြားရေးရာတွေအကြောင်း ဝေဖန်တယ်။ နိုင်ငံရေးပြဿနာတွေနဲ့ ပတ်သက်လို့ နှစ်နှစ်လောက် ဆောင်းပါးအမြောက်အမြား ရေးခဲ့ဖူးလေတော့ အတွေ့အကြုံက များတယ် မဟုတ်လား။ ဒီကိစ္စ ဒီအကြောင်းအရာတွေမှာတော့ ကျွန်တော်တို့က သူငယ်နှပ်စားအဆင့်မှာပဲ ရှိတယ်လေ။

ဒါပေမဲ့ ဘက်ဆိုနော့ဗ်ဟာ တခြားဘာအကြောင်းကိုမှ ပြောမသွားဘဲ ပြန်သွားတယ်။ သူလည်း ပြန်သွားရော ကျွန်တော်က "ဒီမယ် ဂဲလ်ဖရစ်ချ် နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာရဲ့ မျိုးရိုးနာမည်ကို ဘက်ဆိုနော့ဗ် သိမှာသေချာတယ်" လို့ ပြောလိုက်မိတယ်။

"ခင်ဗျားက ဘာပြုလို့ အဲသလို ထင်ရတာလဲ" လို့ သူက ပြန်မေးတယ်။

ကျွန်တော်က သူ ရောက်မလာခင် ဘက်ဆိုနော့ဗ်နဲ့ ဖြစ်ခဲ့တဲ့ကိစ္စကို ရှင်းပြလိုက်တယ်။ "ဒါဆိုရင် ခင်ဗျားအနေနဲ့ ဘက်ဆိုနော့ဗ်ကို ဘာကြောင့် မမေးလိုက်တာလဲ" လို့ ပြောတယ်။ ပြီးတော့ တစ်ဆက်တည်း "အေးလေ ခင်ဗျားက မေးဖို့ ဆိုတာကလည်း သိပ်တော့မကောင်းဘူး။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်။ ဒီကိစ္စကို ကျွန်တော်ဘာသာ ကျွန်တော်ပဲ ရအောင် စုံစမ်းကြည့်မယ်'' တဲ့။

ကျွန်တော့်အနေနဲ့ ဘာကြောင့် မမေးခဲ့မိတာလဲ။ အဲဒီ မေးခွန်းအတွက် အဖြေကို အခုအချိန်ထိ ကျွန်တော် မရဘူး။ အမှန်တော့ ကျွန်တော်ဟာ ဘက်ဆိုနော့ဗ်နဲ့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာတို့ရဲ့ ဆက်ဆံရေးကို ဘာမှ သိတဲ့လူ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ နှစ်ယောက်ကြားမှာ ထူးဆန်းပြီး လျှို့ဝှက်တဲ့ အရာတစ်ခု ဖြစ်လာလိမ့်မယ်ဆိုတဲ့ အထင်ကတော့ ရှိနေတယ်။ အဲဒါကလည်း ရေရေရာရာ မဟုတ်တော့ ခက်တယ်။ တစ်ခါတလေ သူ့ကို မေးချင်မိပေမဲ့ မေးမယ်လို့ တာစူလိုက်တိုင်း စကားလုံးတွေက လည်ချောင်းထဲမှာ ကပ်ပြီး တစ်ဆို့နေတယ်။

ကျွန်တော်က အဲဒီ အကြောင်းတွေ ဂဲလ်ဖရစ်ချ်ကို ရှင်းပြတယ်။ ပြီးတော့ ''ကျွန်တော့် အနေနဲ့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ အကြောင်း နှိုက်ရှိုးရှင်းရှင်းကလေး မေးလိုက် ပြောလိုက်ရင် ဖြစ်တာပဲ။ ဒါပေမဲ့ မပြောဖြစ်အောင် ကျွန်တော့်ကို ဘယ်အရာက ပိတ်ပင်တားမြစ်ထားသလဲ။ အဲဒါကို ကျွန်တော် စဉ်းစားတယ်။ အဖြေ မရဘူး။ သူတို့ နှစ်ဦးကြားမှာ တစ်ခုခုတော့ ရှိခဲ့ရမယ်။ အဲဒါ ဘာလဲ ဆိုတာတော့ ကျွန်တော် မသိဘူး'' လို့ ပြောပြမိတယ်။

ဂဲလ်ဖရစ်ချ်ဟာ အခန်းထဲမှာ လမ်းလျှောက်ရင်း နားထောင်နေတယ်။ ပြီးတော့ အမှောင်ထဲမှာ ရှိနေတဲ့ ပြတင်းပေါက်ဆီ သွားရပ်ပြီး အပြင်ဘက် အမှောင်ထုဆီကို ငေးကြည့်နေတယ်။

''ခင်ဗျား မသိပေမဲ့ ကျွန်တော်ကတော့ သိတယ်။ ဘက်ဆိုနော့ဗ်ဟာ ထထမကတော့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ အထင်သေးတယ်။ စက်ဆုပ်တယ်။ အခုကျတော့ သူ ချစ်နေပြီ။ ဘာကြောင့်လဲဆိုတော့ သူ မြင်တာကို အိုရာ ပြောရခက်ပါတယ်။ နှလုံးသားကလည်း မာကျောကျော။ အခွံကလည်း အားကြီး။ မနာလိုဝန်တိုမှုကလည်း များ။ ဒီလူမှာ အဲဒါတွေက

www.burmeseclassic.com



သိပ်များနေတယ် မဟုတ်လား အန်ဒရီရာ" လို့ ပြောတယ်။

ခဏနေတော့ သူဟာ ကျောခိုင်းပြီး ရပ်နေရာက ကျွန်တော့် လှည့်ကြည့်တယ်။ ကျွန်တော့် လက်နှစ်ဖက်ကို ဆွဲယူပြီး ဆုပ်ကိုင်ထားတယ်

"ခင်ဗျား သူ့ကို သတိထားပါ အန်ဒရီ"တဲ့။

မနာလိုဝန်တိုတဲ့ နှလုံးသားဆိုတာ ဘာလဲ ၊ မနာလို ဝန်တိုတယ် သူက ဘာကို မနာလိုဝန်တို ဖြစ်နေရတာလဲ။

■

www.burmeseclassic.com

www.burmeseclassic.com

၁၁

# ဘက်ဆိုနော့ပ်၏ မှတ်တမ်းမှ

နေ့က လိုပါတင်နှင့် ဂဲလ်ဖရစ်ချ် တို့သည် နက်ဒယာနှင့် ကျွန်တော့်အား တွေ့သည်။ ကျွန်တော့်၏ သဘောထားကို ဆန့်ကျင်ကာ သူတို့ချင်း နှီးခင်မင်သွားကြသည်။ ယနေ့မနက်တွင် ကျွန်တော်သည် သူ့ဆီသွား၍ ခင်မှုကို ရပ်တန့်းကရပ်ဖို့ ပြောသည်။ သို့သော်လည်း ကျွန်တော် ဘာမှ တတ်နိုင်ပါ။ သူတို့သည် နေ့စဉ် လူချင်းဆုံမိကြတော့မည်။ နာရီပေါင်းများစွာ တူထိုင်ကြတော့မည်။ နောက်ဆုံး ဤကိစ္စသည် ဘယ်အခြေသို့ ဆိုက် ရောက်သွားမည်ကို ကျွန်တော်သိပါသည်။

ဤပြဿနာကို ကျွန်တော် ဘာကြောင့် အမြင်တစ်မျိုးဖြင့် ဖြေရှင်းရန် စားခဲ့မိပါလိမ့်။ ကျွန်တော် လိုပါတင်ကို သိကျွမ်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ခဲ့ပြီ။ အစွမ်းအစရှိသော ဤလူငယ်အပေါ်၌ ရိုးသားဖြူစင်သောစိတ်ဖြင့် ယ်ချင်းစာတရား ထားခဲ့မိသည်ဟု ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည် သည်။ ကျွန်တော် သူ့အပေါ်တွင် မကောင်းစိတ် မထားခဲ့ပါ။ သို့တစေလည်း ကျင့်ပျက်ပြားနေသော မီးနှင့် ရေကြားမှာ ဖြတ်သန်းလာခဲ့သော မကောင်း ဝါတစ်ကောင်လို ဖြစ်နေသော မိန်းမတစ်ယောက်နှင့် အကျိုးအထင်း

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လုံးဝ မရှိသော သူ့လို လူငယ် တစ်ယောက်တို့ နီးစပ်သွားစေလိုသော ဆန္ဒ ကျွန်တော့်တွင် မရှိပါ။

ဤအမျိုးသမီးအား ကျွန်တော်သိလာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ သူ ဤဘဝသို့ ရောက်လာချိန်မှစ၍ ကျွန်တော်နှင့် သိလာရခြင်းဖြစ်၏။ ပွင့်ပွင့်လင်းလင်း ဝန်ခံရမည်ဆိုပါက ကျွန်တော်သည် မိမိ၏အားနည်းချက်ကို အရှုံးပေးခဲ့ရသည့် အချိန်ကာလ တစ်ခုရှိခဲ့ဖူးပါသည်။ သူသည် ကျွန်တော့်အတွက် အလွန်ဆွဲဆောင်မှု အားကြီးသော မိန်းမတစ်ယောက် ဖြစ်ခဲ့ပါသည်။ အခြား မိန်းမများနှင့်မတူ တစ်မူထူးခြားသည့် ရုပ်ရည်ရူပကာယနှင့် အပြော အဆင် အမွှမ်းအမံ အပြုအမူများ၏ ထူးခြားမှု စသည်တို့သည် ကျွန်တော့် စိတ်ကို သူ့အပေါ်သို့ တိမ်းညွတ်လာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်သည် သူ၏အကြောင်းကို ကျွန်တော် တွေးသင့် တွေးထိုက်သည်ထက် ပို၍ တွေးမိခဲ့သည်ကို ဝန်ခံရပါလိမ့်မည်။ သို့သော်လည်း ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် နိုင်အောင်ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ကျွန်တော်သည် သူ့အား မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့သည်။ သူသည် ဂုဏ်သိက္ခာရှိသော ဘဝသို့ ပြန်သွားလိမ့်မည်ဟူသော အတွေးဖြင့် စောင့်ကြည့်ခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း သူသည် သာမန်ပုံမှန်ဘဝကို ပြန်လည်ရရှိရန် အားထုတ်ချင်စိတ်မရှိဟု သိလာသည့်အခါ သူ့အား သူ၏ ကြမ္မာအတိုင်း ရှိစေတော့ဟု သဘောထားကာ စွန့်ခွာရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း ကျွန်တော်သည် သူနှင့် ဆက်လက်၍ တွေ့မြဲတိုင်း တွေ့နေပါသည်။

ကျွန်တော် ပြုမိခဲ့သည့် အမှားအတွက် ဘယ်တော့မှ ကျွန်တော့်ကိုယ် ကျွန်တော် ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ပါ။ တစ်ညနေခင်းတွင် ကျွန်တော့်ထံ သို့ လိုပါတင် ရောက်လာပြီး သူ့ပန်းချီကား ရေးဆွဲရာ၌ မှန်းထားသည့်အတိုင်း မဖြစ်၍ စိတ်ပျက်လက်ပျက် ပြောပြနေသည်။ ကျွန်တော်သည် သူ ရလိုသော ကိုယ်ဟန်ပြမယ်မျိုး တစ်ယောက်ရှိကြောင်း အမှတ်မထင် ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



…ိုစဉ်က သူ့အား ဂဲလ်ဖရစ်ချ် က ဘာကြောင့် ကိုယ်ဟန်ပြမယ်အကြောင်း …ပြောတာပါလိမ့်ဟု ကျွန်တော် တွေးခဲ့မိသည်။ အဖြေရှာမရပါ။ တကယ်တော့ …လ်ဖရစ်ချ်သည် ထိုအမျိုးသမီးကို သိနေသည်မှာ ကျွန်တော့်လိုပင် ကာလ …တန်ကြာခဲ့ပြီ မဟုတ်ပါလား။

ယနေ့ ကျွန်တော်၏ အဆင်ခြင်ကင်းမဲ့ခြင်းနှင့် စိတ်မြန်ခြင်းတို့ကြောင့် …ရာရာတိုင်းသည် ပျက်စီးခဲ့ရ၏။အမှန်တော့ ကျွန်တော်သည် သတိတရားရှိ …င့်၏။ သို့သော်လည်း ကျွန်တော်သည် သတိကင်းမဲ့စွာဖြင့် စိတ်ထားဖြူစင် …မ်မွေ့သော လူတစ်ယောက်အား စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားအောင် …ုပ်လိုက်မိ၏။ သူသည် လုံလိုလိုဘာလိုလို ပစ္စည်းတစ်ခုကို ဆွဲယူကာ …မ်းပြင်ကို တအားကုန် ထိုးစိုက်ခဲ့သည်။ အရှိန်ပြင်းလွန်းသဖြင့် ပြတင်း …ါက်တံခါးပေါင်များပင် တုန်ခါသွားခဲ့ပါသည်။ သူ မည်မျှအထိ ဒေါသကြီးသွား …ည်ကို သိလိုက်ရသော ကျွန်တော်သည် အလိုက်သိစွာဖြင့် ထိုနေရာမှ …ှောင်ခွာခဲ့ပါသည်။

■

ကျွန်တော်နှင့် လိုပါတင် မတွေ့သည်မှာ ရက်အတန် ကြာမျှ ရှိခဲ့ပြီ။ …နေ့က လမ်းထဲ တစ်နေရာတွင် ဂဲလ်ဖရစ်ချ် နှင့် ဆုံမိခဲ့ရာ လီမ့်မှာ ပါးနပ်စွာဖြင့် …ူ့မိတ်ဆွေ လိုပါတင် အကြောင်းကို စုံစမ်း မေးမြန်းခဲ့သည်။

နာဒက်ဒေါ် နီကိုလေ ယက်ဗ်နာသည် လိုပါတင်ထံ နေ့စဉ် လာသည်ဟု …ိလိုက်ရ၏။ လိုပါတင်၏ ပန်းချီကားမှာ များစွာတိုးတက်လာနေသည်။ …ူသည် စတူဒီယို၌ မည်ကဲ့သို့ ပြုမူနေထိုင်ပါသနည်း။ ဂုဏ်သိက္ခာရှိရှိ …ည်ကျေး သိမ်မွေ့စွာ နေထိုင်သည်။ စကားလည်း များများမပြော။ နှုတ်ဆိတ် …နေသည်က များသည်။ လာသည့်အခါတိုင်း အနက်ရောင်ဝတ်စုံကိုသာ …ထ်သည်။ ပပလွှားလွှား မရှိ။ သူမအနေဖြင့် ကိုယ်ဟန်ပြ ပေးသည့် …အတွက် အခကြေးငွေ ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုပါတင်ကကော ဘယ်လိုလဲ။ လိုပါတင်ကတော့ သူ့ပန်းချီကားနှင့် သင့်တော်သည့် ကိုယ်ဟန်ပြမယ်ရသဖြင့် များစွာ ဝမ်းသာကျေနပ်လျက်ရှိသည်။ ပထမတွင် သူသည် အစဉ်အမြဲ ပျော်ရွှင်ကာ အလုပ်ကို ဇောက်ချ၍ လုပ်ကိုင်လျက်ရှိသည်။ သို့သော်လည်း အခုတော့ဖြင့် ခပ်တွေတွေ ခပ်မှိုင်မှိုင် ဖြစ်နေသည်။

"ခင်ဗျားက ဒီကိစ္စမှာ ဘာကြောင့် ဒီလောက်ကြီး စိတ်ဝင်စားနေရတာလဲ ဘက်ဆိုနေ့ဇ်ရဲ့" လို့ မောင်ခါးကုန်း ဂဲလ်ဖရစ်ချ်က မေးသည်။

"ခင်ဗျားက ဒီမိန်းမအပေါ်မှာ စိတ်မဝင်စားခဲ့ဘဲကိုးဗျ။ သူ့ကို ကယ်တင်နိုင်ဖို့ အတွက် ခင်ဗျားမှာ အချိန်ရခဲ့သေးတယ် မဟုတ်လား။ ဒါပေမဲ့ အခုတော့ ခင်ဗျား နောက်ကျသွားပြီ။ ဟုတ်လား။ ခင်ဗျား နောက်ကျသွားပြီး"

"ခင်ဗျား သိပ် နောက်ကျသွားပြီ။ ခင်ဗျား သိပ် နောက်ကျသွားပြီ။ သူ ဘာဆိုလိုတာလဲ။ ကျွန်တော့်အတွက် သိပ်နောက်ကျသွားပြီဆိုရင် သူ့ သူငယ်ချင်းအတွက် နောက်မကျသေးဘူးလို့ ပြောချင်တာလား။ ဒီအကောင်တွေ အရူးတွေပဲ။ ဘာလဲ ဒီအကောင် ဂဲလ်ဖရစ်ချ်ကော ဘာထူးလို့လဲ အရူးပဲ"

ဤသို့ပင် ကျွန်တော် တွေးမိသည်။ သူတို့ အနေနှင့် ဤအမျိုးသမီးအား ဘယ်သောအခါမှာမှ ကယ်တင်နိုင်လိမ့်မည်မဟုတ်ဟု ကျွန်တော်ထင်သည်။ ဂဲလ်ဖရစ်ချ်သည် သူ့ကိုယ်သူ လိုပါတင်၏ အရင်းနှီးဆုံး သူငယ်ချင်းဟု သတ်မှတ်ထားသည်။ ထို့ကြောင့်လည်း လိုပါတင့်အကြောင်းကို သူက ကျွန်တော့်ထက် ပို၍သိသည်ဟု ယူဆထားသည်။ လိုပါတင်သည် သူနှင့် စေ့စပ်ထားသော ဝမ်းကွဲညီမ အပေါ်၌ ဘယ်လို ဆက်ဆံနေသည်ကိုလည်း သူက ပိုသိသည်ဟု ယုံကြည်နေသည်။

တကယ်တော့ သူသည် အခြေအနေအားလုံးကို စေ့စေ့စပ်စပ် သိသည် မဟုတ်။ သူတို့သည် မကောင်းမှုတစ်ခုကို ပြုနေကြခြင်းသာဖြစ်၏။ ဤအချက် ကို သူတို့ သဘောမပေါက်။ သူတို့အနေဖြင့် အမျိုးသမီးအား ကယ်တင်နိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု ထင်မှတ်နေကြသည်။ ကျွန်တော်ကတော့ သူတို့သည် မဖြစ်နိုင်သော အလုပ်တစ်ခုကို လုပ်နေခြင်းသာ ဖြစ်သည်ဟု ယူဆသည်။ လိုပါတင်သည် နောက်ဆုံးတွင် သူ့နှလုံးသားကိုရော သူ့အား ချစ်ခင်တွယ်တာနေရှာသည့် မိန်းကလေး၏ နှလုံးသားကိုပါ ကွဲအက်ကြေမွသွားအောင် လုပ်မိမည်မှာ မလွဲပါ။

ဤကိစ္စတွင် တစ်စုံတစ်ရာ ဝင်လုပ်ပေးရမည့် တာဝန်သည် ကျွန်တော့်တွင် ရှိနေသည်ဟု ယူဆသည်။ မနက်ဖြန် နေ့ခင်းကျလျှင် လိုပါတင်နှင့် ကျွန်တော် သွားတွေ့မည်။ ဟိုအမျိုးသမီးနှင့် သူတို့ ဘယ်အခြေအနေအထိ ရောက်နေပြီနည်း။ ပြီးတော့ သူ့ကို ယနေ့ပင် သွားတွေ့မည်။

■

ယနေ့ ကျွန်တော် သူ့အခန်းသို့ ရောက်သွားသည်။ သူ့ကို မတွေ့ပါ။ သူ ပြောင်းသွားပြီဟု သိရ၏။ ဘယ်နေရာ ပြောင်းသွားသည်ကိုလည်း ပြောမသွားပါ။ သူသည် သူ၏ အဝတ်အစား အားလုံးကို ရောင်းသွားသည်ဟု သိရ၏။ ကျွန်တော် သူ့ကို လိုက်ရှာသော်လည်း မတွေ့ပါ။ လိပ်စာမြို့ရုံသို့ သွား၍စုံစမ်းသော်လည်း မရပါ။ မနက်ဖြန် နေ့ခင်းကျလျှင်တော့ လိုပါတင်နှင့် သွားတွေ့မှ ဖြစ်တော့မည်။

ကျွန်တော့်အနေဖြင့် ယခင်က အသုံးပြုနေသည့် နည်းလမ်းကို စွန့်လွှတ်မှ ဖြစ်တော့မည်။ ကျွန်တော်သည် လိုပါတင်အပေါ် အတွက်အဆ လွဲခဲ့၏။ ခပ်အေးအေးနေတတ်သော သဘာဝရှိသဖြင့် သူ့အား ခပ်တင်းတင်း ခပ်မာမာ ပြောဆို၍ ရလိမ့်မည်ဟု ထင်ခဲ့သည်။ လက်တွေ့တွင်မူ ထိုသို့မဟုတ်ပါ။ သာသာအေးအေး ပြောဆိုမှ ဖြစ်မည်ဟု ယူဆရသည်။ ဤအမျိုးသမီးကိစ္စ သူနှင့် အလျင်ဆုံး အထိအတွေ့ရှိပါမှ ဖြစ်ပေလိမ့်မည်။ တစ်ချိန်က ဤအမျိုးသမီးသည် ကျွန်တော့်အပေါ် အနည်းငယ်မျှ စိတ်ဝင်စားခဲ့၏။ အကယ်၍ ကျွန်တော် အနည်းငယ်မျှ အပင်ပန်းခံလိုက်လျှင် သူနှင့် သူ့အား ခွဲလို့ရမည်မှာ

www.burmeseclassic.com

www.burmeseclassic.com



မလွဲ။ သူ့အား ယခင်က စိတ်မျိုး ပြန်ဝင်လာအောင် လုပ်နိုင်လျှင် သူသည် ကျွန်တော့်ထံ ပြန်လာလိမ့်မည်။ သို့ဆိုလျှင် ကျွန်တော် ဖြစ်စေချင်သည့်ပုံစံ သည် မုချ ဖြစ်လာဖို့ရှိ၏။

အခုမှ ကျွန်တော်သည် နာဒက်ဖဒါ နီကိုလေ ယက်ဗ်နာ အား လုပ်ပြီ လုည့်ရတော့မည် ဖြစ်သည်။ စိတ်ကူးကတော့ အရူးစိတ်ကူးနှင့် တူလှချေ သည်။ သို့သော်လည်း ကျွန်တော်ကတော့ ကိုယ့်စိတ်ကူးကိုယ် သဘောကျ နေသည်။ မည်သို့ပင်ဖြစ်စေ လိုပါတင်အား သူ့ကိုယ်သူ ပျက်စီးသွားအောင် သူ့ဘဝတစ်ခုလုံး ပျက်စီးသွားအောင် ဥပေက္ခာမပြုသင့်ဟု ကျွန်တော့် စိတ်ထဲ၌ ခံစားနေရပါသည်။

■

အမျိုးသမီးက ကျွန်တော့်အား သရော်သည်၊ လှောင်လား၊ ပြောင်လား လုပ်သည်။ ကျွန်တော်ကတော့ သူ့အား သိမ်မွေ့နူးညံ့စွာ ဆက်ဆံပြောဆို သည်။ ကျွန်တော့်ကိုယ်ကျွန်တော် များစွာ နှိမ့်ချထားသော်လည်း သူသည် ကျွန်တော့်အား ခါထုတ်ပြီး ထွက်ခွာသွားခဲ့သည်။

သူသည် အံ့ဩစဖွယ် ကောင်းလောက်အောင် ပြောင်းလဲသွားသည်ကို တွေ့ရ၏။ သူ၏ ဖြူရော်ရော်မျက်နှာသည် ယခင်ကလိုမဟုတ်။ ဂုဏ်သိက္ခာ တင်ထားသည့် အရိပ်အငွေ့များ ပေါ်နေသည်။ ဣန္ဒြေသိက္ခာလည်း ရှိနေ သည်။ ထည်ဝါခံ့ညားသောအသွင်လည်း ဆောင်နေသည်။ မာန်မာနကိုလည်း တင်ထားသည်။ သူ့အနေဖြင့် မာန်မာနတင်ရလောက်အောင် ဘာများ ရှိနေလို့ပါလိမ့်။

ကျွန်တော်သည် လိုပါတင်၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၍ အကဲ ခတ်သည်။ ဤအမျိုးသမီးနှင့် သူ၏ ဆက်ဆံရေးအခြေအနေသည်သို့ရှိသည် ကို အကဲခတ်လို့ရမည်ဟု ထင်၍ဖြစ်သည်။ များများစားစား မတွေ့ရပါ။ သူ့ကို ကြည့်ရသည်မှာ များစွာစိတ်လှုပ်ရှားနေသည်မှာ ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်တော့ သူ စိတ်လှုပ်ရှားနေသည်မှာ သူ့ပန်းချီကားကြောင့်ဖြစ်၏။ သူ့ပန်းချီကားသည် အလွန်ကြီးကျယ်ခမ်းနားပြီး ထင်ရှားသည့် ကားတစ်ကား ဖြစ်လာမည့် အလားအလာရှိနေသည် မဟုတ်ပါလား။ ကင်းဗတ်ထဲမှ သူ၏ ရုပ်ပုံလွှာသည် အသက်ဝင်လာပါပေသည်။

ကျွန်တော်သည် ဒေါသကို မျိုသိပ်ထားသည်။ ရင်ထဲတွင် အစော်ကား ခံရသလို ခံစားနေရသည်။ သို့သော်လည်း ထိုခံစားမှုကို သူတို့ မသိအောင် ထိန်းထားသည်။ ကျွန်တော်သည် လိုပါတင်၏ ဖိတ်ကြားမှုကို လက်ခံကာ သူတို့နှင့်အတူ ညစာစားသည်။ သူတို့သည် ကျွန်တော် ပြောပြနေသည့် အကြောင်းအရာများကို စိတ်ဝင်တစား နားထောင်သည်။

ကျွန်တော် ဘာလုပ်ရပါမည်နည်း။ အရာရာတိုင်းကို သူတို့ ဖြစ်ချင်သလို ဖြစ်ပါစေတော့ဟု လွှတ်ထားလိုက်ရလျှင် ကောင်းလေမလား။ တစ်ချိန်က ကျွန်တော်သည် လိုပါတင်အား သူ့ဝမ်းကွဲညီမ ဆိုဖီယာ၏ကိစ္စတွင် ပါဝင် ခြင်းမပြုပါဟု ကတိပေးခဲ့ဖူး၏။ ထိုကတိကိုတော့ ကျွန်တော် မတည်၍ မဖြစ်။ သို့သော်လည်း ကျွန်တော်သည် အမေ့ထံ စာမရေးဘဲ နေရမည်လား။ အမေသည် ဆိုဖီယာနှင့် ဆုံတတ်၏။ ဆုံမိလျှင် ကျွန်တော့်ထံမှ ကြားသိသမျှ ကို ဆိုဖီယာအား မပြောဘဲနေလိမ့်မည်မဟုတ်။ သည်လိုဆိုလျှင်တော့ ကျွန်တော်သည် ပေးထားသောကတိကို ဖျက်ရာကျလိမ့်မည်မထင်။ တစ်ပြိုင် တည်းမှာပင် ကတိဖျက်ပါသည်ဟုလည်း။

ဤကိစ္စမျိုးကျတော့ သူ့ဘာသာသူ ဖြစ်ချင်သလို ဖြစ်ပါစေဟု လွှတ်ထားရန် မသင့်။ ထိုအမျိုးသမီးအတွက်မူကား။ သူမ၏ အစာကို မဖမ်းယူနိုင်အောင် ဖြစ်နိုင်သည့်နည်းဖြင့် တားမြစ်ပိတ်ပင်ရမည်သာဖြစ်သည် ဟု ကျွန်တော် ယူဆပါသည်။ လောလောဆယ် အရေးကြီးသည်မှာ သူ ဘယ်မှာ နေသည်ကို အတိအကျ သိရအောင် စုံစမ်းရန် ဖြစ်သည်။ နောက် ရှင်းစရာရှိသမျှကို သူနှင့် ရှင်းသွားရန် ဖြစ်သည်။

အခု လောလောဆယ်မှာကတော့ ကိုယ့်အလုပ်ကို ရှုက်၍ လုပ်နေရန်

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိ၏။ အနှစ်သာရလည်း မရှိ။ ရည်မှန်းချက်လည်း မရှိ။ ရုတ်ရုတ်သဲသဲ ဖြစ်လာခြင်းမှတစ်ပါး အခြား ဘာမှဖြစ်မလာနိုင်သည့် ဤအလုပ်အပေါ်တွင် အချိန်ရှိသမျှ အာရုံဝင်စားနေ၍ မဖြစ်သေး။ ယခုအခါတွင် သူ့အလုပ်ထဲ၌ သာ နစ်ဝင်နေသော လူမှာလည်း သူ့ဘဝတွင် သာယာ ပျော်ရွှင်လျက်ရှိ၏။ သူ့အနေဖြင့် သူ့အလုပ်မှတစ်ပါး အခြားသော အသေးအဖွဲကိစ္စများကို မေ့လျော့နေချိန်ဖြစ်သည်။ သူ့အလုပ် ပြီးစီးသွားပြီဆိုလျှင်တော့ သူ့စိတ်သည် လွတ်လပ်သွားပြီ၊ ထိုအခါ ကျလျှင်တော့။

■

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

## လိုပါတင်၏ မှတ်စုများ

ဘက်ဆိုနော့ဗ် ရောက်လာပြီးတဲ့နောက် ခြောက်ရက်ရှိသွားပြီ။ နာဒက်ဇေါ နီကိုလေ ယက်ဗ်နာတစ်ယောက် ကျွန်တော့်ဆီ ပေါ်မလာတော့ဘူး။ သူ့ဆီက စာတိုလေးတစ်စောင်ကို လူကြုံနဲ့ ပို့လိုက်တယ်။ သူ အလုပ်များနေလို့ မလာနိုင်တာ ခွင့်လွှတ်ပါလို့ ရေးထားပါတယ်။

ကျွန်တော်ရတဲ့စာကို ဂဲလ်ဖရစ်ချ်လည်း ဖတ်ပါတယ်။ ကျွန်တော်တို့က တော့ သူ နေမကောင်းဘူးလို့ ဖြစ်မယ်လို့ ထင်ကြပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့ကို တွေ့ဖို့ကတော့ လိုအပ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မျိုးရိုးနာမည်ကို မသိတော့ ရှာရခက်ပါတယ်။ အထူးသဖြင့် လိပ်စာမြူရိုအနေနဲ့ မျိုးရိုးနာမည် မသိရင် ရှာလို့မရပါဘူး။ ခက်တာက ကျွန်တော်တို့ကလည်း အဲဒါကို မသိဘူး။ ဘက်ဆိုနော့ဗ်ကို မေးရင်လည်း ရမှာမဟုတ်ဘူး။

ကျွန်တော်ကတော့ စိတ်မာတ်ကျသွားပါပြီ။ ဂဲလ် ဖရစ်ချ်ကတော့ ပင်လယ်အောက်ခြေ ကြမ်းပြင်အထိ ရေငုပ်ပြီး ရှာရမယ်ဆိုရင်တောင် မတွေ့ တွေ့အောင် ရှာပေးမယ်လို့ ကျွန်တော့်ကို ကတိပေးပါတယ်။ နောက်တစ်နေ့ မနက်ကျတော့ သူဟာ အိပ်ရာက စောစောစီးစီးထပြီး အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



လဲတယ်။ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားတဲ့ပုံနဲ့ အိမ်ကထွက်သွားတယ်။ တစ်နေ့လုံး ပျောက်နေတယ်။

တစ်ယောက်တည်း' ကျန်ရစ်ခဲ့တဲ့ ကျွန်တော်ဟာ လုပ်လက်စအလုပ်ကို လုပ်ဖို့ကြိုးစားပါတယ်။ မရပါဘူး။ လုပ်ကို မလုပ်နိုင်တာပါ။ ကျွန်တော်ဟာ စာအုပ်စင်ပေါ်က စာအုပ်တစ်အုပ် ယူပြီး ဖတ်ပါတယ်။ မရပါဘူး။ ခေါင်းထဲမှာ အတွေးမျိုးစုံ ဝင်လာနေပါတယ်။ ကိုယ့်စိတ်ကိုယ် အတင်းထိန်းချုပ်ပြီး စာထဲမှာ အာရုံဝင်စားအောင် ကြိုးစားပါတယ်။ ဒါပေမဲ့ စာမျက်နှာ များများတောင် ဖတ်လို့ မရပါဘူး။

ကျွန်တော် စာအုပ်ကိုပိတ်ပြီး ချထားလိုက်ပါတယ်။ စာအုပ်က စာအုပ်ကောင်းပါ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က စိတ်ဝင်တစား ဖတ်ခဲ့တဲ့ စာအုပ်ပါ။ ကျွန်တော် ဘာလုပ်ရမှန်း မသိပါဘူး။ ခဏနေတော့ ထိုင်ရာကထပြီး မြို့ထဲမှာလျှောက်လည်ဖို့ အပြင်ကို ထွက်ခဲ့ပါတယ်။

မဖြစ်စလောက် မျှော်လင့်ချက်ကလေးကတော့ ရင်ထဲမှာ ရှိနေပါတယ်။ သွားရင်းလာရင်း နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာနဲ့ အမှတ်မထင် ဆုံမိလေမလား၊ သို့မဟုတ် သူ့ဆီကိုရောက်အောင် ပြောပြနိုင်မယ့်လူနဲ့များ တွေ့ရလေမလား။

ကျွန်တော်ဟာ လမ်းသွားလမ်းလာတွေကို ဂရုတစိုက် ကြည့်သွားပါတယ်။ တစ်ခါတလေ အဝေးကနေကြည့်ရင် နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာနဲ့ တူတဲ့အတွက် အနားရောက်အောင် လျှောက်သွားမိပါတယ်။ ဒါပေမဲ့ ကျွန်တော်တွေ့ချင်သူကို မတွေ့ဘဲ အသိအကျွမ်းထဲကလူဆိုလို့ ဗိုလ်ကြီးဟောင်း ဂရမ်-စကာရပ်ဖ်ဘစ်ကီ တစ်ယောက်နဲ့ပဲ တွေ့ပါတယ်။ ဒီဇင်ဘာလဆိုတော့ နေ့တာက တိုပါတယ်။ သူနဲ့တွေ့တော့ နေ့ခင်း သုံးနာရီလောက် ရှိနေပါပြီ။

သူဟာ နက်ဗ်စကီးပရိုစပက် လမ်းအတိုင်း လျှောက်လာနေပါတယ်။ ထုံးစံအတိုင်း ဝတ်စားထားတာက ကြော့ကြော့မော့မော့ပဲ။ ခေါင်းကလည်း

www.burmeseclassic.com



ခပ်မော့မော့ပါ။ ဦးထုပ်ကလည်း တလက်လက် တောက်ပနေပါတယ်။ လက်နှစ်ဖက်မှာလည်း အဝါရောင်လက်အိတ်တွေ စွပ်လို့။ လက်တစ်ဖက်မှာ ကတော့ လမ်းလျှောက်တုတ် ကိုင်ထားတယ်။ ကျွန်တော့်ကို မြင်တော့ အားပါးတရ ပြုံးပြပြီး လက်တစ်ဖက် ဝှေ့ယမ်းပြတယ်။ ကျွန်တော့်ဆီကို ခပ်သွက်သွက် လျှောက်လာတယ်။

"ခင်ဗျားနဲ့ မမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာပါတယ် မွန်စီယာ လိုပါတင်"လို့ သူက ပြောတယ်။ "အခုလို ဆုံမိတာ စိတ်ချမ်းသာစရာပဲ"သူက ကျွန်တော်လက်ကို ဆွဲခါတယ်။ ကျွန်တော်ရဲ့ နေကောင်းပါရဲ့လားဆိုတဲ့ မေးခွန်းကို ကောင်းပါတယ် မွန်စီယာလို့ ပြန်ဖြေရင်းက စကားဆက် ပြောတယ်။

"ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျား အပျင်းပြေ လမ်းလျှောက်ထွက်လာ တာလား။ အရေးတကြီး ကိစ္စတစ်ခုကြောင့် ထွက်လာတာလား။ အရေးတကြီး လုပ်စရာမရှိဘူး ဆိုရင်တော့ ကျွန်တော်နဲ့အတူ လျှောက်သွားလို့ရမလား။ ကျွန်တော်ကတော့ ဒီလမ်းပေါ်မှာ နေ့စဉ်လမ်းလျှောက်တဲ့ အလေ့အထ ရှိတယ်။ တစ်ရက်မှ မပျက်ဘူး"

ကျွန်တော်က သူ ပြောတာကို လက်ခံလိုက်ပါတယ်။ သူကတော့ စကားကို အမျှင်မပြတ် ပြောလာနေပါတယ်။ "ကျုပ် အဖို့တော့ ဒီနေ့အဖို့ ဒုတိယအကြိမ် စိတ်ချမ်းသာစရာကောင်းတဲ့ တွေ့ဆုံမှုတစ်ခုပါပဲ မွန်စီယာ လိုပါတင်။ စောစောက ကျုပ် မစ္စတာ ဘက်ဆိုနော့ဗ်နဲ့ တွေ့ခဲ့သေးတယ်။ သူက မွန်စီယာ လိုပါတင်ဟာ သူ့မိတ်ဆွေပါပဲလို့ ပြောသွားတယ်"

"ဪ ခင်ဗျား ဘက်ဆိုနော့ဗ်နဲ့ သိသကိုး"

"ကျုပ် မသိတဲ့လူက ခပ်ရှားရှားပဲဗျ" လို့ သူက ပခုံးတွေကို တွန့်ပြီး ပြောတယ်။ "မစ္စတာ ဘက်ဆိုနော့ဗ်က ကျုပ်ဆီမှာ အခန်းငှား နေခဲ့ဖူးတယ် လေ။ အဲဒီတုန်းက သူက ကျောင်းသားပဲ ရှိသေးတယ်။ ကျုပ်နဲ့ ခင်တော့်ကို ခင်ခဲ့ပါတယ်။ ကျုပ်က ကျုပ်ဆီမှာ လာနေကြတဲ့ အခန်းငှားတွေနဲ့ တရင်းတနှီး

www.burmeseclassic.com

www.burmeseclassic.com



နေတတ်တယ် မဟုတ်လား မှန်းစီယာလိုပါတင်။ ကျုပ်က အခုအခါမှာ လူသိများပြီး ထင်ရှားနေတဲ့ အင်ဂျင်နီယာတွေ၊ ရှေ့နေတွေ၊ စာရေးဆရာတွေ အတော်များများနဲ့ သိတယ်။ လူကုံထံ အတော်များများကလည်း ကျုပ်ကို သိကြတယ်''

အဲဒီ အခိုက်မှာပဲ ရှေ့တည့်တည့်က လာနေတဲ့ လူတစ်ယောက်ကို ဗိုလ်ကြီးပေဟာင်းက ဦးညွတ်ပြီး နှုတ်ဆက်တယ်။ တစ်ဖက်လူကလည်း ပထမတော့ အံ့အားသင့်နေတယ်။ နောက်တော့မှ အလွန်ရင်းနှီးခင်မင်တဲ့ အပြုံးနဲ့ ပြန်နှုတ်ဆက်သွားတယ်။ ''ဒီပုဂ္ဂိုလ်က အဆင့်တော်တော်မြင့်တဲ့ နေရာမှာ ရောက်သွားပေမဲ့ မိတ်ဆွေဟောင်းတွေကိုတော့ မမေ့တတ်ဘူး။ နာမည်ကျော် အင်ဂျင်နီယာ ပက်ထရစ်ချက်ဗ်ဆိုတာ သူပဲပေါ့။ ကျောင်းသား ဘဝတုန်းက ကျုပ်ဆီမှာ အခန်းငှား နေသွားတယ်လေ''

''ဘက်ဆိုနော့ဗ် ကျတော့ကော'' လို့ ကျွန်တော်က မေးလိုက်မိတယ်။

''ဘက်ဆိုနော့ဗ်လည်း လူကြီးလူကောင်း တစ်ယောက်ပါပဲ။ အင်း သူက မိန်းမကိစ္စဘက်မှာတော့ နည်းနည်း အားနည်းချက် ရှိသပေါ့လေ'' လို့ သူက နှစ်ကိုယ်ကြားလေသံနဲ့ ပြောတယ်။

ကျွန်တော် ရင်ခုန်သံဟာ မြန်လာပါတယ်။ သူ့ရဲ့ ပြောဟန်ဆိုဟန်အရ ဆိုရင် ဒီဗိုလ်ကြီးပေဟာင်းဟာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နော့ အကြောင်းကို လည်း အနည်းအကျဉ်းပဲဖြစ်ဖြစ် သိချင်သိမှာလို့ ကျွန်တော် တွေးမိလို့ပါ။ ဗိုလ်ကြီးပေဟာင်းကတော့ သူ့ဘေးက ဖြတ်သွားတဲ့ လူတစ်ယောက်ကို ဦးညွတ်နှုတ်ဆက်ပြီး သူ့စကားကို ဆက်ပြောလာပါတယ်။

''တကယ်လို့သာ မစ္စတာ ဘက် ဆိုနော့ဗ်ဟာ လူကောင်းတစ် ယောက်မဟုတ်ခဲ့ရင် သူနဲ့ကျွန်တော် ဘယ်လိုလုပ်ပြီး သင့်မြတ်ကြမှာလဲ မှန်းစီယာ လိုပါတင်ရယ်။ ဟိုကိစ္စကတော့ တစ်ကဏ္ဍပေါ့။ ကျုပ် ငယ်ငယ်တုန်း ကလည်း ဒီလိုပါပဲ။ အခု စစ်သားအိုကြီးဘဝ ရောက်တာတောင်မှ ချစ်စရာ ကောင်းတဲ့ မျက်လုံးပြာပြာလေးတွေကိုတွေ့ရင် သဘောကျနေသေးတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဟောတ်လား''

သူက ကျွန်တော့်ဘက် လှည့်ပြီး မျက်စိတစ်ဖက် မှိတ်ပြပါတယ်။ ကျွန်တော်က ''ဘက်ဆိုနော့ဗ်နဲ့ သိတယ်ဆိုတာ ကြားရလို့ ကျွန်တော် ဝမ်းသာပါတယ်။ အစက ကျွန်တော် မသိခဲ့ဘူး။ အခုမှ သိရတာ''လို့ ပြောပါတယ်။

''ဟုတ်တာပေါ့လေ။ သူက ကျူပ်ဆီမှာ အခန်းငှားနေသွားတာ သိပ်တော့ မကြာလိုက်ဘူး'

''ဘက်ဆိုနော့ဗ်ဟာ ဟို ဟို တစ်ယောက်နဲ့ ခင်ခဲ့ဖူးတာကိုရော ဗိုလ်ကြီး တွေ့ခဲ့ ''

ကျွန်တော်ဟာ စကားကို အဆုံးမသတ်နိုင်ပါဘူး။ ရုတ်တရက် ဝင်လာတဲ့ ရှက်စိတ်ရဲ့ ဖိစီးမှုကြောင့်ပါ။ တော်ပါသေးရဲ့ နာဒက်ဇဒါ နီကိုလေယက်ဗ်နာရဲ့ နာမည်ကို ပါးစပ်က မထွက်ခင် ပြန်ထိန်းနိုင်ပေလို့။ ကျွန်တော် သူ့မျက်နှာကို တစ်ချက် လှမ်းကြည့်မိပါတယ်။ သူ့မျက်နှာဟာ သိန်းငှက်တစ်ကောင်နဲ့ တူနေပါတယ်။

''ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ။ ဗိုလ်ကြီး အဲဒီကိစ္စကို သိလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး'' လို့ ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့နဲ့ ကိုယ့်စကားကို အဆုံးသတ်ပစ်လိုက်ပါတယ်။

သူက ကျွန်တော်ကို လှည့်ကြည့်တယ်။ စောစောက မေးခွန်းအပေါ် စိတ်မဝင်စားတော့တဲ့ ဟန်အမူအရာကို ပြတယ်။ သူဟာ လက်ထဲကတုတ်ကို တစ်ချက် အားပြုလိုက်ပါတယ်။

''ကျူပ်လို စစ်သားအိုကြီးတစ်ယောက်မှာ သတိရစရာတွေက အများသားကလား မှန်စီယာလိုပါတင်'' လို့ သူက ပြောတယ်။ ဟန်အမူအရာက သူ့ကို ကျွန်တော်က ဘာမှမမေးခဲ့သလိုပဲ။ ''အသက်က ငါးဆယ်ဆိုတော့ အားလုံးဟာ ဝိုးတဝါး ဖြစ်နေပြီပေါ့။ ကျူပ်အဖို့ ခင်များကို မှလို့ဖြစ်မိတယ်လို့ ပြောရတော့မှာပဲ။ မနာလိုဖြစ်တာက ခင်ဗျားရဲ့ အသက်ငယ်ရွယ်မှုကို

www.burmeseclassic.com



ပြောတာပါဗျာ''

''ဗိုလ်ကြီးက ဘယ်တပ်မှာ အမှုထမ်းခဲ့ဖူးတာလဲ'' လို့ ကျွန်တော်က မေးတယ်။

ဗိုလ်ကြီးဟောင်းရဲ့ မျက်နှာထားဟာ တည်ငြိမ်သွားတယ်။ သူဟာ ဘေးဝဲယာကို လှည့်ကြည့်ပြီး သူ့မျက်နှာဟာ ကျွန်တော့်ဘက်ကို တိုးကပ်လာတယ်။ သူ့နှုတ်ခမ်းမွေးဟာ ကျွန်တော့်နားရွက်ကို ထိလုနီးပါး ဖြစ်လာတယ်။

''ခင်ဗျားနဲ့ကျုပ်နဲ့ နှစ်ယောက်တည်းကြားမှာ ထားရမယ့်စကားလို့ သဘောထားပါ။ ရိုးသားဖြောင့်မတ်တဲ့ လူကြီးလူကောင်း နှစ်ယောက်ရဲ့ ကြားမှာသာ ထားရမယ် ဆိုပါတော့လေ။ အခု ခင်ဗျားရှေ့မှာရှိနေတဲ့ လူဟာ မိုင်းချောင်နဲ့ အိုပါတိုစစ်ပွဲက စစ်သားကြီးတစ်ယောက်ပါပဲ''

သူဟာ နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး ကျွန်တော့်မျက်နှာကို အကဲခတ်တယ်။ ကျွန်တော့် မျက်နှာထက်မှာ အံ့သြသွားတဲ့ အရိပ်အငွေ့ပေါ်လာလိမ့်မယ်လို့ သူ မျှော်လင့်ဟန်ရှိပါတယ်။ ကျွန်တော်ကလည်း တတ်နိုင်သမျှ အားထုတ်ပြီး အံ့အားသင့်သွားတဲ့ အမူအရာကို ပြလိုက်ပါတယ်။

''ဒါဟာ ကျုပ်ရဲ့ အရင်းနှီးဆုံးလို့ သတ်မှတ်ထားတဲ့ အပေါင်းအသင်း အနည်းငယ်ကိုသာ ယုံကြည်စိတ်ချပြီး ပြောတဲ့ လျှို့ဝှက်ချက်တစ်ခုပါ'' လို့ သူက တိုးတိုးလေသံနဲ့ ထပ်ပြောပါတယ်။ သူ့မျက်နှာဟာ ဒီစကားပြောလိုက်ရတဲ့အတွက် အောင်ပွဲရသွားတဲ့ဟန် ပေါ်လွင်နေပါတယ်။

ကျွန်တော့်အနေနဲ့ အခုလို ယုံကြည်စိတ်ချစွာ ပြောလိုက်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပြီး သူနဲ့လမ်းခွဲဖို့ စဉ်းစားမိပါတယ်။ ကျွန်တော်တို့ဟာ ပိုလစ်ဆိုက်စကီး တံတားဘက်ကို နီးလာနေပြီ မဟုတ်လား။

ကျွန်တော့်စိတ်ဟာ မသိမသာ ရှုပ်ထွေးနေပါတယ်။ အေးစောက နာခက်ဖေါ် နီကိုလေ ယက်ဗ်စကီးရဲ့ နာမည်ကို ပြောမိတော့မယ်။ နည်းနည်းလေးပဲ လိုတယ်။ တကယ်လို့ ပြောမိရင်လည်း နေ့ဝတ်ရလို့ ဆုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အမှန်တော့ ကျွန်တော် စိတ်ထဲက နည်းနည်းလေးမှ ယုံကြည်စိတ်ချရမယ့်လူတစ်ယောက် မဟုတ်ဘူးလို့ ခံစားနေရတဲ့လူဆိုတော့ ပြောလိုက်မိရင် မှားတော့မှာပါ။

ကျွန်တော် အိမ်ပြန်ရောက်တော့ အိမ်စေမကြီး အေဂတ်ဖရာက ကျွန်တော်တို့ရဲ့ ကြောင်ချစ်သူကြီးဟာ အခုထက်ထိ ပြန်မလာသေးဘူးလို့ သတင်းပေးပါတယ်။ အေဂတ်ဖရာက ကျွန်တော့်ကို ညစာကျွေးပါတယ်။ တံခါးနားမှာရပ်ပြီး ကျွန်တော် ညစာ ကောင်းကောင်းမစားနိုင်တာကို ကြည့်နေပါတယ်။ သူ့ရဲ့ မျက်နှာမှာ စိတ်မကောင်းဖြစ်နေတဲ့ အရိပ်အငွေ့တွေ ထင်ဟပ်နေပါတယ်။

"ရှင့်ရဲ့ ဟိုအမျိုးသမီး မလာတာကြာပြီ၊ ဘာပြုလို့လဲ အန်ဒရီ နီကိုလေယက်ဗစ်ချ်" လို့ မေးတယ်။

"သူ နေမကောင်းဘူး ထင်တယ်။ အေဂတ်ဖရာ"

သူက ခေါင်းခါပြီး သက်ပြင်းတစ်ချက်ချတယ်။ ကျွန်တော့်အတွက် လက်ဖက်ရည်ယူဖို့ မီးဖိုထဲ ဝင်သွားပါတယ်။ ဂလ် ဖရစ်ချ် မပါဘဲ ညနေစာကို တစ်ယောက်တည်း မစားတာ ကြာခဲ့ပါပြီ။ စိတ်ဆင်းရဲလိုက်တာ အလွန်ပါပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

ညနေစာ စားအပြီးမှာ စာပို့လုလင် ရောက်လာတယ်။ ဆွန်ယာဆီက စာကို လာပို့တာပါ။ အမှန်တော့ ကျွန်တော်ဟာ ကိစ္စတစ်ခုခုကို ဆွန်ယာ မသိအောင် ဖုံးကွယ်ထားလေ့မရှိပါဘူး။ ကျွန်တော် သေသွားတဲ့အခါမှာ သေတာလည်း မကြာခင် သေရလိမ့်မယ်လို့ ထင်ပါတယ်။ အိပ်မပျော်တဲ့ ညတိုင်း ကျွန်တော့်အခြေအနေ ဆိုးဆိုးလာတာကို ကျွန်တော် သတိထားမိနေတော့ သေခြင်းတရားဟာ မကြာခင် ရောက်လာမှာပဲလို့ ကျွန်တော် တွက်ထားမိပါတယ်။

ကျွန်တော် သေသွားတဲ့အခါမှာ ဆွန်ယာဟာ ဒီမှတ်တမ်းကို ဖတ်ရမှာပါ။ ကျွန်တော် သူ့ကို မလိမ်ဘူး။ မညာဘူးဆိုတာ သူ သိမှာပါ။ ကျွန်တော့် အတွေးတွေနဲ့ ခံစားရသမျှတွေကို တစ်လုံးမကျန် ဒီမှတ်တမ်းထဲမှာ ရေးထားပါတယ်။ ဒီမှတ်စုတွေထဲမှာ ဘာကိုမှ ချန်မထားပါဘူး။ အရာရာတိုင်းကို ရိုးသားပွင့်လင်းစွာ ရေးထားပါတယ်။ ကျွန်တော့် နှလုံးသားထဲမှာ ဖြစ်ပေါ်တည် ရှိလာသမျှကို အရှိအတိုင်း ရေးထားပါတယ်။

ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူး။ ကျွန်တော့်ကို ဆွန်ယာ သိပါတယ်။ သူဟာ အသက်ဆယ့်ကိုးနှစ်သာ ရှိသေးပေမဲ့ သူရဲ့ သိမ်မွေ့နူးညံ့ပြီး ချစ်ခင်သနားတတ်တဲ့ နှလုံးသားဟာ တစ်ဖက်လူရဲ့အပေါ်မှာ နားလည်တတ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သဘောရှိပါတယ်။

"ရှင် သူ့ကို ချစ်သလား အန်ဒရီ၊ ရှင် စိတ်ချမ်းသာပါစေလို့ ကျွန်မ ဆုတောင်းပါတယ်"တဲ့ သူက ရေးထားပါတယ်။ ကျွန်တော် ရှေ့ဆက်မဖတ်နိုင်တော့ပါဘူး။ ဆွန်ယာရဲ့စာကို လက်ထဲမှာ ကိုင်ထားပြီး ပက်လက်ကုလားထိုင်ပေါ်မှာ မှီပြီး ထိုင်နေမိပါတယ်။ မျက်လုံးအစုံကို မှိတ်ပြီး ထိုင်နေတာ အကြာကြီးပါ။ ကျွန်တော့် ရင်ထဲမှာကတော့ လှိုင်းထနေပါတယ်။

မှန်ပါတယ်။ ကျွန်တော် သူမကို ချစ်နေပါပြီ။ အလျင် အလျင်က အဲဒီ ခံစားမှုမျိုး ကျွန်တော့်မှာ မရှိခဲ့ဖူးပါဘူး။ ကျွန်တော့် ညီမဝမ်းကွဲရဲ့အချစ်အပေါ်မှာ ကျွန်တော် နှစ်သက်သာယာခဲ့မိတာကတော့ အမှန်ပါ။ နှစ်အနည်းငယ်အတွင်းမှာ ကျွန်တော်ဟာ သူ့ရဲ့ခင်ပွန်းဖြစ်ဖို့အတွက် ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ကျွန်တော်ဟာ ဆွန်ယာနဲ့နေရတာကို ပျော်ချင်ပျော်နေမှာပါ။

တကယ်လို့ တစ်ဦးတစ်ယောက်က ခင်ဗျားအနေနဲ့ တခြားမိန်းမတစ်ယောက်အပေါ် ချစ်ချင်ချစ်မိမှာလို့ ပြောလာရင် ကျွန်တော် ယုံမှာမဟုတ်ပါဘူး။ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ ကျွန်တော့်ကံကြမ္မာဟာ ဆုံးဖြတ်ပြီးပြီလို့ ကျွန်တော် ယူဆထားပြီးပြီ မဟုတ်လား။ ဘုရားသခင်ကိုယ်တိုင်က "ဟောဒါ ခင့်ဇနီးပဲ၊ တခြားမိန်းမ ရွေးစရာ မလိုတော့ဘူး" လို့ ပြောထားပြီးပြီလို့ တရားသေ မှတ်ယူထားတာပါ။ ကျွန်တော့် အနာဂတ်ဟာ အလွန် တိကျသေချာပါတယ်။ ကျွန်တော့်အတွက် ရွေးချယ်စရာလမ်းကလည်း မရှိတော့ပါဘူး။ တခြားမိန်းမတစ်ယောက်ကို ချစ်ဖို့ဆိုတာဟာ ကျွန်တော့်အတွက် လုံးဝ မလိုအပ်တော့တဲ့အရာပါ။

အဲဒီ အခြေအနေရောက်နေခါမှ ထူးဆန်းပြီး ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့အဖြစ်ဟာ ပေါ်ပေါက်လာခဲ့တာပါ။ သူဟာ ဘဝပျက်နေသူ့လူပါ။ သူ့ရဲ့ မျက်လုံးတွေထဲမှာ သောကအရိပ်တွေနဲ့ ပြည့်နေပါတယ်။ ထထမတော့ သူ့အပေါ်မှာ သနားကြင်နာမှု ဖြစ်ပေါ်လာခဲ့ပါတယ်။ နောက်တော့ သူ့အပေါ်မှာ အထင်အမြင်သေးတဲ့စိတ်နဲ့ ဆက်ဆံခဲ့တဲ့ အမျိုးသားက

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်မှာ ထားခဲ့တဲ့ သဘောထားနဲ့ ပြုမူဆက်ဆံပုံတွေကို ဒေါသပွားခဲ့မိပါတယ်။ အဲဒီနောက်တော့ ဘယ်လိုဖြစ်ကုန်တယ်ဆိုတာ ကျွန်တော် မသိတော့ပါဘူး။

ဒါပေမဲ့ ဆွန်ယာပြောတာဟာ မှန်ပါတယ်။ ကျွန်တော်ဟာ နာဒက်ဇေ့နီကိုလေ ယက်ဗ်နာကို အပြင်းအထန် ချစ်နေပါတယ်။ အသက် နှစ်ဆယ့်ငါးနှစ်အရွယ်ထိအောင် အချစ်ဆိုတာ ဘာလဲလို့ မသိခဲ့တဲ့ လူတစ်ယောက်ရဲ့ ပထမဆုံး ပေါ်ပေါက်လာခဲ့တဲ့ ချစ်စိတ်မျိုးနဲ့ ကျွန်တော် ချစ်ခဲ့တာပါလို့ ဆွန်ယာက ဆိုပါတယ်။ ကျွန်တော်ဟာ ဆင်းရဲဒုက္ခတွင်းထဲကို ကျနေတဲ့ သူ့ကို ကယ်ထုတ်ချင်နေတာပါ။ သူ့ကို ကျွန်တော့်လက်တွေနဲ့ ပွေ့ပိုက်ထားချင်တာပါ။ အဲဒီစကားတွေဟာ ဆွန်ယာက ကျွန်တော့်ကိုပြောပြခဲ့တဲ့ သူ့ရဲ့ ထင်မြင်ယူဆချက်တွေပါ။ ဆွန်ယာက သူ့ရဲ့စာမှာ

"ဆွန်ယာ့အကြောင်းကို မစဉ်းစားပါနဲ့။ ဆွန်ယာကို ရှင် မေ့ပစ်သင့်တယ်လို့ ဆွန်ယာ မပြောချင်ပါဘူး။ ဆွန်ယာကို နာကျင်စိတ် ခံစားရအောင်လုပ်ဖို့ မစဉ်းစားသင့်ဘူးလို့တော့ ပြောချင်မိပါတယ်။ ဆွန်ယာကတော့ ကွဲအက်ကြေမွသွားတဲ့ နှလုံးသားအကြောင်းကို မပြောပြချင်ပါဘူး။ ဘာကြောင့်လဲဆိုတာ ပြောပြရမလား။ ဘာကြောင့်လဲဆိုတော့ ဆွန်ယာ့ နှလုံးသားဟာ ကြေမွအက်ကွဲ မသွားလို့ဘူး"

"ဆွန်ယာကတော့ ရှင့်ကို အစ်ကိုတစ်ယောက်အဖြစ်ရော ဆွန်ယာရဲ့ စေ့စပ်ထားသူ တစ်ဦးအဖြစ်ပါ မြင်ပါတယ်။ အစ်ကိုအဖြစ် ဆိုတာကတော့ တကယ် အစစ်အမှန်ပါ။ စေ့စပ်ထားသူအဖြစ်ကတော့ လူတွေက ဆွန်ယာတို့ကို အတင်းအဓမ္မ ဖိအားပေးလို့ ဖြစ်လာရတာလို့ ထင်တယ်။ တစ်ခုတော့ ရှိတယ်။ ဆွန်ယာလေ ဒီကမ္ဘာလောကကြီးထဲမှာ တခြားလူတွေထက် ရှင့်အပေါ် အချစ်ပိုပါတယ်။ တကယ်တော့ ရှင်ဟာ ဆွန်ယာ့ရဲ့ အချစ်ဆုံးပါ။ ဒီစကားကို ဆွန်ယာ ရေးနေဖို့ မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအကြောင်းကို ရှင် သိထားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



“နောက်ဆုံး ရောက်လာတဲ့ ရှင့်စာကို ဆွန်ယာ ဖတ်ရတဲ့အခါမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာရဲ့ ရှင့်အကြောင်းကို ဆွန်ယာ စဉ်းစားမိပါတယ်။ ဆွန်ယာရဲ့ရင်ထဲမှာ ရှင်တို့အပေါ် နာကြည်းစက်ဆုပ်တဲ့စိတ် နည်းနည်းလေးမှ မရှိခဲ့ပါဘူး။ ဆွန်ယာ ပြောတာကို ယုံပါ။ ဆွန်ယာဟာ ရှင့်ရဲ့ ညီမတစ်ယောက်ပါ။ ရှင့်ရဲ့ ဇနီးမယား မဟုတ်ပါဘူး။ ဒါကို ဆွန်ယာ နားလည်ပါတယ်။ သူ့ကို ကယ်တင်ဖို့ ကြိုးစားရာမှာ ဘုရားသခင်က ရှင့်ကို ကူညီစောင့်မပါစေလို့ ဆွန်ယာ ဆုတောင်းပါတယ်။ သူ့ကို ပျော်ရွှင်ချမ်းမြေ့အောင်ထားနိုင်ပါစေလို့လည်း ဆွန်ယာ ဆုတောင်းပါတယ်။ တစ်ခုရှိတာက ရှင်ရဲ့ပျော်ရွှင်သာယာမှုဟာ ထိတ်လန့်ကြောက်ရွံ့ခြင်းနဲ့များ ရောယှက်နေမလား။ ဆွန်ယာကတော့ ဒီထိတ်လန့်ကြောက်ရွံ့မှုကို ဖုံးကွယ်မထားချင်ပါဘူး”

“ရှင် ရေးလိုက်တဲ့စာကို ဖတ်ရတော့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာရဲ့ အကြောင်းကို ဆွန်ယာ သိခဲ့ရပါတယ်။ ဆွန်ယာတော့ သူဟာ ရှင့်ရဲ့အချစ်နဲ့ ထိုက်တန်တဲ့ အမျိုးသမီးတစ်ယောက်လို့ ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့လေ ဆွန်ယာ့အနေနဲ့ ”

ဆွန်ယာ့ ရေးထားတာတွေကို ဖတ်ရတော့ ကျွန်တော့် စိတ်ဟာ တဖြည်းဖြည်းချင်း ပျော်ရွှင်ကြည်နူးမှုအသစ်ကို ရရှိခံစားခဲ့ရပါတယ်။ ဆွန်ယာရဲ့ စိုးရိမ်ထိတ်လန့်မှုကို ကျွန်တော် မျှဝေပြီး မယူပါဘူး။ ကျွန်တော့်အဖို့ ဘာကို ကြောက်ရွံ့ ထိတ်လန့်ရမှာလဲ။ အဲဒီ ထိတ်လန့်မှုဟာ ဘယ်အချိန် ဘယ်ကာလမှာ ဘယ်လိုပေါ်လာမှာလဲ။ ဒါကိုတော့ ကျွန်တော် မသိဘူး။ ကျွန်တော်ကတော့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာအပေါ်မှာ ယုံကြည်မှု အပြည့်အဝ ရှိတယ်။

သူရဲ့ အတိတ်ဘဝနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ဘာမှမသိဘူး။ သူနဲ့ပတ်သက်လို့ ကျွန်တော်သိထားတာက တစ်ခုပဲ ရှိတယ်။ ဒါကတော့ သူ့ရဲ့ အကျင့်ပျက်ပြားမှု။ ကျွန်တော်ကတော့ အဲဒီကိစ္စဟာ မတော်တဆလို ဖြစ်လာတာလို့ ယူဆတယ်။ ဒီကိစ္စမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ

www.burmeseclassic.com

www.burmeseclassic.com



တရားခံ မဟုတ်ဘူး။ သူ့ကို အပြစ်တင်စရာ မရှိဘူးလို့ ထင်တယ်။ ဒီကိစ္စဟာ ကံမကောင်း အကြောင်းမသင့်လွန်းလို့ ဖြစ်လာခဲ့ရတာလို့ပဲ ယုံကြည်တယ်။

သူ့ရဲ့ ကံကြမ္မာအလှည့်အပြောင်းမှာ တစ်စုံတစ်ခုသောအရာက သူ့ကို အတင်းအကျပ် လွှမ်းမိုးပြီး ဖိအားပေးတာ ခံရလိမ့်မယ်။ သူ လျှောက်လှမ်းနေတဲ့ ဘဝလမ်းခရီးပေါ်မှာ သူဟာ ဖြောင့်ဖြောင့်တန်းတန်း မလျှောက်နိုင်ဖြစ်လာရတယ်။ ဖြုန်းခနဲ ခြေချော်လက်ချော်ဖြစ်ပြီး လဲကျတော့ ရွှံ့ဗွက်ထဲရောက်သွားတယ်။ အဲဒါကို ကျွန်တော်က ဆွဲထူပေးချင်တယ်။ ရွှံ့ဗွက်ထဲ နစ်နေတာကို နစ်သည်ထက် နစ်မသွားအောင် ကယ်ထုတ်ပေးချင်တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ နွေးထွေးတဲ့နှလုံးသားနဲ့ တယုတယ ပိုက်ထွေးထားချင်တယ်။ သူ့မှာ ရရှိထားတဲ့ဘဝ ဒဏ်ရာဒဏ်ချက်တွေကို သက်သာရာရအောင် ပျောက်ကင်းသွားအောင် ကုသပေးချင်တယ်။

တံခါးဆီက ဘဲလ်နှိပ်သံကြောင့် ကျွန်တော် သတိဝင်လာတယ်။ ဘာကြောင့်ရယ်လို့တော့ မသိဘူး။ အိမ်စေမကြီး တံခါးသွားအဖွင့်ကို ကျွန်တော် မစောင့်နိုင်တော့ဘူး။ ကိုယ်တိုင်ထသွားပြီး တံခါးကို ဖွင့်လိုက်တယ်။ အခန်းထဲကို ကသောကမျော တိုးဝင်လာတဲ့ လူကတော့ ဂဲလ်ဖရစ်ချ်ပါ။ သူက ကျွန်တော့်ကိုတွေ့တော့ လက်နှစ်ဖက်ကို ဆွဲဆုပ်ထားတယ်။ အလွန် ပျော်မြူးနေတဲ့လက္ခဏာနဲ့ အော်ပြောတယ်။ "ကျွန်တော် သူ့ကို ခေါ်လာခဲ့တယ် အန်ဒရီ၊ ကျွန်တော် သူ့ကို ခေါ်လာခဲ့ပြီ" တဲ့။

သူ့နောက်မှာတော့ အရိပ်မည်းမည်း ရုပ်ပုံလွှာတစ်ခု ရပ်နေတယ်။ ကျွန်တော် သူ့ဆီကို ပြေးသွားပြီး သူ့ရဲ့တုန်ယင်နေတဲ့ လက်နှစ်ဖက်ကို ဆွဲယူလိုက်ပြီး နမ်းနေမိပါတယ်။ သူ့ရဲ့ အသံကို ကြားနေရပေမဲ့ ဘာတွေပြောနေမှန်းတော့ မသိပါဘူး။ အသံက လှိုက်လှိုက်လှဲလှဲ ရှိလှပါတယ်။ မျိုသိပ်ထိန်းချုပ်ထားတဲ့ ငိုသံပါနေတာကိုလည်း ကျွန်တော် သတိထားနေမိပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

အမှတ်တရ ဖြစ်လောက်တဲ့ အဲဒီညက ကျွန်တော်တို့ သုံးယောက်ဟာ စားပွဲမှာ အချိန်အကြာကြီး ထိုင်ခဲ့ကြတယ်။ ကျွန်တော်တို့ဟာ စကားတွေ ပြောကြ တစ်ယောက်ကို တစ်ယောက် ပြောင်ကြ၊ နောက်ကြ၊ ရယ်ကြ မောကြနဲ့ အားလုံး ပျော်နေကြတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ တာ တည်တည်ငြိမ်ငြိမ် ရှိပါတယ်။ ခါတိုင်းထက်ပိုပြီး ရွှင်လန်းနေပုံလည်း ရပါတယ်။ သူ့ကို ဘယ်နေရာမှာ ဘယ်လိုတွေ့ခဲ့သလဲဆိုတာ ဂဲလ်ဖရစ်ချ်ကို ကျွန်တော် မမေးပါဘူး။ သူကိုယ်တိုင်ကလည်း အဲဒီကိစ္စနဲ့ ပတ်သက်လို့ တစ်ခွန်းမှ မဟပါဘူး။

ကျွန်တော်နဲ့ သူ့ရဲ့ကြားမှာလည်း ကျွန်တော်ဘာတွေတွေးပြီး ဘာတွေ ဖြစ်ခဲ့တယ်။ သူ ပြန်ရောက်မလာခင်မှာ ကျွန်တော် ဘယ်လိုခံစားခဲ့ရတယ် ဆိုတာတွေ စကားမစပ်မိကြပါဘူး။ ဘာကြောင့် မပြောဖြစ်တာလဲ အကြောင်း ကတော့ ရိုးရိုးစင်းစင်းပါပဲ။ မလိုအပ်ဘူးလို့ ထင်တာနဲ့ မပြောတာပါ။ သူ့ရဲ့ ဒဏ်ရာရထားပြီးဖြစ်တဲ့ စိတ်အနာကို နောက်ထပ် ဓားနဲ့ထွသလို ဖြစ်မှာလည်း ကျွန်တော် ကြောက်တယ်။ မဟုတ်လား။

ကျွန်တော်ဟာ ခါတိုင်းနဲ့ မတူဘူး။ အာသွက်လျှာသွက်ဖြစ်ပြီး စကားတွေ အများကြီးပြောမိတယ်။ ပျော်ရွှင်နေတာကိုလည်း ဖုံးကွယ်မထား

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ ဂဲလ်ဖရစ်ချ်လည်း ကျွန်တော့်လိုပါပဲ၊ စကားကို အမျှင်မပြတ် ပြောနေပါတယ်။ တစ်ခါတလေ သူ့စကားတွေ နားထောင်ရင်း နာဒက်ဇဒါနီ ကို လေယက်ဗ်နာက ပြုံးနေတတ်ပါတယ်။ အေဂတ်ဖရာကတော့ စားပွဲပေါ် မှာ စားစရာ လက်ဖက်ရည်ပွဲ လာချပေးပြီး တံခါးဝမှာ ရပ်နေပါတယ်။ ကျွန်တော်တို့ရဲ့ ပြုမူပြောဆိုနေတာတွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေ တာပါ။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာက ကျွန်တော်တို့အတွက် လက်ဖက်ရည်ထည့်ပေးနေတာကို ပိုပြီး စိတ်ဝင်တစားရှိနေပုံရပါတယ်။

"ဘာပြောစရာ ရှိလို့လဲ အေဂတ်ဖရာ" လို့ ကျွန်တော် က လှမ်း မေးတယ်။

"ဘာမှ မရှိပါဘူးကွယ်။ မင့်ကို စိတ်ဝင်စားလို့ ကြည့်နေတာပါ။ အဘွားကြီးတစ်ယောက်အနေနဲ့ ဘာအနှောင့်အယှက်မှမပေးဘဲ ရပ်ကြည့်နိုင် ခွင့် မရှိဘူးလား"လို့ ပြောပါတယ်။ "ငါက ဟိုအမျိုးသမီးလေး လုပ်ကိုင်နေ တာကိုလည်း စိတ်ဝင်စားလို့ပါ။ ကြည့်ရမြင်ရတာ သိပ်ကောင်းတာပဲ"

နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာက ခေါင်းမော့ကြည့်တယ်။

"ကြည့်လို့ အင်မတန်ကောင်းတဲ့ အပြောင်းအလဲလေး တစ်ခုပါပဲ။ အရာရာတိုင်းကို ယောကျ်ားတွေချည်း လုပ်ကိုင်နေတာ ကြာခဲ့ပြီမဟုတ်လား။ အခုကျတော့ အမြင်က ဆန်းနေတယ်။ လူတစ်ယောက်ရဲ့ လွတ်လပ်မှုကို ခွင့်ပြုစေချင်တယ်။ အန်ဒရီ နီကိုလေ ယက်ဗစ်ချ်ရယ် အိမ်ရှင်မ မရှိတဲ့ အိမ်တစ်အိမ်ဟာ သိပ်ကို ခြောက်သွေ့တယ်ကွဲ့"

စကားလည်းဆုံးရော အဘွားကြီးဟာ အခန်းထဲက ထွက်သွားတယ်။ ကျွန်တော်တို့ရဲ့ သာယာပျော်ရွှင်မှုလေးဟာ ရုတ်တရက် ပျောက်သွားတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ ထိုင်ရာကထပြီး အခန်းထဲမှာ လျှောက် သွားတယ်။

ကျွန်တော်ရဲ့ ဆွဲလက်စ ပန်းချီကားဟာ ထောင့်တစ်ထောင့်ထဲမှာပါ။ ကျွန်တော့် ပန်းချီကားကို ဆက်မဆွဲဘဲ ပစ်ထားခဲ့တာ ရက်တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြာသွားပါပြီ။ ပန်းချီကားပေါ်က ဆေးတွေတောင် ခြောက်ကုန်ပါပြီ။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာဟာ သူ့ရဲ့ ရုပ်လွှာကို အကြာကြီး ရပ်ကြည့် နေရာက ကျွန်တော့်ဘက် လှည့်ကြည့်ပြီး ပြုံးတယ်။

"ဆက်ဆွဲလိုက်ရင် မကြာခင် ပြီးသွားမှာပါ။ ကျွန်မ အခုလို မှတ်တွေ့ တာမျိုး နောက်ထပ် မဖြစ်စေရဘူး။ အဲသလိုဆိုရင် ပြပွဲတင်ဖို့ အချိန်မီမှာပါ"

"ခင်ဗျားနဲ့ သိပ်ကိုတူတာပဲ" လို့ ဂဲလ်ဖရစ်ချ်က ကြားဖြတ်ပြောတယ်။

သူဟာ စကားဆက်မပြောတော့ဘူး။ အတွေးတစ်ခုက သူ့ကို စကား မပြောနဲ့လေလို့ သတိပေးပြီး ဟန့်တားလိုက်သလို ဖြစ်သွားတယ်။ သူဟာ မျက်မှောင်ကြုတ်ပြီး ပန်းချီကားနားက ထွက်သွားတယ်။

"ဘာဖြစ်လို့လဲ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ မျက်နှာထားက ဆိုးသွားပြန်ပြီလား" လို့ ကျွန်တော်က ပြောမိတယ်။

"ဘာမှ မဖြစ်ပါဘူး အန်ဒရီ။ ဒီပုံက ကျွန်မနဲ့ သိပ်ကိုတူနေတယ်။ အဲဒီတော့ ကျွန်မ စဉ်းစားမိတယ်။ ကျွန်မကိုသိနေတဲ့ လူတွေက အများကြီး။ သိပ်ကိုများတာ။ ဒီပုံကိုမြင်ရင် ဘာတွေ ဖြစ်လာနိုင်သလဲဆိုတာ ကျွန်မ တွေးကြည့်မိတယ်"

သူက သက်ပြင်းချတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ မျက်ရည်တွေနဲ့ ပြည့်လျှံလာတယ်။

"ပြောကြမယ့် စကားတွေနဲ့ မေးကြမယ့် မေးခွန်းတွေကို ကျွန်မ တွေးနေမိတယ်။ သူတို့က ရှင့်ကို ဘယ်နည်းနဲ့မဆို မေးကြ ပြောကြမှာပဲ။ ရှင့်နားတွေက အဲဒါတွေကို ကြားရမှာပဲ။ နားမထောင်ချင်လို့လည်း ရမှာ မဟုတ်ဘူး" လို့ သူက ဆက်ပြောတယ်။ "ဒီအမျိုးသမီးက ဘယ်သူလဲ။ ခင်ဗျား ဘယ်ကရှာတွေ့လာတာလဲ" ဆိုတဲ့ မေးခွန်းတွေဟာ မမေးဘဲနေကြ မှာ မဟုတ်ဘူး။ ကျွန်မဘယ်သူဆိုတာ သိတဲ့လူတွေနဲ့ ကျွန်မကို ဘယ်နေရာ မှာ တွေ့နိုင်တယ်ဆိုတာကို သိနေတဲ့လူတွေက မေးကြမှာ သေချာတယ်။ ဒီတော့ကာ"

www.burmeseclassic.com

www.burmeseclassic.com



"နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာရယ်"

"ကျွန်မကို မဟာနိုပါနဲ့ အန်ဒရီ။ ရှင်နဲ့ ရှင့်မိတ်ဆွေတို့အဖို့တော့ ကျွန်မဟာ လူသားတစ်ယောက်ပါ။ သုံးနှစ်တာကာလအတွင်းမှာ အခုလို လူလူသူသူ အဆက်ဆံခံရတာ ကျွန်မအဖို့ ပထမဆုံးအကြိမ်ပါ။ ကျွန်မဘာသာ ကျွန်မတောင် မယုံကြည်နိုင် ဖြစ်ခဲ့ရပါတယ်"

"ကျွန်မ ရှင့်ကိုထားခဲ့ပြီး ပြန်မလာတာ ဘာကြောင့်ဆိုတာ ရှင်သိရဲ့လား။ ကျွန်မ အခုလိုပြောနေတာကို ခွင့်လွှတ်ပါ။ ရှင်လည်းပဲ တခြားယောကျ်ားတွေလိုပဲလို့ ကျွန်မ ထင်ခဲ့တယ်။ ကျွန်မရဲ့မျက်နှာနဲ့ ကျွန်မရဲ့ ကိုယ်ခန္ဓာကို တစ်စုံတစ်ခုအတွက် အသုံးဝင်တယ်လို့ ရှင်လည်း တွေးတာပဲလို့ ကျွန်မ ယုံကြည်ခဲ့တယ်။ ဒါကြောင့်မို့လည်း ရှင့်ဆီကို ကျွန်မ လာခဲ့တာ"

"ပန်းချီကားကလည်း ပြီးခါနီးလာပြီ။ ရှင့်ရဲ့ ဆက်ဆံမှုဟာ ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ နူးညံ့ပျော့ပျောင်းတယ်၊ ကိုယ်ချင်းစာနာ ထောက်ထားမှုတွေ ရှိတယ်။ ကျွန်မ အနေနဲ့ အဲသလို ဆက်ဆံတာမျိုးကို မရခဲ့ဖူးဘူး။ ကျွန်မဘာသာ ကျွန်မတောင် မယုံကြည်ခဲ့ဘူး။ ဒီလိုအတွေ့အကြုံမျိုးကို ကျွန်မ မရချင်ဘူး။ ဒါဟာ ကျွန်မအတွက်တော့ အလွန်ပြင်းထန်တဲ့ ထိုးနှက်ချက်တစ်ခုပါ။ ဒီထိုးနှက်ချက်နဲ့ ကြုံရတဲ့အခါ ကျွန်မမှာ အထိနာတယ်။ အလွန့်အလွန်ကို အထိနာတာ"

သူမဟာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး မျက်လုံးအစုံထဲက မျက်ရည်တွေကို လက်ကိုင်ပဝါနဲ့ သုတ်နေပါတယ်။

"ကျွန်မကို ခွင့်လွှတ်ပါ" လို့ ဆက်ပြောတယ်။ "ကျွန်မ ရှင့်ကို မယုံကြည်ခဲ့ဘူး။ ရှင်ဟာ တစ်ချိန်ချိန်ကျရင် ဒီသုံးနှစ်အတွင်းမှာ ကျွန်မ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အကြည့်မျိုးနဲ့ ကျွန်မကို ကြည့်မှာပဲလို့ တထိတ်ထိတ် တလန့်လန့် စောင့်စားနေခဲ့ရတယ်။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်းမှာ ဒီအကြည့်မျိုးကလွဲပြီး တခြားအကြည့်မျိုးနဲ့ ကြည့်တဲ့လူ တစ်ယောက်မှ မရှိခဲ့ဖူးဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူဟာ စကားကို ဖြတ်ပြီး ရပ်ထားပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ နာကြည်းလွန်းတဲ့ အရိပ်လက္ခဏာတွေ ပေါ်လွင်နေပါတယ်။ သူ့ရဲ့ နှုတ်ခမ်းတွေဟာ တုန်ယင်နေကြပါတယ်။ သူဟာ အတော်ကလေး အလှမ်းဝေးတဲ့ ထောင့်တစ်ထောင့်ဆီကို ငေးကြည့်နေပါတယ်။ သူ့ရဲ့အကြည့်က အဲဒီထောင့်ထဲမှာ တစ်စုံတစ်ရာကို မြင်နေရသလိုပဲ။

"ကျွန်တော့် ယောက်ျားတွေရဲ့အကြည့်မျိုးနဲ့ မကြည့်ခဲ့တဲ့ ယောက်ျားဆိုလို့ တစ်ဦးပဲ ရှိခဲ့ပါတယ်။ တကယ့် အဲဒီတစ်ဦးတည်း ရှိခဲ့တာပါ။ ဒါပေမဲ့ ကျွန်မလေ ကျွန်မ "

ဂဲလ်ဖရစ်ရ်နဲ့ ကျွန်တော်ဟာ အသက်တောင်မှ မရှူ နိုင်ပါဘူး။ သူ့ဆီက ထွက်လာမယ့် စကားကို နားစွင့်ထားမိကြပါတယ်။

"ဒါပေမဲ့ ကျွန်မလေ၊ ကျွန်မ သူ့ကို သတ်လိုက်မိပါတယ်"

ပြင်းပြင်းထန်ထန် ခံစားလိုက်ရတဲ့ဝေဒနာကြောင့် ပေါက်ကွဲထွက်လာတဲ့ ငိုသံကို ကြားကြရပါတယ်။ ကလေးတစ်ယောက်ရဲ့ ငိုသံနဲ့ တူလှတဲ့ သနားစရာ ငိုကြွေးသံဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းထဲမှာ လွင့်မျော နေပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၅
## ဘက်ဆိုနော့ပ်၏ မှတ်တမ်းမှ

ကျွန်တော်သည် တစ်စုံတစ်ခုဖြစ်လာလိမ့်မည် ဟူသောအတွေးဖြင့် စောင့်စားနေမိသည်။ မကြာသေးခင်က ကျွန်တော် သူတို့ထံ ရောက်သွားခဲ့သည်။ သူတို့နှစ်ယောက် အတူတူပင်ဖြစ်သည်။ ကျွန်တော့်တွင် ယခင်က ပိုင်ဆိုင်ထားသော စိတ်အင်အားသည် ကြီးမားခြင်းမရှိဟု ယူဆရ၏။ ဘာမှ ဂရုမထားသလို နေထိုင်ကာ သိမ်မွေ့နူးညံ့စွာ ဆက်ဆံခြင်းတည်းဟူသော ဟန်ဆောင်မျက်နှာဖုံးကို စွပ်ထားရန် အားထုတ်သော်လည်း မရပါ။ အကယ်၍ နောက်ထပ် ဆယ့်ငါးမိနစ်သာ ဆက်နေမည်ဆိုပါက ကျွန်တော့်မျက်နှာဖုံးသည် ကွာကျပြီး နောက်ကွယ်မှ အစစ်အမှန် မျက်နှာကို မြင်တွေ့သွားကြပေတော့မည်။

အမျိုးသမီးမှာ မမှတ်မိနိုင်လောက်အောင်ပင် ပြောင်းလဲနေသည်ကို ကျွန်တော် သူ့ကိုသိလာခဲ့သည်ကို သုံးနှစ်ရှိခဲ့ပြီ။ သူ၏ နေထိုင်ဆက်ဆံပြောဆိုမှုများကိုလည်း ကျွန်တော် ကောင်းစွာသိနေသည်။ အခုကျတော့ သူသည် ဟိုတုန်းကနှင့်မတူ၊ သိသိသာသာ ပြောင်းလဲနေသည်။ ကျွန်တော် နားမလည်နိုင်အောင် ဖြစ်နေရပါသည်။ သူ၏ လက်ရှိပြောင်းလဲမှုသည်

www.burmeseclassic.com

www.burmeseclassic.com



အစစ်အမှန်ပဲလား သို့မဟုတ် သူ့ကိုယ်သူရော အခြားလူများကိုပါ လိမ္မာပါးနပ်စွာ လိမ်လည်လှည့်ဖြားလေ့ရှိသော သတ္တဝါတစ်ကောင်၏ ပါးနပ် ကျွမ်းကျင်စွာ သရုပ်ဆောင် ကပြနေခြင်းမျိုးလား။

ကျွန်တော်သည် သူတို့၏ ဆက်ဆံရေး အခြေအနေကို အပီအပြင် မသိပါ။ ခန့်မှန်း၍မရ ဖြစ်နေသည်။ သူသည် သူနှင့် ညားနေပြီလား။ သူ၏ တိတ်တိတ်ပုန်း အိမ်ရှင်မ ဖြစ်နေပြီလား။ ထိုမျှလောက်အထိတော့ ဖြစ်ဦးမည် မထင်။ အကယ်၍ ဖြစ်နေခဲ့ပါမူကား သူသည် ကျွန်တော်ထင်ထား သည်ထက်ပို၍ လိမ္မာပါးနပ်သည်ဟု ဆိုရလိမ့်မည်။ သို့ဆိုလျှင် သူ၏ ရည်မှန်းချက်သည် ဘာလဲ။ သူ၏ ဇနီးဘဝကို ရယူလို၍လား။

ဤမှတ်တမ်းမှ ဤစာကြောင်းများကို ပြန်ဖတ်သည့်အခါ ရေးထားသမျှ အားလုံးကို မှန်သည်ဟု မပြောနိုင်ပါ။ သူ သိသိသာသာ ပြောင်းသွားသည် ဟူသော အချက်တစ်ချက်တည်းကိုသာလျှင် မှန်သည်ဟု ဆိုနိုင်စရာရှိပါသည်။ လွန်ခဲ့သောသုံးနှစ်က ကျွန်တော်ကိုယ်တိုင်ပင် သူနှင့် ဘဝတူမိန်းမများထံ၌ မတွေ့ရသည့် အဆင့်မြင့်မြင့်နေထိုင်မှုတချို့ကို သတိထားခဲ့မိပါသည်။ ထိုစဉ်က ကျွန်တော်ကိုယ်တိုင်ပင် သူက ကယ်တင်ရှင်အဖြစ်သို့ ရောက်လိုသော ဆန္ဒဖြစ်ပေါ်ခဲ့ရ၏။ ယခု လိုပါတင် ကစားနေသည့် စိတ်သဘောထားကြီးမှုမျိုးကို လက်ခံကာ ကစားလုနီးပါး ဖြစ်ခဲ့ရ၏။

သို့သော်လည်း ထိုစဉ်က ကျွန်တော်သည် ယခုလက်ရှိ လိုပါတင်ထက် အတွေ့အကြုံများသည်။ ထိုလုပ်ရပ်ထဲမှ ဘာအကျိုးဖြစ်ထွန်းမှုမှ ပေါ်ထွက်လာမည် မဟုတ်ဟု သိခဲ့၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ဤကိစ္စတွင် ဘာတစ်ခုမှ မလုပ်တော့ဘဲ လက်မြှောက်ထားခဲ့သည်။ ဤကိစ္စမျိုးတွင် ရှိလာတတ်သည့် အဟန့်အတားများကလည်း အခုအခံဖြစ်ခဲ့၏။ အထူးသဖြင့် သူ၏ ခေါင်းမာမှုနှင့် အာခံမှုများသည် ကျွန်တော့်အတွက် ကြီးမားသော အတားအဆီးများ ဖြစ်ခဲ့ပါသည်။ ထိုစဉ်က ကျွန်တော် သိရသလောက်ဆိုပါက သူသည် အရာရာတိုင်းကို မျှော်လင့်ချက်ကင်းမဲ့သည်ဟု မြင်နေသူဖြစ်၏။

www.burmeseclassic.com



အကယ်၍ ကျွန်တော်ကသာ သူ့အား ကယ်တင်ဖို့ ကြိုးစားမည်ဆိုပါက သူကပင် ထိုကြိုးစားမှုကို ခုခံတွန်းလှန်လိမ့်မည် ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် အားထုတ်မှုကို မပြုဘဲ နေလိုက်ပါသည်။

လိုပါတင်ကော ဤကိစ္စကို လုပ်သလား။ ကျွန်တော် မသိပါ။ တစ်ခုခု ရှိ၏။ အမျိုးသမီးသည် မမှတ်မိနိုင်လောက်အောင် ပြောင်းလဲလျက်ရှိသည်။ အထူးသဖြင့် သူသည် သူ၏ ယခင်ဘဝက နေထိုင်ပြုမူမှုများကို စွန့်လွှတ်လိုက်သည်ကို တွေ့နေရသည်။ ယခုအခါတွင် သူသည် ခပ်သေးသေး ခပ်စုတ်စုတ် အခန်းငယ်ကလေးကို ငှား၍ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ ဂဲလ်ဖရစ်ချ်နှင့် သူ၏ ကယ်တင်ရှင်တို့နှင့်လည်း သိပ်ပြီး အဆက်အသွယ်မလုပ်၊ သူတို့အား သူ၏ အခန်းသို့ ခေါ်ယူခြင်းမပြု။

သူ့အနေဖြင့် သူ့ထံကိုတော့ သွားသည်။ မူလ စီစဉ်ထားသည့်အတိုင်း ကိုယ်ဟန်ပြပေးသည်။ ရလာသည့်အချိန်ပိုများတွင် သူသည် အချုပ်အလုပ်ကို လုပ်သည်။ သူသည် ဆင်းရဲချို့တဲ့စွာ နေထိုင်လျက်ရှိ၏။ သူသည် အရက်ကို စွဲနေရာမှ မသောက်တော့ဘူးဟု ဆုံးဖြတ်ပြီး နေထိုင်လျက်ရှိသော အရက်သမားတစ်ဦးနှင့် တူနေသည်။ သူသည် ထိုပုံစံအတိုင်း ရေရှည်နေနိုင်ပါမည်လော၊ ဘဝအကြောင်းကို ဘာမှမသိဘဲ စိတ်ကူးယဉ်မှု၌သာ အာရုံကျက်စားနေသည့် ထိုပန်းချီဆရာကကော သူ့အား ထိုပုံစံအတိုင်း အမြဲတစေ နေထိုင်သွားအောင် ကူညီနိုင်ပါမည်လော။

မနေ့က အမေ့ထံသို့ စာတစ်စောင် ရေးခဲ့သည်။ ပြောချင်သည်များကို အသေးစိတ် ရေးခဲ့သည်။ အမေသည် ကျွန်တော် လုပ်စေချင်သည့်အတိုင်း လုပ်လိမ့်မည်ဟု ထင်သည်။ အခုလို ကိစ္စမျိုးတွင် မိန်းမများသည် ကြားခင် စွက်ရခြင်းကို အလွန်သဘောကျတတ်သည် မဟုတ်ပါလား။ ဤကိစ္စသည် ဆိုဖီယာမစ်ပေါး လော့ဗ်နာထံသို့ ရောက်လိမ့်မည်မှာ မလွဲပါ။ သို့ဆိုလျှင် သူ့ကို ကယ်တင်နိုင်ဖွယ်ရာ ရှိပါသည်။

သူ့ကို ကယ်တင်ရေးကိစ္စတွင် ဘာကြောင့် ကျွန်တော် ဤမျှလောက်

www.burmeseclassic.com

www.burmeseclassic.com



အထိ သောကကြီးနေရပါသနည်း။ ကျွန်တော့် ဘဝတစ်လျှောက်လုံးတွင် အခြားလူများ၏ အရေးကိစ္စများ၌ ယခုလောက်အထိ စိတ်ဝင်စားခြင်း မရှိခဲ့ဖူးပါ။ လိုပါတင်နှင့် ထိုမိန်းမယူခြင်း၊ မယူခြင်း လိုပါတင်က ထိုမိန်းမအား ရွံရှာ့ထံမှ ဆွဲထုတ်ခြင်း၊ ဆွဲမထုတ်ခြင်း သူ့ကိုယ်သူ နိမ့်ကျသောဘဝထဲသို့ ဆင်းသက်ခြင်း၊ မဆင်းသက်ခြင်း သူ့ဘဝသူ ဖျက်ဆီးပစ်ခြင်း စသည်တို့သည် ကျွန်တော့်အတွက် အကျိုးယုတ်စရာ ဘာများရှိပါသနည်း။

ဤအရေးကိစ္စနှင့်ပတ်သက်၍ ကျွန်တော်သည် ကျွန်တော်၏ စိတ်ခံစားမှုများတို့ ဝေဖန်ဆန်းစစ်ခြင်း ပြုခဲ့မိသည်။ ကျွန်တော်ရင်ထဲ၌ ရှိနေသည်များကို ပီပီပြင်ပြင် သိနိုင်စွမ်းမရှိခဲ့ပါ။ ဘာကြောင့် ဤကိစ္စတွင် ဤမျှလောက်အထိ ကျွန်တော် ပါဝင်နေမိသနည်း။ ကျွန်တော် မသိပါ။ သို့သော်လည်း ကျွန်တော်၏အတွေးများကို အသေအချာ ဆန်းစစ်ကြည့်မိသည်။ ထိုအခါ အကယ်၍ ကျွန်တော်သည် သူ့အား ကယ်တင်လိုသောဆန္ဒ ရှိသည်ဆိုပါက သူ၏ အကြောင်းကို ကျွန်တော် ပို၍ တွေးသင့်ပါသလား။ သူ၏ မျက်နှာသည် ယခင်တစ်ချိန်က လူတစ်ဖက်သားအား သွေးဆူအောင် လုပ်တတ်၏။ အခုကျတော့ သူ၏ မျက်နှာသည် သနားစရာ ကောင်းလောက်အောင် နူးညံ့သိမ်မွေ့နေသည်။

ကျွန်တော်သည် သူ့အပေါ်၌ မကောင်းသော စိတ်မထားပါ။ သို့သော်လည်း သူ့အား သူ့ထံမှ ဝေးရာသို့ ရောက်သွားစေချင်သည်။ သူ့အား သူ့ကာကွယ်မှုအောက်မှ ဝေးရာသို့ ရောက်သွားစေချင်သည်။ ဤဆန္ဒသည် ကျွန်တော့်အနေဖြင့် လိုပါတင်၏ နေရာကို ယူချင်လို့လား။

ကျွန်တော်သည် ယနေ့ သူနှင့် တွေ့ရမည်။ ဤကိစ္စကြောင့် ကျွန်တော်သည် စိတ်အေးချမ်းသာယာမှုကို မရ။ ကျွန်တော် အလုပ်ပင်မလုပ်နိုင်။ တခြား ဘာကိုမှလည်း လုပ်လို့မရ။ နှစ်ရက်နှင့် လုပ်လို့ပြီးစီးနိုင်သော အလုပ်များမှာ သီတင်းနှစ်ပတ်နှင့်ပင် အပြီးမသတ်နိုင်။ ဤပြဿနာကို ကျွန်တော် မဖြေရှင်း၍မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ထိုကိစ္စကို ကျွန်တော် အရှုံးပေးရမည်လား။ လုံးဝ အရှုံးမပေးနိုင်။ ကျွန်တော်၏ မာန်မာနသည် အရှိန်အဟုန်ပြင်းစွာဖြင့် တက်လာနေသည်။ ကျွန်တော် သူ့ကို ကယ်တင်လိုက ကယ်တင်နိုင်၏။ သို့သော်လည်း ကယ်တင်ချင်စိတ် မရှိခဲ့။ အခုတော့လည်း ကယ်တင်ချင်စိတ်က ရှိနေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

၁၆

# လိုပါတင်ဓါမှတ်စုများ

ဂဲလ်ဖရစ်ချ်ဟာ ကျွန်တော်တို့နဲ့ တစ်ထပ်တည်း အခန်းမှာနေတဲ့ ဆရာဝန်ကို ပင့်ဖို့ အပြေးအလွှား ထွက်သွားတယ်။ ကျွန်တော်ကတော့ ရေပြေးခပ်တယ်။ ချက်ချင်းပဲ၊ ငိုလိုက် ရယ်လိုက် ဖြစ်နေတဲ့ အခြေအနေဟာ ရပ်သွားတယ်။ နာဒက် ဇဒါ နီကိုလေ ယက်ဗ်နာဟာ ဆိုဖာထောင့်မှာ ထိုင်နေပါတယ်။ သူ့ဆီက ငိုရှိုက်သံဟာ တိုးလာလိုက်၊ ကျယ်လာလိုက်နဲ့ ကြားနေရဆဲပါ။ ကျွန်တော်ဟာ သူ့ကို နှောင့်ယှက်သလို ဖြစ်မှာစိုးလို့ ဘာမှ မလုပ်ရဲဘူး။ ဘေးတစ်ဖက်က အခန်းထဲကို ဝင်ခဲ့ပါတယ်။

ဆရာဝန်က အိမ်မှာ မရှိဘူး။ ဂဲလ်ဖရစ်ချ် ပြန်ရောက်လာချိန်မှာ သူ့ရဲ့ အခြေအနေဟာ တည်ငြိမ်စ ပြုနေပါပြီ။သူဟာ ဆိုဖာပေါ်ကထပြီး အိမ်ပြန်ဖို့ စီစဉ်ပါတယ်။ ဂဲလ် ဖရစ်ချ်က သူ လိုက်ပို့ပါရစေလို့ ပြောတယ်။ သူက ကျွန်တော့်လက်ကို ဆွဲကိုင်ထားပြီး ကျွန်တော့်မျက်နှာကို ကြည့်နေပါတယ်။ သူ့ရဲ့ မျက်လုံးအစုံမှာ မျက်ရည်စတွေနဲ့ ပြည့်နေပါတယ်။

သီးတင်းတစ်ပတ် ကုန်သွားပါပြီ။ နောက်တော့ ဆယ့်လေးရက်၊ အဲဒီနောက်တော့ တစ်လ၊ ကျွန်တော့်ဆီကို လာပြီး ကိုယ်ပာန်ကြော့အလုပ်က

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွားနေခဲ့ပါ။ ကျွန်တော် အမှန်အတိုင်းပြောရရင် အလုပ်ကို အချိန်ဆွဲပြီး လုပ်နေတာပါ။ ကျွန်တော် အခုလိုလုပ်နေတာကို သူ သိသလား၊ မသိဘူး လားဆိုတာ ကျွန်တော် မပြောတတ်ဘူး။ ဒါပေမဲ့ သူကတော့ အလုပ်ကို မြန်မြန်အပြီးသတ်ဖို့ ကျွန်တော့်ကို အမြဲတစေ နားပူနေပါတယ်။ သူဟာ အလျင်ကထက် တည်ငြိမ်အေးဆေးလာပါတယ်။ တစ်ခါတလေ ပျော်ပျော် ရွှင်ရွှင် ရှိနေတာလည်း တွေ့ရပါတယ်။

သူက သူ့ရဲ့ ဇာတ်လမ်းကို ပြောပြပါတယ်၊ ဒီဇာတ်လမ်းကို ကျွန်တော့် မှတ်တမ်းထဲမှာ မှတ်တမ်းတင်ထားဖို့ သင့်မသင့် အချိန်ယူပြီး စဉ်းစားခဲ့ပါတယ်။ ရုတ်တရက် ချက်ချင်း ဝေခွဲလို့မရပါဘူး။ နောက်ဆုံးမှာတော့ မှတ်တမ်း မတင်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော့်ရဲ့ မှတ်တမ်းစာအုပ်ဟာ ဘယ်သူ့လက်ထဲ ရောက်မလဲဆိုတာ ဘယ်သူက သိနိုင်မလဲ။ တကယ့်ကို ဒီမှတ်တမ်းဟာ ဆွန်ယာနဲ့ ဂဲလ် ဖရစ်ချ်တို့ကလွဲပြီး တခြားလူတွေ ဖတ်ခွင့် မရနိုင်ပါဘူးဆိုတာ ကျွန်တော်သိနေသည့်တိုင်အောင် ကျွန်တော့်အနေနဲ့ နာဒက်ဇဒါ နီကိုလေ ယက်ဗနာရဲ့ အတိတ်ဇာတ်ကြောင်းကို အဲဒီထဲမှာ ရေးမထားပါဘူး။ အမှန်တော့လည်း သူတို့ နှစ်ဦးစလုံး ဒီဇာတ်လမ်းကို သိနေကြတာပါ။

အလျင့်အလျင်ကလိုပဲ ကျွန်တော်ကတော့ ကျွန်တော့် ညီမဝမ်းကွဲကို နာဒက်ဇနီဒါ ကိုလေ ယက်ဗနာနဲ့ ပတ်သက်သမျှကို ဖုံးကွယ်မထားဘူး။ တစ်လုံးမကျန် အသိပေးတာချည်းပဲ။ အဲဒီအချိန်က သူ့ဆီကို ကျွန်တော် ရေးခဲ့သမျှ စာတွေထဲမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာရဲ့ အတိတ် ဇာတ်လမ်းကို အသေးစိတ် ပြောပြခဲ့ပါတယ်။ ဒီဇာတ်လမ်းကို ဂဲလ်ဖရစ်ချ် သိတာက ကျွန်တော့် ညီမ ပြောပြလို့ပါ။ သူတို့ အနေနဲ့ ဒီဇာတ်လမ်းကို ကျွန်တော့်မှတ်တမ်းထဲမှာ ဖတ်နေစရာတောင် မလိုပါဘူး။

ကျွန်တော့်သဘော ပြောရမယ်ဆိုရင် တခြားလူတွေက သူ့အပေါ်မှာ အဆုံးအဖြတ် မပြုစေချင်ပါဘူး။ ကျွန်တော်ဟာ သူ့ရဲ့ဇာတ်လမ်းတစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



လေ့လာသိရှိထားတဲ့ လူပါ။ သူ့ရဲ့ တရားသူကြီးလို့ ပြောချင်ပါတယ်။ ကျွန်တော်ကတော့ သူ ဖြစ်ခဲ့သမျှ အရာရာတိုင်းအတွက် သူ့ကို ခွင့်လွှတ်ပြီးသားပါ။ သူ့ရဲ့ ဖွင့်ဟဝန်ခံချက်တွေနဲ့ သူ့ရဲ့ ကံမကောင်းအကြောင်းမလှမှုတွေဟာ ဖြစ်တတ်ပျက်တတ်တဲ့ သဘာဝပါ။

အမှန်ပြောရရင် သူ နောက်ဆုံး ရင်ဆိုင်ခဲ့ရတဲ့ ကံဆိုးမှုဟာ ကြောက်စရာလည်း ကောင်းပါတယ်။ သနားစရာလည်း ကောင်းပါတယ်။ ဒီအကြောင်းတို ပြောပြခဲ့တဲ့နေ့ဟာ ဂဲလ်ဖရစ်ချ်က သူ့ကိုရှာဖွေပြီး ပြန်ခေါ်လာတဲ့နေ့ကပါ။ အဲဒီညက သူ့ရဲ့အဖြစ်ကို ပြောပြရင်းနဲ့ သူဟာ အကြီးအကျယ် စိတ်ထိခိုက်ပြီး ငိုဟယ်ရယ်ဟယ် ဖြစ်ခဲ့ရရှာပါတယ်။ မှန်ပါတယ်။ သူဟာ လူတစ်ယောက်ကို သတ်ခဲ့ပါတယ်။ သူ ကိုယ်တိုင်က ဘာမှမသိဘဲ သတ်မိခဲ့တဲ့အဖြစ်ပါ။

သူက သူ့ကို ကယ်တင်ချင်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ မကယ်တင်နိုင်ပါဘူး။ သူ့မှာ ကယ်တင်နိုင်တဲ့အင်အား မရှိပါဘူး။ ဒါပေမဲ့ ကယ်တင်နိုင်ဖို့ကိုတော့ သူ တတ်အားသရွေ့ အားထုတ်ပါတယ်။ နောက်ဆုံး မအောင်မြင်တဲ့အခါကျတော့ သူဟာ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်ပြီး သတ်သေသွားခဲ့ပါတယ်။ ဒီဇာတ်လမ်းကို သူဟာ မျက်ရည်လည်းမကျ၊ ဣန္ဒြေလည်းမပျက်ဘဲ တည်ငြိမ်အေးဆေးတဲ့ လေသံနဲ့ ပြောပြသွားခဲ့တာပါ။ ကျွန်တော့်အတွက်တော့ ကြောက်စရာဇာတ်လမ်းပါ။ တော်တော်နဲ့ ခေါင်းထဲက ထုတ်ပယ်ပစ်လို့ မရခဲ့ပါဘူး။ ဒီအဖြစ်မျိုးနဲ့ ရင်ဆိုင်ခဲ့ရလို့ ကွဲအက်ကြေမွသွားရတဲ့ နှလုံးသားဟာ ပြန်လည်ပြုပြင်လို့ ရနိုင်ပါဦးမလား။ ရရှိထားတဲ့ ကြောက်စရာ ဒဏ်ရာတွေကတော့ ကုစားလို့ ရနိုင်ပါ့မလား။

ဒါပေမဲ့ ဒဏ်ရာတွေကို ကုစားလို့ရခဲ့တဲ့ လက္ခဏာရှိပါတယ်။ သူဟာ ငြိမ်ပြီး တည်ငြိမ်လာပါတယ်။ သူ့ရဲ့ မျက်နှာမှာလည်း အပြုံးရိပ်တွေ ကြောခဏ ပေါ်လာလေ့ရှိပါတယ်။ သူဟာ ကျွန်တော့်ဆီကို နေ့စဉ်လာပါတယ်။ ကျွန်တော်တို့နဲ့အတူတူ ညနေစာ စားပါတယ်။ ပြီးရင် သုံးယောက်သား စားပွဲမှာထိုင်ပြီး စကားပြောလေ့ ရှိကြပါတယ်။ အများအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဂဲလ်ဖရစ်ချ်နဲ့ ကျွန်တော်သာ စကားများများ ပြောဖြစ်ကြတာပါ။ နာဒက်ဖဒါ နီကိုလေ ယက်ဗ်နာကတော့ တစ်ခါတလေကျမှ တစ်လုံးစ တစ်ခွန်းစ ဝင်ပြောတာပါ။

အဲဒီ စကားဝိုင်းတွေထဲက တစ်ခုကို ကျွန်တော် ကောင်းကောင်း မှတ်မိနေပါသေးတယ်။ အဲဒီတုန်းက သူ့ကြောင်တွေကို ပုံကြမ်းလောင်းရှင်းနဲ့ပဲ အချိန်ကုန်နေဆဲပါ။ တစ်ကြိမ်မှာ သူက သူ့အလုပ်ကို သိပ်အပင်ပန်းခံပြီး လုပ်နေကြောင်း ဘာကြောင့်လဲဆိုတော့ သူ့အနေနဲ့ ပန်းချီကားတစ်ကား ဆွဲဖို့ စီစဉ်ကြောင်း အဲဒီကားကို နောက်ငါးနှစ် သို့မဟုတ် ဆယ်နှစ် ကာလအတွင်းမှာ ရေးဆွဲမှာဖြစ်ကြောင်း ပြောပါတယ်။

"ခင်ဗျားက ဘာပြုလို့ အဲသလောက် အချိန်တွေ အများကြီး ယူနေတာလဲ" လို့ ကျွန်တော်က ပြုံးချင်တဲ့စိတ်ကို မနည်းမျိုသိပ်ပြီး သူ့ကို မေးမိပါတယ်။

"ဘာကြောင့်လဲဆိုတော့ ဒီကိစ္စက သိပ်ပြီး အလေးအနက်ပြုရမယ့် ကိစ္စ ဖြစ်နေလို့ဗျ။ ဘဝတစ်သက်တာ အလုပ်တစ်ခု ဖြစ်နေတယ် အန်ဒရီ။ ခင်ဗျားက ကျောရိုးတန်းတန်းနဲ့ အရပ်မြင့်မြင့် လူတွေသာ ဒီလို အလေးအနက် ထားရမယ့် အလုပ်တွေကို စိတ်ကူးစီစဉ်နိုင်တယ်လို့ ထင်နေသလား။ ဒီမှာ ကိုယ့်လူ ကျွန်တော် ပြောတာကို ယုံပါ။ မဟာခံစားမှုကြီးတွေဟာ ကျွန်တော့် ကျောပေါ်က ဘို့ကြီးနှစ်ခုကြားမှာ ပုန်းချင်ပုန်းနေလိမ့်မယ်။ ပြီးတော့ မဟာ အတွေးအခေါ်တွေဟာ ဟောဒီထဲမှာ ပေါက်ဖွားချင် ပေါက်ဖွားနေလိမ့်မယ်" လို့ သူက ပြောပြီး သူ့ခေါင်းကို လက်ညှိုးနဲ့ခေါက်ပြတယ်။

"ဘာလဲ ရှင့်ရဲ့မဟာအတွေးက လျှို့ဝှက်ချက်တစ်ခု ဖြစ်နေသလား" လို့ နာဒက်ဖဒါ နီကိုလေ ယက်ဗ်နာက မေးတယ်"

သူက ကျွန်တော်တို့ နှစ်ယောက်ကို မော့ကြည့်တယ်။ ပြီးတော့မှ နာဒက်ဖဒါ နီကိုလေ ယက်ဗ်နာရဲ့ မေးခွန်းကို ဖြေတယ်။ "လျှို့ဝှက်ချက် တစ်ခုတော့ မဟုတ်ပါဘူး" လို့ အစချီပြီး သူ့စိတ်ကူးတွေကို ရှင်းပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျွန်တော်တို့ဟာ အချိန်အတော်ကြာကြာကုန်သည်အထိ စကားပြောဖြစ်ခဲ့ကြပါတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ ကိုယ်တိုင်လည်း အေးအေးဆေးဆေး ရှိနေတာ မြင်ရပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကြုံခဲ့ရတဲ့ သူ့ရဲ့ဘဝအတွေ့အကြုံတွေဟာလည်း အလွန်အလှမ်းကွာဝေးတဲ့ နေရာကို ရောက်သွားပြီလို့ ထင်ရပါတယ်။ ဒီလို တွေးမိပြန်တော့လည်း ကျွန်တော်ဟာ ပျော်ရွှင်ကြည်နူးရပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

ဆောင်းရာသီ ကုန်ဆုံးသွားပါပြီ။ နေဟာ မြင့်သည်ထက် မြင့်တက်လာပြီး စိန့်ပီတာစဘတ်မြို့ထဲက လမ်းတွေနဲ့ အိမ်ခေါင်မိုးတွေကို ပူနွေးတဲ့ ရောင်ခြည်နဲ့ ပက်ဖျန်းပေးနေပါတယ်။ ရေမြောင်းပိုက်တွေဆီက တဝေါဝေါကျဆင်းနေတဲ့ ရေသံတွေကို အဆက်မပြတ် ကြားနေရပါတယ်။ လမ်းမတွေပေါ်မှာ သွားလာနေကြတဲ့ မြင်းရထားသံတွေကိုလည်း ပြန်ပြီးကြားလာနေရပါပြီ။

ကျွန်တော့် ပန်းချီကားကို အပြီးသတ်လိုက်ပါပြီ။ အကြိမ်ပေါင်းများစွာ ထပ်တလဲလဲ ရေးဆွဲပြီးလို့ စိတ်တိုင်းကျလာတဲ့အခါမှာ ကျွန်တော်ဟာ ပန်းချီကားကို ပြပွဲတင်ဖို့အတွက် ပန်းချီအကယ်ဒမီကျောင်းက ပြပွဲပညာရှင်တွေဆီကို သွားပေးလိုက်ပါတယ်။ ပြပွဲ တင်သင့် မတင်သင့် အဆုံးအဖြတ်ပေးဖို့ တင်သွင်းခြင်းပါ။ ဂဲလ်ဖရစ်ချ်ကတော့ ပန်းချီကားကို ကြည့်ပြီး ကျွန်တော့်ကို ကြိုတင်ချီးကျူးနေပါတယ်။ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာကလည်း ပန်းချီကားကို အလွန် ပျော်ရွှင်ကြည်နူးတဲ့မျက်နှာထားနဲ့ ကြည့်နေပါတယ်။ ဒီအကြည့်မျိုးကို အလျင်က ကျွန်တော် တစ်ခါမှ မမြင်ခဲ့ရပါဘူး။

ရံဖန်ရံခါမှာ သူဟာ ရှင်လန်းတက်ကြွနေတာ တွေ့ရပါတယ်။ ဂဲလ်ဖရစ်ချ်ကို နောက်လားပြောင်လားလုပ်ပြီး ရယ်မော ပျော်မြူးနေတတ်ပါတယ်။ ဂဲလ်ဖရစ်ချ်က သူ ရေးဆွဲမယ်လို့ ကြုံးဝါးထားတဲ့ ပန်းချီကားအတွက် ရှေး

www.burmeseclassic.com

www.burmeseclassic.com



ဟောင်း ပန်းချီကားတွေနဲ့ ပစ္စည်းတွေကိုလည်း လေ့လာနေပါတယ်။ သမ္မာကျမ်းစာ စာအုပ်ကိုလည်း ဖတ်ရှုမှတ်သားနေပါတယ်။

ဂဲလ်ဖရစ်ချ် မွေးထားတဲ့ ကြောင်တွေလည်း ထွက်ပြေးကုန်ပါပြီ၊ အိမ်မှာ သူ့အချစ်တော် ကြောင်ညိုဝါကြီး တစ်ကောင်ပဲ ကျန်ခဲ့ပါတယ်။ သူ့ခမျာ အသက်က ကြီးလာပြီဆိုတော့ အငြိမ်းစားရသွားပါပြီ။ သူ့သခင်ကို အလျင်က လို ခဏခဏ ကိုယ်ဟန်မပြရတော့ပါဘူး။ ကျွန်တော်တို့ နောက်ဆုံး ဆွေးနွေး ကြစဉ်က မူရှန်မှ အီလီယာအကြောင်း ပြောမိခဲ့ကြဖူးပါတယ်။ အဲဒီနောက်မှာ သူဟာ ပန်းချီကားတစ်ကားတည်းပဲ ဆွဲဖြစ်ခဲ့ပါတယ်။ အဲဒီကားကို ရူဘယ် တစ်ရာ့ငါးဆယ်နဲ့ ရောင်းခဲ့ရပါတယ်။ အဲဒီငွေကို သူ အချိန်အကြာကြီး သုံးရမှာလို့ သူက ဝမ်းသာအားရ ပြောပါတယ်။ တကယ်တော့လည်း ကျွန်တော်နဲ့ အတူနေတာဆိုတော့ သူ့မှာ ကုန်ကျစရိတ်က မလိုဘူး မဟုတ် လား။

အားလပ်ချိန်ဆိုရင် ကျွန်တော်တို့သုံးယောက်ဟာ အတူတူ အချိန်ကုန် ကြတာများတယ်။ ဂဲလ်ဖရစ်ချ်ဟာ တစ်နေ့ရာက နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာအတွက် အလုပ်တစ်ခု ရှာလာတယ်။ သူ ရှာလာတာက ရောမ လက်ရေးစာမူ စာအုပ်ထူကြီးပါ။ အလွန်အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်ကြီး တချို့ ရေးဆွဲထားတဲ့ စီမံကိန်းစာအုပ်ပါ။ ဒီစီမံကိန်းအရ ရုရှားနိုင်ငံဟာ မဝေးတော့တဲ့ အနာဂတ်ကာလအတွင်းမှာ အလွန်ကြီးမားတဲ့ အကျိုးအမြတ် တစ်ခုကို ရနိုင်မယ့် အလားအလာရှိပါတယ်။ အဲဒီ စာအုပ်ကြီးကို နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာက လက်ရေးလှလှနဲ့ ကူးပေးရတာပါ။

ဒီအလုပ်က ရုရှားနိုင်ငံအတွက် ကြီးမားတဲ့အကျိုးကျေးဇူး ရလာမှာ ဆိုတော့ အင်မတန်ကြီးမားထက်မြက်တဲ့ ဦးနှောက်အလုပ်ကို မရလို့ မဖြစ် ဘူး။ ဒါကြောင့်လည်း ဒီစီမံကိန်းစာအုပ်ဟာ ပြင်ဆင်ချက်တွေနဲ့ နောက်ဆက် တွဲတွေ ခဏခဏ ထည့်လေ့ရှိပါတယ်။ ဘယ်တော့မှ အဆုံးသတ်မယ့်ပုံ မပေါ်ဘူး။ ဘယ်တော့မှလည်း ပြီးမယ်လို့ မထင်ဘူး။ အခုကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ကြီးကို နာဒက်ဇေါ် နီကိုလေ ယက်ဗ်နာ က ကူးနေပါတယ်။ သူ ကူးပြီးတဲ့ နောက်ပိုင်းကျရင်ကော ဘယ်သူကများ ဆက်ကူးမှာပါလိမ့်။

အမှန်တော့ သူဟာ နွမ်းပါးချို့တဲ့သူ မဟုတ်ပါဘူး။ လက်ရှိ မိတ္တူ ကူးပေးတာနဲ့ ကိုယ်ဟန်ပြပေးတာတွေက ရတဲ့ဝင်ငွေဟာ သူ့ရဲ့ စားဝတ်နေ ရေးအတွက် လုံလောက်ပါတယ်။ အခု သူ့ရဲ့ လက်ရှိအခန်းဟာ တစ်ချိန်က တိတ်တိတ်ကလေး ကျိတ်ပြီး ရွှေပြောင်းပုန်းအောင်းနေခဲ့တဲ့ အခန်းငယ်က လေးပါ။ အလွန်သေးငယ်ကျဉ်းမြောင်းတဲ့ အခန်းကလေးပါ။ ပြတင်းပေါက်ဆို လို့ တစ်ပေါက်တည်းသာ ရှိပါတယ်။ အိပ်ရာတစ်ခု၊ ဗီရိုသေးသေးတစ်လုံး၊ ကုလားထိုင်နှစ်လုံးနဲ့ စားပွဲတစ်လုံးသာ ရှိပါတယ်။ စားပွဲက စာရေးတဲ့အခါ၊ အစားစားတဲ့အခါ ညှိသည်နဲ့ စကားပြောတဲ့အခါတွေမှာ ထည့်လဲနဲ့ သုံးနေရတဲ့ စားပွဲပါ။

ကျွန်တော်နဲ့ ဂဲလ်ဖရစ်ချ်တို့ အလည်ရောက်သွားတဲ့အခါမှာ ဂဲလ်ဖရစ်ချ် ဟာ မီးဖိုခန်းထဲသွားပြီး အခန်းရှင် အဘွားကြီးဆီမှာ ခွေးခြေတစ်လုံး ခဏ ငှားရပါတယ်။ ကျွန်တော်တို့ အလည်သွားတာကလည်း တစ်ခါတလေမှပါ။ အခန်းကတော့ သာယာမှု ကင်းမဲ့လှပါတယ်။ အခန်းပြောင်းနေဖို့ ကျွန်တော် မကြာခဏ ဖျောင်းဖျခဲ့ပေမဲ့ နာဒက်ဇ်ဒါ နီကိုလေ ယက်ဗ်နာကတော့ လက်မခံပါဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ အများအားဖြင့်တော့ ကျွန်တော်တို့ဟာ ကျွန်တော့်အခန်းမှာပဲ ဆုံလေ့ရှိကြပါတယ်။

ကျွန်တော်ဟာ ကျွန်တော့် နှလုံးသားထဲမှာ အခိုင်အမာ တည်ရှိနေတဲ့ သဘောထားနဲ့ ပတ်သက်လို့ နာဒက်ဇေါ် နီကိုလေ ယက်ဗ်နာကို တစ်ကြိမ် တစ်ခါမှ မထုတ်ဖော်ခဲ့သေးပါဘူး။ လက်ရှိကြုံနေရတဲ့ အခြေအနေနဲ့ပဲ ကျေနပ် တင်းတိမ်နေဆဲပါ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ကျွန်တော့်အနေနဲ့ နောက်ခြောက်လ ဒါမှမဟုတ် တစ်နှစ် ဒါမှမဟုတ် နှစ်နှစ်တာကာလအတွင်းမှာ သူဟာ သူ့ရဲ့ ပင်ကိုမူလ သဘာဝအတိုင်း ပြန်ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ စိတ်ရောဂါကိုယ်ပါ မူလပုံစံ ပြန်ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည် ထားပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအခါကျရင် သူဟာ ကျွန်တော်ပြောပြသမျှကို လက်ခံပြီး ကျွန်တော့်ဇနီးဖြစ်လာမှာ မလွဲပါဘူး။

အဲဒီ အခြေအနေကို ဘက်ဆိုနော့ဗ် နားလည်တယ် မလည်ဘူးဆိုတာ တော့ ကျွန်တော် မသိပါဘူး။ သူဟာ ကျွန်တော့်အခန်းကို မကြာခဏ လာလည်လေ့ ရှိပါတယ်။ သူလာတိုင်း ကျွန်တော်တို့ရဲ့ သာယာအေးချမ်းမှု တာ ပျက်စီးသွားတာချည်းပါပဲ။ အပြင်ပန်းအားဖြင့်တော့ သူ့ကို ကြည့်ရ တာ တည်ငြိမ်အေးဆေး နေသလိုပါပဲ။ အင်း သူ့စိတ်မှာကတော့ ဘယ်လို ရှိနေသလဲဆိုတာ မသိနိုင်ပါဘူး။ သူဟာ နာဒက်ဇဒါနီ ကိုလေ ယက်ဝ်နာကို ကြည့်တဲ့အခါ ရိုးရိုးသားသား ကြည့်တယ်လို့ပဲ ထင်ရပါတယ်။ ဒါပေမဲ့ အဲဒါလည်းပဲ သူ့အတွင်းစိတ်ကိုမှ မသိတာဆိုတော့ ပြောရခက်ပါတယ်။ သူကတော့ သူ့ကို စကားမပြောပါဘူး။ မေးခွန်းတစ်ခုခု မေးလာလို့ မရှောင်မ လွှဲသာတော့ အခါကျမှသာ အဖြေပေးလေ့ရှိပါတယ်။ ဘက်ဆိုနော့ဗ် စကား ပြောနေရင်လည်း နားသာထောင်နေပေမဲ့ ဘယ်တော့မှ စကားဝင်မပြော ပါဘူး။

ဘက်ဆိုနော့ဗ်ဟာ အလွန် စာဖတ်ပါတယ်။ စကားပြောလည်း ကောင်း ပါတယ်။ သူဟာ စကားကို အမျှင်မပြတ်ပြောနေခြင်းအားဖြင့် သူ့ရဲ့ အတွင်း သဘောကို ဖုံးကွယ်ထားနိုင်တဲ့လူပါ။ အမှန်တော့ သူ့ရဲ့ အေးဆေးတည်ငြိမ်မှု ရဲ့နောက်ကွယ်မှာ သူ့ကိုသတ်မယ့် ပြည့်တည်နေတဲ့ အနာတစ်လုံး ရှိနေလိမ့် မယ်လို့ ကျွန်တော် ထင်မိပါတယ်။ ကျွန်တော့်အထင် မှန်နေတာကို ကျွန်တော် နောင်အခါမှာ သိလာရပေမယ့် သိတဲ့အချိန်က သိပ်ကိုနောက်ကျနေပါတယ်။

အခုအခါမှာ ဘက်ဆိုနော့ဗ်ဟာ အကြောင်းတစ်ခုခုကြောင့် အလျင်က နေခဲ့တဲ့ ဗိုလ်ကြီးဟောင်းရဲ့ အခန်းတစ်ခန်းမှာ ပြန်ရွှေ့နေပါတယ်။ အဲ အခန်းမှာ နေတာလည်း အလျင်ပုံအတိုင်းပါပဲ။ အခန်းထဲမှာ စာအုပ်တွေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေဟာ နေရာအနှံ့မှာ ပြန့်ကျဲပြီး ပွစာကြဲနေပါ တယ်။ တစ်ခန်းလုံးမှာ တက်နေတဲ့ ဖုန်တွေဆိုတာကလည်း မြင်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှုမကောင်းပါပဲ။

သူ့အခန်းကို ကျွန်တော် သွားလည်တဲ့အခါမှာ သူ့ရဲ့ ပြုမူဆက်ဆံပုံဟာ တစ်မျိုးတစ်ဘာသာ ဖြစ်နေပါတယ်။ သူ ကျွန်တော့် အခန်းလာလည်လို့ နာဒက်ဖေါ်နီကိုလေ ယက်မ်ဇ်နာရဲ့ရှေ့မှာဆိုရင် သူဟာ အလွန် သိမ်သိမ်မွေ့မွေ့ နဲ့ စကားတွေကို တဖောင်ဖောင် ပြောနေတတ်ပါတယ်။ သူ့ အခန်းမှာကျ တော့ သူက စကားကို နည်းနည်းပဲပြောတယ်။ ငြိမ်ငြိမ် ထိုင်မနေဘူး။ အခန်းထဲမှာ မကြည်မလင်မျက်နှာထားနဲ့ လမ်းသလားနေလေ့ရှိပါတယ်။ ကျွန်တော်လာတာကို မနှစ်မြို့တဲ့ လက္ခဏာဆောင်နေပါတယ်။ ဒါကြောင့် လည်း ကျွန်တော်ဟာ နောက်ထပ် သူ့ဆီသွားမလည်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ ပါတယ်။

တစ်ကြိမ်မှာ စကားစပ်မိလို့ သူ့ရဲ့ အခန်းရှင် ဗိုလ်ကြီးဟောင်းအကြောင်း ကို သိသလားလို့ မေးမိခဲ့ပါတယ်။ ပြီးတော့ အဲဒီ ဗိုလ်ကြီးဟောင်းဟာ ပုန်ကန်ထကြွမှု တစ်ခုမှာပါခဲ့တယ် ဆိုတာကော ဟုတ်သလားလို့လည်း မေးမိပါတယ်။ အဲဒီတော့ သူက ဒီလူကြီးက သူ့ကို လူငယ်တွေက အထင် ကြီးနေအောင် လျှောက်ပြောနေတာလို့ ဘက်ဆိုနော့ဗ်က ဖြေပါတယ်။

အဲဒီနောက် ပေါ်ပေါက်လာခဲ့တဲ့ အဖြစ်နှစ်ခုဟာ ဘက်ဆိုနော့ဗ်ရဲ့ အပြုအမူနဲ့ အကျင့်စရိုက်တွေကို သိရှိနားလည်သွားအောင် ကျွန်တော် မျက်လုံးတွေကို ဖွင့်ပေးလိုက်သလို ဖြစ်ခဲ့ပါတယ်။

ပထမတစ်ခုက ဒီလိုပါ။ ဆွန်ယာက ကျွန်တော့်ဆီ စာတစ်စောင် ရေးခဲ့ရာမှာ သူနဲ့ ဘက်ဆိုနော့ဗ်ရဲ့ အမေတို့ ပြောခဲ့ကြတဲ့ စကားတွေကို ဖော်ပြခဲ့ပါတယ်။ အဘွားကြီးက တစ်ခါတလေမှာ ဆွန်ယာရဲ့ ကျောင်းကို လာလည်လေ့ ရှိတယ်။ အဘွားကြီးဟာ ဆွန်ယာ့အမေက သူနဲ့သူ့ရဲ့သား အပေါ်မှာ သိပ်ပြီး ဂရုတစိုက်ရှိခဲ့တာကို မမေ့ဘူး။ ဆွန်ယာရဲ့ စာအရဆိုရင် အဲဒီနေ့က အဘွားကြီးဟာ ခါတိုင်းနဲ့မတူဘူး။ အလွန် စိတ်လှုပ်ရှားနေတယ်။ သူ့ရဲ့ လာရင်းကိစ္စကိုလည်း ရုတ်တရက် မပြောဘူး။ တခြားစကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးခါမှ သူ့ရဲ့သားဆီက စာအကြောင်းကို ပြောပြတယ်။

သူ့ရဲ့သား ဘက်ဆိုနေ့ဝ်က ကျွန်တော်နဲ့ နာဒက်ဖေါ် နီကိုလေယက်ဝ်နာ တို့ ဘာတွေဖြစ်နေတယ်ဆိုတာ အသေးစိတ်ရေးထားကြောင်း ပြောပြတယ်။ သူ ရေးထားတာက အလွန် မသင့်မတော် မဖွယ်မရာ ဖြစ်နေတဲ့သဘော ရေးထားကြောင်း ဒီစာကို ဆွန်ယာကို မပြပါနဲ့လို့လည်း တားမြစ်ထားကြောင်း ပြောပြတယ်။ ဒါပေမဲ့ ဆွန်ယာ့အမေရဲ့ ကျေးဇူးတရားတွေကို ထောက်ထားနေတဲ့ အဘွားကြီးက ကျွန်တော့်ကို အချိန်မီတားမြစ်ကယ်တင်နိုင်အောင် လာပြီး အသိပေးတာလို့ ပြောပြတယ်။

ကျွန်တော့် ညီမက ဒီကိစ္စကို အစအဆုံး သိထားကြောင်း ပြောပြလိုက်တော့ အဘွားကြီးဟာ အံ့အားသင့်နေတယ်။ စိတ်မကောင်းလည်းဖြစ်သွားတယ်။ အဘွားကြီးတစ်ယောက် ဖြစ်ပါလျက်နဲ့ ဒီလိုကိစ္စမျိုးကို အခုလို သမီးအရွယ် မိန်းကလေးတစ်ယောက်ကို လာပြောမိတဲ့အတွက် သိပ်လည်း ရှက်သွားတယ်။ ဒါပေမဲ့ အခုမှတော့ ဘယ်တတ်နိုင်ပါတော့မလဲ။ ဒါပေမဲ့ အဘွားကြီးကတော့ အန်ဒရီကို ကယ်တင်နိုင်သေးကြောင်း သူဟာ ဆွန်ယာရဲ့ နေရာမှာဆိုရင် ချက်ချင်း စိန့်ပီတာဘတ်မြို့ကို လိုက်သွားပြီး ဒီကိစ္စမှာ အန်ဒရီကို အမြင်မှန်အောင် လုပ်ပေးမှာဖြစ်ကြောင်း စသည်ဖြင့် ပြောပြတယ်။

"ဒီကိစ္စမှာ ဘက်ဆိုနေ့ဝ်ဟာ အလွန်ထူးဆန်းတဲ့အခန်းက ဝင်ပါနေတယ်လို့ ဆွန်ယာကတော့ ယူဆတယ်။ ဒီအကြောင်းတွေကို သူ့အမေဆီ အသေးစိတ်စာရေးတာဟာ အကြောင်းတော့ ရှိရမယ်။ သူ့အမေက ဆွန်ယာ့ကို ပြန်မပြောဘဲမနေဘူးဆိုတာ သူသိလို့ ရေးတာပဲ ဖြစ်ရမယ်" လို့ ဆွန်ယာက သူ့ရဲ့ စာမှာ ရေးထားတယ်။

"ဆွန်ယာ စိန့်ပီတာစဘတ်မြို့ကို လိုက်လာခဲ့မယ်။ ဒါပေမဲ့ စာမရေးပြီးမှပဲ လာနိုင်မယ်။ အစ်ကို သဘောတူမယ်ဆိုရင် ဒီနှစ်နွေရာသီမှာ ကော့ပိုင်းဘက် ခရီးထွက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဒီစာကြောင့် ကျွန်တော့်မှာ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ချက်ချင်းလိုလိုပဲ နောက်ထပ် စာတစ်စောင် ရောက်လာပြန်ပါတယ်။ စာက စာရှည်ကြီးပါ။ ဘယ်သူက ရေးလိုက်မှန်းလည်း မသိဘူး။

အမည်မသိရတဲ့ စာရေးသူက စကားလုံးကြီးကြီးမားမားတွေ သုံးပြီး လေလုံးမိုးလုံး ခပ်ထွားထွားနဲ့ ရေးထားပါတယ်။ သူက လူငယ်တွေဟာ မိမိတို့ရဲ့ ရမ္မက်ဆန္ဒအလိုကိုလိုက်ပြီး ဖြစ်ပေါ်လာမယ့် ဆင်းရဲဒုက္ခတွေကို မမြင်ဘဲ လူတစ်ဦးတစ်ယောက်ကို ကယ်တင်ခြင်းဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာခြင်းသာဖြစ်ကြောင်း ရေးထားပါတယ်။ "မိမိကို ချည်နှောင်လိုက်တဲ့ကြိုးဟာ ပထမမှာတော့ ခပ်ပျော့ပျော့ပဲ။ သတိတောင် ထားမိမှာ မဟုတ်ဘူး။ နောက်ဆုံး ကျတော့မှ သံကြိုးကလေး လန်လာပြီး ထောင်သားတစ်ယောက်ရဲ့ ခြေထောက်က သံကြိုးလို ဖြစ်လာမယ်ဆိုတာ သိသင့်တယ်" လို့လည်း ရေးထားပါတယ်။

ပြီးတော့ အမည်မသိ စာရေးသူက "အတွေ့အကြုံ အလွန်များတဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ရိုးသားဖြူစင်တဲ့စကားကို လက်ခံပါ မစ္စတာ လိုပါတင်။ စိတ်သဘောထားချင်းလည်းမတူ၊ ဘဝချင်းလည်းမတူတဲ့ အိမ်ထောင်ရေးဟာ အလွန်ကို ကြောက်ဖို့ ကောင်းပါတယ်။ အဲဒီအချက်ကို သတိရပါ မစ္စတာလိုပါတင်" လို့ စာက ဆိုပါတယ်။ အဲဒီ နောက်တော့ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ အပေါ် ထိခိုက်နစ်နာစေတဲ့ စကားလုံးတွေ သုံးပြီး ရေးထားပါတယ်။

သူ့စာထဲမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာကို ရေပြည်က သား ကောင်လို့ ခေါ်ထားပါတယ်။ ရမ္မက်ကလည်းကြီး၊ မကောင်းမှုကလည်း များတဲ့ မိန်းမတဲ့။ ဒီဘဝကသာ လွတ်မြောက်ချင်ရင် သူ့ကို ကယ်တင်မယ့်လူ တွေ ရှိတယ်တဲ့။ သူ့မှာ သွေးဝေးတဲ့ ဆွေမျိုးတွေ ရှိတယ်တဲ့။ သူကသာ ဒီလောကထဲမှာ မပျော်မွေ့ရင် သူ့ရဲ့ဆွေမျိုးတွေက ကယ်တင်ကြမှာပါတဲ့။ ဒီမိန်းမကိုယ်တိုင်က ရွှံ့ဗွက်ထဲမှာ နေရတာကို ကြိုက်နေတာပါတဲ့။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက ကယ်တင်ဖို့ ကြိုးစားနေရင် ခင်ဗျာ့ရဲ့ ဘဝကို ကိုယ့်ဘာသာကိုယ် ဖျက်ဆီးပစ်သလို ဖြစ်မှာ သေချာတယ်တဲ့။

ဒါ့အပြင် စာထဲမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ ဟာ လူတစ်ယောက် သတ်ခဲ့တဲ့ လူသတ်သမားလို့ စွပ်စွဲထားပါတယ်။ သူ သတ်ခဲ့တဲ့ အမျိုးသားဟာ အလွန် ဂုဏ်သရေရှိတဲ့ လူကြီးလူကောင်းတစ်ယောက်လို့ ဆိုပါတယ်။ "ခင်ဗျားလောက် ဉာဏ်စွမ်းဉာဏ်စမရှိပေမဲ့ ခင်ဗျားရဲ့ အဆင့်အတန်းမျိုးပါပဲ။ တစ်လကို ရူဘယ်ငွေ ငါးဆယ်ရနေတဲ့လူပါ။ လစာက တဖြည်းဖြည်းချင်း တိုးသွားဖို့ မျှော်လင့်ချက်လည်း ရှိပါတယ်။ လစဉ်ရတဲ့ ဝင်ငွေဟာ သူတို့နှစ်ယောက် ကောင်းကောင်းနေနိုင်ပါတယ်။ ဒါပေမဲ့ ဒီမိန်းမဟာ မစ္စတာနီကီတင်လို့ခေါ်တဲ့ အဲဒီလူငယ် လူကြီးလူကောင်းတစ်ယောက်ကို လက်မခံခဲ့ပါဘူး။ ဒုစရိုက်မှုတွေနဲ့ ပြည့်လျှမ်းနေတဲ့ ရွံ့ဗွက်ကြီးထဲမှာ ဆက်ပြီး နစ်မြုပ်နေပါတယ်" လို့လည်း ရေးထားပါတယ်။

စာက အရှည်ကြီးပါ။ စာကို ကျွန်တော် ပြီးအောင်မဖတ်တော့ဘဲ မီးဖိုထဲ ပစ်ထည့်လိုက်ပါတယ်။ ဘက်ဆိုနော့ဗ်ရဲ့ ပယောဂဟာ ဒီစာထဲမှာ ပါတယ်ဆိုတာ ကျွန်တော် သေချာပါတယ်။ ဒီစာဟာ ဗိုလ်ကြီးဟောင်းရဲ့ စာဆိုတာလည်း မြေကြီးလက်ခတ်မလွဲဘူးလို့ ကျွန်တော် ပြောရဲပါတယ်။ ဗိုလ်ကြီးဟောင်းက ကျွန်တော့်ကို ဘာကြောင့် ကယ်တင်ချင်နေရတာလဲ။ ကျွန်တော့်ခေါင်းဟာ ပူထူလာပါတယ်။ ကျွန်တော် ပထမဆုံး စဉ်းစားမိတာကတော့ ဘက်ဆို နော့ဗ်နဲ့ သွားတွေ့ဖို့ပါ။

ကျွန်တော် သူနဲ့တွေ့ရင် သူ့ကို ဘာလုပ်မလဲ။ မသိပါဘူး။ ဗိုလ်ကြီးဟောင်းကိုတော့ ကျွန်တော် သိပ်ပြီးအဓိကမထားဘူး။ ဒီလူကြီးက သစ္စာမဲ့တဲ့လူ၊ သူ တပ်ကထွက်ပြေးတာကို ဖုံးထားတဲ့ လူညစ်။ သူ့ကို ဘက်ဆိုနော့ဗ်က အရက်မူးအောင်တိုက်ပြီး ခိုင်းခဲ့သလား။ ကျွန်တော်ဟာ ဦးထုပ်ကို ယူဆောင်ပြီး တံခါးဝကို ရောက်သွားတယ်။ ချက်ချင်းပဲ သတိပြန်ဝင်လာတာနဲ့ ကိုယ့်စိတ်ကိုယ် ထိန်းထားတယ်။ ကျွန်တော် ဘာလုပ်မယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အတိအကျ ဆုံးဖြတ်ချက်မချခင်မှာ စိတ်ကို အေးအေးတည်ငြိမ်အောင် ထားဖို့ လိုအပ်တယ် မဟုတ်လား။

ကျွန်တော်ဟာ ကိုယ့်စိတ်ကိုယ် အနိုင်အမာဖြစ်အောင် ဆုံးဖြတ်အပြီးမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ ရောက်အလာကို စောင့်မျှော်နေပါတယ်။ အလုပ်တစ်ခုလုပ်နေရင် စိတ်တည်ငြိမ်မှု ရနိုင်တယ်ဆိုတဲ့ စိတ်ကူးနဲ့ ပန်းချီကားတစ်ချပ်ကို ယူပြီး လိုအပ်တဲ့ ဖြည့်စွက်မှုကလေးတွေ လုပ်နေတယ်။ ဒါပေမဲ့ လက်ထဲက စုတ်တံကို ငြိမ်ငြိမ် မကိုင်နိုင်ဘူး။ ကင်းဗတ်ပေါ်မှာကျနေတဲ့ ဆေးတွေရဲ့အရောင်တွေကို ပီပီပြင်ပြင် မမြင်ရဘူး။ ကျွန်တော် စိတ်ပြေလက်ပျောက် အပြင်ထွက်မှ ဖြစ်မယ်ဆိုပြီး အဝတ်လဲပါတယ်။ တံခါးကိုလည်း ဖွင့်လိုက်ရော ကျွန်တော့်ရှေ့မှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာ ရပ်နေတာ မြင်ရပါတယ်။ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ အသက်မှန်မှန်မရှူနိုင်သလို ဖြစ်နေတယ်။ သူ့ရဲ့ မျက်လုံးတွေကတော့ ကြောက်ရွံ့ စိုးရိမ်မှုကို ဖော်ပြနေကြပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

## ဘက်ဆိုနှော့ပ်၏ မှတ်တမ်းမှ

ဘယ်လောက်များ စိတ်ဆင်းရဲခြင်း ဖြစ်ရပါသနည်း။ ပြင်းပြထက်သန်လွန်းသော တောင့်တမှုတစ်ခု ဖြစ်သည်။ ဤကိစ္စသည် ကျွန်တော့်အား ငြိမ်းချမ်းမှုကိုလည်း မပေး။ ကျွန်တော် ဘယ်နေရာရောက်ကာ ဘာတွေဖြစ်နေမှန်းလည်း မသိ။ နောက်ဆုံးကျတော့လည်း ကျွန်တော့်တွင် အသိပြန်ဝင်လာခဲ့သည်။ ကျွန်တော်သည် ဤနေ့စဉ် မှတ်တမ်းထဲ၌ ဘာတစ်လုံးမှ မရေးခဲ့သည်မှာ တစ်လရှိခဲ့ပြီ။ ထိုတစ်လသည် အရာရာကို အဆုံးအဖြတ်ပြုခဲ့၏။

ကျွန်တော့်တွင် အများက ချီးကျူးခဲ့ရသော အစဉ်းစား အဆင်ခြင်သည်ရှိခဲ့၏။ ယခုသော်မူ ထိုစဉ်းစားဆင်ခြင်ဉာဏ်သည် မည်ကဲ့သို့ ဖြစ်သွားပါသနည်း။ ကျွန်တော်၏ တည်ငြိမ်အေးဆေးသောစိတ်သည်လည်း ဘယ်ဆီကို ရောက် သွားပါသနည်း။ အလုပ်ကို မရပ်မနား လုပ်ခြင်းဖြင့် မအိပ်ခဲ့သော ညများသည်လည်း ဘယ်ဆီ၌ ရောက်နေပါသနည်း။ ကျွန်တော်သည် အကျင့်စာရိတ္တ ကင်းမဲ့သော ခေတ်အခါ၌ ကိုယ့်၌ရှိနေသော အကျင့်စာရိတ္တအတွက် ဂုဏ်ယူခဲ့သူဖြစ်၏။ ယခုသော်မူ ထိုအရည်အသွေးသည် မုန်တိုင်းတစ်ခု ကျရောက်လာသဖြင့် ကြွေမွပျက်စီးခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဤအရာသည် ဘယ်လို မုန်တိုင်းလဲ၊ မုန်တိုင်းဟုပင် ခေါ်ရမှာလား။ ကျွန်တော့်ကိုယ်ကျွန်တော် စက်ဆုပ်ရွံရှာမိ၏။ ယခင် တစ်ချိန်က ထားခဲ့သော ဂုဏ်ယူမှုအတွက်လည်း ကျွန်တော့်ကိုယ်ကျွန်တော် စက်ဆုပ်ရွံရှာခဲ့၏။ ထိုဂုဏ်ယူတတ်မှုသည် ကျွန်တော့်အား ပြင်းထန်သော ရမ္မက်ဆန္ဒနောက်သို့ မလိုက်ပါနိုင်အောင် ဘာကြောင့် မကာကွယ်ပေးရပါသနည်း။ ဤမကောင်းဆိုးဝါးအား မိန်းမအသွင် ဖန်ဆင်းကာ ကျွန်တော့်စိတ်ကို ဖမ်းဆီးချုပ်နှောင်ထားခဲ့၏။ ဤအတွက်လည်း ကျွန်တော့်ကိုယ်ကျွန်တော် များစွာမှပင် ရွံရှာစက်ဆုပ်ခဲ့ရပါ၏။

ကျွန်တော်သည် ကျွန်တော် ရေးထားသည့် ဤစာကြောင်းများကို နောက်တစ်ကြိမ် ပြန်ဖတ်မိသည်။ မည်မျှလောက် ရှက်စရာကောင်းသည့် စကားများ ဖြစ်ပါသနည်း။ ကျွန်တော်၏ ဂုဏ်သိက္ခာ၊ မာန်မာနတို့သည် ဘယ်ဆီ ရောက်ကုန်ပါလိမ့်။ ကျွန်တော့်အား ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်အောင် ဦးဆောင်ပေးခဲ့သော အလွန်အင်အားကြီးမားခဲ့သည့် စိတ်ဓာတ်သည် ဘယ်နေရာသို့ ရောက်သွားပါသနည်း။

ကျွန်တော်သည် အလွန်အောက်တန်းကျပြီး သေးဖွဲ့သိမ်ဖျင်းသော အလုပ်တစ်ခုကို လုပ်မိအောင် မိမိကိုယ်မိမိ တွန်းအားပေးခဲ့သည်။ ကျွန်တော်သည် အမေ့ထံသို့ စာတစ်စောင် ရေးခဲ့၏။ ထိုစာကို ဖတ်ရလျှင် အမေသည် ထိုစာထဲမှ အကြောင်းအရာများကို သူညီမအား မပြောဘဲနေမည် မဟုတ်။ ယင်းကဲ့သို့ ပြောလိမ့်မည်ဟု သိနေခြင်းကြောင့် ဤစာကို ရေးခဲ့ခြင်းဖြစ်ရာ ကျွန်တော့် စိတ်နေစိတ်ဓာတ်သည် မည်မျှအထိ အောက်တန်းကျသွားပြီကို သိနိုင်၏။

သို့သော်လည်း ထိုမသမာသောနည်းမှ ဘာအကျိုးအမြတ်မှ ထွက်မလာပါ။ ကျွန်တော်သည် ဤအတွက် သည်းမခံနိုင်အောင် ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် စာမတတ်သော လူရိုးလူကြိုက်ကြီးအား လိုပါတင်ထံ စာတစ်စောင် ရေးခိုင်းခဲ့မိပြန်၏။ ဤလုပ်ရပ်လည်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လိုလားသော အကျိုးဖြစ်ထွန်းမှု ထွက်လာဖွယ်ရာ မရှိပါ။ ကျွန်တော် သိနေပါသည်။ လိုပါတင်သည် ထိုစာကို မီးဖိုထဲသို့ ပစ်ထည့်လိုက်လိမ့်မည် ဖြစ်သည်။ သို့မဟုတ် ထိုစာကို သူ့အားပြလိမ့်မည်ဖြစ်၏။ သူတို့သည် ထိုစာကို အတူတူဖတ်၍ ဟားတိုက်ကြလိမ့်မည်။ စာမတတ် ပေမတတ်နှင့် ကြီးကြီးကျယ်ကျယ်တွေ ရေးထားသည့်စာကို ဖတ်ကာ ဗိုလ်ကြီးပောင်းအား သရော်ကြပေလိမ့်မည်။ ဤ စာမျိုးကို ရေးပေးသူနှင့် ပို့ခိုင်းသူသည် မည်သူ ဖြစ်လိမ့်မည်ကို သူတို့ မသိဘဲနေကြလိမ့်မည်မဟုတ်။

သူကလေးသည် သူ၏ တိတ်တိတ်ပုန်းမယား ဖြစ်နေပြီလား။ ကျွန်တော့်အနေဖြင့် ထိုအတွေး ထိုအထင် မှန်မမှန် မသိသေးပါ။ အကယ်၍ မမှန်ဘူးဆိုပါက အကယ်၍ ကျွန်တော့်အတွက် မျှော်လင့်ချက် ရှိနေသေးသည်ဟုဆိုလျှင်ကော။ သူ့အနေဖြင့် သူကလေးနှင့် ချစ်ကြိုးသွယ်နေကြပြီဟု ကျွန်တော် ဘာကြောင့် ထင်နေရသနည်း။ မနာလို ဝန်တိုစိတ်များကြောင့် သံသယတွေ ဝင်နေတာလား။

လွန်ခဲ့သော သုံးနှစ်ကတော့ ဤကိစ္စသည် ဖြစ်နိုင်စရာရှိရုံမျှမက လွယ်ကူဖို့လည်း ရှိ၏။ ကျွန်တော်သည် သူ့အား ကယ်တင်နိုင်မည့် နည်းလမ်း ရှာမရတော့၍ ဤအားထုတ်မှုကို မပြုတော့ဘဲ စွန့်လွှတ်လိုက်ပြီဟု ဤ မှတ်တမ်းထဲ၌ရေးပြီး လိမ်ညာနိုင်မည်ဖြစ်၏။ အမှန်တော့ ကျွန်တော် သည် မိမိကိုယ်မိမိ လိမ်ညာလှည့်စားနေခြင်း ဖြစ်သည်။ သူသည် ကယ်တင်၍ ရနိုင်သူဖြစ်၏။ ကျွန်တော့်အဖို့ လုပ်ရမည့်ကိစ္စမှာ လွယ်လွယ်ကလေးဖြစ် သည်။ သူ့အားယူလိုက်လျှင် ကိစ္စသည် ပြီးပြတ်သွားမည်သာ ဖြစ်သည်။

သို့သော်လည်း ထိုစဉ်က ကျွန်တော်သည် ဦးညွတ်ခြင်း မရှိခဲ့ပါ။ ယခုအချိန်ထိ ကျွန်တော့်နှလုံးသားသည် သူ့အပေါ် ချစ်စိတ်ဝင်နေသဖြင့် နာကျင်ကိုက်ခဲလျက် ရှိနေသည်ကို နားမလည်သေးပါ။ ယခု ကျွန်တော့်တွင် ခံစားနေရသည်ကို အချစ်ဟု ဆိုရမလား မဆိုနိုင်ပါ။ ဤအရာသည် အချစ် မဟုတ်ပါ။ အရှုံးတစ်ယောက်၏ ပြင်းထန်သော ဆန္ဒရမ္မက်မျှသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးအောင် ဖျက်ဆီးမည့် မီးတောက်တစ်ခုမျှသာ ဖြစ်ပါသည်။ ထိုမီးတောက်ကို မည်ကဲ့သို့ ငြိမ်းသတ်ရပါမည်နည်း။

ကျွန်တော် သူ့ထံသွား၍ အေးအေးဆေးဆေး စကားပြောမည်။ ရှိရှိသမျှ အားများကို စုစည်းအသုံးပြုကာ တည်ငြိမ်စွာ စကားပြောမည်။ သူ့အား သူနှင့် ကျွန်တော့်ကို ရွေးခိုင်းမည်။ ကျွန်တော့်အနေဖြင့် အမှန်အတိုင်း ပြောပြမည်။ ပြီးတော့ သူ့အနေဖြင့် ထိုသူ့အပေါ် မှီခိုကိုးစား၍ ရမည် မဟုတ်။ သူ့အနေဖြင့် သူကလေးအား ယနေ့ ချစ်နေပါသည်ဟု ဆိုသော်လည်း မနက်ဖြန်ကျတော့ တခြားတစ်ခုအပေါ် စိတ်ဝင်စားကာ သူ့ကို မေ့သွားလိမ့်မည်သာ ဖြစ်သည်ဟု ပြောပြမည်။

ကျွန်တော် အခုပဲ သွားမည်။ ဤကိစ္စကို ပြီးပြတ်သွားအောင် တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ ဖြေရှင်းမှ ဖြစ်တော့မည်။ စိတ်၏ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ကျွန်တော် နောက်ထပ်မခံနိုင်တော့ပါ။

ထိုနေ့မှာပင် ဖြစ်သည်။

ကျွန်တော် သူနှင့် သွားတွေ့သည်။ အခု ကျွန်တော် သူနှင့် သွားတွေ့မည်။

ဤမှတ်တမ်းထဲတွင် ဤစာကြောင်းများသည် နောက်ဆုံးရေးသည့် စာကြောင်းများဖြစ်ဖို့ရှိပါသည်။ ဘယ်အရာကမှ ကျွန်တော့်အား တားဆီးချုပ်ချယ်နိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်တော်သည် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းကို လက်လွှတ်ခဲ့ပြီဖြစ်ရာ။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

## လိုပါတင်၏ မှတ်စုများ

ဒီမှတ်စုတွေကို ကျွန်တော် အဆက်မပြတ်ရေးနေတာ ဘာများ အဓိပ္ပာယ်ရှိပါလိမ့်။ ကျွန်တော်ရဲ့ အမှတ်တရရှိစေလောက်တဲ့ ဖြစ်ရပ်မှတ်တမ်းကို မထားခဲ့ရင် ပိုပြီးမကောင်းပေဘူးလား။

အဲသလို မဖြစ်စေချင်ဘူး။ ကျွန်တော် ဒီမှတ်တမ်းကို ပြီးအောင်တော့ လုပ်ရမှာပဲ။ တကယ်လို့ ကျွန်တော့်အနေနဲ့ လက်ထဲက ကလောင်တံနဲ့ ဒီမှတ်စုစာအုပ်ကို လွှင့်ပစ်လိုက်မယ်ဆိုရင် ကျွန်တော်ဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အဲဒီနေ့ထဲမှာပဲ အမြဲတစေ နေရတော့မှာပါ။ ကြောက်စရာ သိပ်ကောင်းတဲ့ အတွေ့အကြုံ၊ နောက်တတရားနဲ့ ဖိစီးနှိပ်စက်မှု ဒုက္ခ၊ ဆုံးရှုံးမှုအတွက် ခံစားနေရတဲ့ ပြင်းပြတဲ့ဝေဒနာ စတာတွေနဲ့ ရာသက်ပန် နေရတော့မှာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော် အခုဖော်ပြမယ့်အဖြစ်တွေ အားလုံးရဲ့ အသေးစိတ်မြင်ကွင်းတွေဟာ ကျွန်တော့် မျက်လုံးတွေထဲက မထွက်ပါဘူး။ အသေးစိတ် ဖြစ်ရပ်တိုင်းဟာ ကျွန်တော့်နှလုံးသားကို ကြောက်စရာကောင်းလှတဲ့ အရှိန်နဲ့ ပြင်းထန်စွာရိုက်ခတ်ပြီး အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ခြေမွပစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော် ဆုံးခန်းတိုင်အောင် ပြောပါရစေတော့။

ကျွန်တော်ဟာ တံခါးဝမှာ ရပ်နေတဲ့ နာဒက်ဇေါ် နီကိုလေ ယက်ဗ်နာကို အခန်းထဲ ခေါ်လာခဲ့တယ်။ သူဟာ ကောင်းကောင်း မရပ်နိုင်ရှာဘူး။ သူ့ရဲ့ ဒူးတွေဟာ အဖျားတက်နေတဲ့ လူတစ်ယောက်လို တုန်ယင်လှုပ်ရှားနေပါတယ်။ သူဟာ ကျွန်တော့်ကို ထိတ်လန့်ချောက်ချားတဲ့ မျက်နှာထားနဲ့ မော့ကြည့်ပါတယ်။ သူ့အနေနဲ့ ပထမတော့ စကားတောင်မှ မပြောနိုင်ပါဘူး။ ကျွန်တော်က သူ့ကို လက်ဆွဲပြီး ထိုင်ခိုင်းတယ်။ ရေတစ်ခွက် ယူပေးတယ်။

"အန်ဒရီ နီကိုလေယက်ဗ်ချ် မောင် သတိထားနေပါ။ တံခါးကို သော့ခတ်ထားပါ။ ဘယ်သူ့ကိုမှ အခန်းထဲ အဝင်မခံပါနဲ့။ သူ လာနေပြီ"

"ဘယ်သူလဲ ဘာကိုဆိုနော့ဗ်လား"

"တံခါးကို သော့ခတ်ပိတ်လိုက်ပါ" လို့ သူက လေသံနဲ့ ပြောတယ်။

ဒေါသဟာ ကျွန်တော့် ရင်ထဲမှာ လှိုင်းထလာတယ်။ သူဟာ အမည် မဖော်ပြတဲ့ စာတွေပို့ပြီး ခြိမ်းခြောက်ရုံနဲ့ မလုံလောက်တော့ဘူး။ အကြမ်းနည်းကိုပါ သုံးဖို့ ခြိမ်းခြောက်နေပြီ။

"သူ မင့်ကို ဘာလုပ် လွှတ်လိုက်သလဲ။ မင်း သူ့ကို ဘယ်မှာတွေ့ခဲ့သလဲ။ မင့်စိတ်ကို အေးအေးထားစမ်းပါ။ ရေတစ်ခွက် ထပ်သောက်လိုက်ပြီးရင် အကြောင်းစုံပြောပြ။ မင်း သူ့ကို ဘယ်မှာ တွေ့ခဲ့သလဲ"

"သူ နက်ဒယာအခန်းကို ရောက်လာတယ်"

"ပထမဆုံးအကြိမ် လာတာလား"

"မဟုတ်ဘူး အလျင်က နှစ်ခေါက်လာဖူးတယ်။ မောင့်ကို ဒေါသဖြစ်အောင် လုပ်သလိုဖြစ်မှာစိုးလို့ နက်ဒယာ မပြောဘဲ ဖုံးထားခဲ့တာ။ နက်ဒယာက သူ့ကို မလာဖို့ပြောတယ်။ သူ့မျက်နှာကို မကြည့်ချင်ဘူးလို့လည်း ပြောခဲ့တယ်။ သူ ဘာမှ ပြန်မပြောဘဲ ထွက်သွားတယ်။ သီတင်းသုံးပတ်တိတိ ပေါ်မလာဘူး။ ဒီနေ့တော့ သူ အစောကြီးရောက်လာပြီး နက်ဒယာ အဝတ်လဲပြီးတဲ့အထိ 'စောင့်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားကို မဆက်ဘဲ ရပ်နေတယ်။ စကားကို ဆက်ပြောရ ခက်ခဲနေဟန် တူပါတယ်။

"ပြီးတော့ "

"သူ့ကို အလျင်က ဒီလိုပုံမျိုး မမြင်ခဲ့ဖူးဘူး။ ပထမတော့ ပြောနေတာ အေးအေးဆေးဆေးပဲ မောင့်အကြောင်းပြောတာ။ မကောင်းတာတော့ မပြောဘူး။ သူ တစ်ခုပဲ ပြောတယ်။ မောင်ဟာ စိတ်တည်ငြိမ်တဲ့လူစား မဟုတ်ဘူးတဲ့။ ဆွဲရာကို ပါတတ်တယ်။ နက်ဒယာအနေနဲ့ မောင့်အပေါ် အားကိုးလို့ မရနိုင်ဘူးတဲ့။ နက်ဒယာကို မောင်ရပြီးရင် မကြာခင် စိတ်ကုန်ပြီး စွန့်ပစ်သွားမှာပဲတဲ့။

သူဟာ ရှိုက်ကြီးတငင် ငိုပါတယ်။ ဒီလောက် ချစ်စရာကောင်းပြီး သနားစရာကောင်းတာမျိုးကို ကျွန်တော် မတွေ့ခဲ့ဖူးပါဘူး။ ကျွန်တော် သူ့ရဲ့ လက်နှစ်ဖက်ကို ဆွဲယူပြီး တယုတယ တမြတ်တနိုး နမ်းမိပါတယ်။ ကျွန်တော့်မှာ ချက်ချင်းပဲ သာယာပျော်ရွှင်မှုကို ခံစားပါတယ်။ သူ့ကို ကျွန်တော် ချစ်ကြောင်း၊ ကျွန်တော့်အနေနဲ့ သေတစ်ပန်သက်တစ်ဆုံး ချစ်သွားမယ့် အကြောင်း သူ့ကို ကျွန်တော်လက်ထပ်ယူမှာမို့ ကျွန်တော့်ဇနီး ဖြစ်လာလိမ့်မယ် ဆိုတဲ့အကြောင်း၊ ဘက်ဆိုနေ့ဗ်ရဲ့ စကားတွေ မမှန်ကြောင်းကို မကြာခင် သူမ ကိုယ်တိုင် မြင်လာ သိလာလိမ့်မယ်ဆိုတဲ့ အကြောင်းတွေကို ကျွန်တော် ပြောပြလိုက်ပါတယ်။

ကျွန်တော် ပြောနေတဲ့စကားတွေဟာ အများကြီးပါ။ နားလည်ရခက်တဲ့ စကားတွေလည်း ပါတယ်။ ပျော်စရာစကားတွေလည်း ပါတယ်။ အဓိပ္ပာယ် ကင်းမဲ့တဲ့ စကားတွေလည်း ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာတွေပဲပြောပြော သူ နားလည်ပါတယ်။ သူ့ရဲ့ မျက်နှာဟာ ချက်ချင်းပဲ ကြည်လင်လန်းဆန်း လာပါတယ်။ ချိုမြ ဝင်းလက်လာပါတယ်။ ပျော်ရွှင်ကြည်နူးမှု အရိပ်အငွေ့ တွေဟာ ယှက်သန်းလာပါတယ်။ သူဟာ သူ့ရဲ့မျက်နှာကို ကျွန်တော် ရင်ခွင်မှာ အပ်ထားပါတယ်။ သူ့ရဲ့ မျက်နှာဟာ အလျင်က မြင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



နေကျ မျက်နှာ မဟုတ်ပါဘူး။ အလွန် သစ်လွင်တောက်ပပြီး အေးမြသာယာတဲ့ မျက်နှာအသစ်ပါ။

သူဟာ ရယ်လည်းရယ်တယ်။ ငိုလည်း ငိုတယ်။ ကျွန်တော့်လက်ကို ဆွဲပြီး နမ်းတယ်။ ကျွန်တော့်ကို တအားဖက်ထားတယ်။ အဲဒီ တဒင်္ဂအချိန်မှာ ကမ္ဘာလောကကြီးထဲမှာ ကျွန်တော်တို့ နှစ်ဦးကလွဲပြီး တခြား ဘယ်သူမှ မရှိပါဘူး။ သူက သူ သိပ်ပျော်တယ်လို့ ပြောပါတယ်။ ကျွန်တော့်ကို ပထမဆုံး စတွေ့တဲ့နေ့ကတည်းက ချစ်မိခဲ့တာပါတဲ့။ ဒါပေမဲ့ ချစ်မိမှာ ကြောက်လွန်းလို့ ကျွန်တော့်အနားက သူထွက်ပြေးခဲ့ရပါတယ်တဲ့။ သူဟာ ကျွန်တော်နဲ့ထိုက်တန်တဲ့ မိန်းမ မဟုတ်ပါဘူးတဲ့။ သူနဲ့ ဆက်စပ်ယှက်နွယ်မိရင် ကျွန်တော့်ကံကြမ္မာဟာ အဆိုးတွေနဲ့ချည်း ရင်ဆိုင်ရမှာကို သိပ်ပြီးစိုးရိမ်မိတယ်တဲ့။ သူဟာ ပြောရင်းဆိုရင်းနဲ့ ကျွန်တော့်ကို တအားဖက်ထားပြန်ပါတယ်။ ပြီးတော့ မျက်ရည်ကျပြန်ပါတယ်။ ဝမ်းသာလွန်းလို့ ကျဆင်းလာတဲ့ မျက်ရည်ပါ။

"ဘက်ဆိုနေ့ဘ် ကိစ္စကို ဘယ်လိုလုပ်ကြမလဲ" လို့ သူက မေးပါတယ်။

"သူ လာရဲရင် လာပစေပေါ့" လို့ ကျွန်တော်က ဖြေပါတယ်။ "ဘက်ဆိုနေ့ဘ်ကို ဘယ်သူကမှ ဂရုစိုက်စရာ မလိုပါဘူး"

"နေဦး နက်ဒယာ ပြောရဦးမယ်။ သူ့အကြောင်းကို နက်ဒယာပြောနေတာ မပြီးသေးဘူး။ သူက မောင့်အကြောင်းပြောတယ်။ ပြီးတော့ သူ့အကြောင်းကိုလည်း ပြောတယ်။ သူ့ကိုသာ အားကိုးမယ်ဆိုရင် သူက မောင့်ထက် အဆပေါင်းများစွာ ပိုပြီးအားကိုးလို့ရမယ်တဲ့။ လွန်ခဲ့တဲ့ သုံးနှစ်က နက်ဒယာက သူ့ကိုချစ်ခဲ့ဖူးတာ မှတ်မိသေးလားတဲ့။ အဲဒီတုန်းက သူ့ကို နက်ဒယာက လက်ထပ်လိုက်ရင် အားလုံးအဆင်ပြေသွားမှာတဲ့"

"အဲဒီတော့ နက်ဒယာက သူ့ကို အဲဒါတွေဟာ ရှင့်ကိုယ်ရှင် လှည့်စားနေတာတွေပဲလို့ ပြန်ပြောမိတယ်။ ဒီစကားလည်းကြားရော သူဟာ ဒေါသကြီးလာပြီး နက်ဒယာဆီ ပြေးလာတယ်"

www.burmeseclassic.com



ကျွန်တော်က ဖြုန်းခနဲ ထိုင်ရာက ထရပ်လိုက်မိတယ်။

"ခဏနေဦး . . . မောင်၊ သူက နက်ဒယာကို လက်ဖျားနဲ့တောင် မထိပါဘူး။ နက်ဒယာ အမှန်အတိုင်းပြောရရင် သူ့အတွက် စိတ်မကောင်းဖြစ်သွားတယ်။ သိလား။ သူဟာ နက်ဒယာရဲ့ခြေရင်းမှာ ထိုင်ချလိုက်တယ်။ သူ့လို မာနကြီးတဲ့လူက ဒီလောက်အထိကို လုပ်တာ။ မောင် မြင်စေချင်တယ်"

"နက်ဒယာက သူ့ကို ဘာပြောလိုက်သလဲ"

"ပြောစရာ ဘာရှိလို့လဲ" နက်ဒယာက ငြိမ်နေတယ်။ "သူ့ကို နက်ဒယာ မချစ်ဘူးလို့ ပြောလိုက်တော့ မင်းက လိုပါတင်ကို ချစ်နေလို့ ငါ့ကို မချစ်တာလားလို့ မေးတယ်။ နက်ဒယာကလည်း အမှန်အတိုင်းပဲပြောလိုက်တယ်။ အဲဒီအခါမှာတော့ သူ့အမူအရာ ကြောက်စရာကောင်းလာတယ်။ ဘာအဓိပ္ပာယ်လဲဆိုတာတော့ နက်ဒယာလည်း မပြောတတ်ဘူး။ သူဟာ အရူးလိုပဲ။ နက်ဒယာကို အတင်းဖက်ထားပြီး 'နှုတ်ဆက်ပါတယ်၊ နှုတ်ဆက်ပါတယ်' လို့ ပြောတယ်။ အလျင်က ဒီလောက် ကြောက်စရာကောင်းတဲ့မျက်နှာမျိုးကို နက်ဒယာ တစ်ခါမှမမြင်ခဲ့ဖူးဘူး။ နက်ဒယာက ကုလားထိုင်ပေါ် ထိုင်ချလိုက်တယ်။ တစ်ကိုယ်လုံး တုန်နေရုံမကဘူး။ အားမရှိတော့သလိုပဲ။ တံခါးနားကနေပြီး သူက လှည့်ကြည့်တယ်။ ထူးဆန်းတဲ့ရယ်သံမျိုး ကြားရတယ်။ 'မင်းတို့နှစ်ယောက်ဆီကို ငါထပ်လာပြီး တွေ့ဦးမယ်' လို့ပြောတယ်။ သူ့မျက်နှာကတော့ဖြင့် တကယ့်ကို ကြောက်စရာကောင်းပါတယ်"

သူဟာ စကားကို ဆက်မပြောနိုင်ဘူး။ ရပ်သွားတယ်။ မျက်နှာကလည်း ဖြူဖွေးသွားတယ်။ သူ့ရဲ့ မျက်လုံးတွေဟာ စတူဒီယို အခန်းတံခါးဆီကို ကြည့်နေတယ်။ ကျွန်တော်က လှည့်ကြည့်လိုက်တယ်။ တံခါးဝမှာ ရပ်နေတဲ့ လူဟာ ဘက်ဆိုနော့ဗ်ပါ။

"တို့ ရောက်လာလိမ့်မယ်လို့ မမျှော်လင့်ကြဘူး မဟုတ်လား" လို့

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောတယ်။ "မင်းတို့ကို အနှောင့် အယှက် မပေးချင်လို့ နောက်ဖေး လှေကားက တက်လာတာ"

ကျွန်တော်ဟာ ထိုင်နေရာက ခုန်ထလိုက်ပြီး သူနဲ့ မျက်နှာချင်းဆိုင် လိုက်တယ်။ သူနဲ့ ကျွန်တော်ဟာ အဲသလို ရပ်နေကြတာ အကြာကြီးပဲ။ တစ်ယောက်ကိုတစ်ယောက် မျက်ခြည်မပြတ် အကဲခတ်နေကြတယ်။ သူ့မုံ့ ပန်းကတော့ ကြောက်စရာကောင်းပါတယ်။ မျက်နှာကလည်း ဖြူဖပ်ဖြူရော် မျက်လုံးတွေကလည်း နီရဲနေတယ်။ ကျွန်တော့်ကို အလွန် စက်ဆုပ်မုန်းတီးတဲ့ မျက်နှာထားနဲ့ ကြည့်နေတယ်။ စကားတော့ မပြောပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ပါးလွှာတဲ့ နှုတ်ခမ်းက တီးတိုးရေရွတ်နေပုံ ရှိပါတယ်။ သူ့ကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်မိပါတယ်။

"ဒီကို ဘာကြောင့်လာရတာလဲ ဘက်ဆိုနေ့ဗ်။ ခင်ဗျား ကျွန်တော်နဲ့ စကားပြောချင်တယ်ဆိုရင် ပထမဆုံး ခင်ဗျားစိတ်ကို တည်ငြိမ်နေအောင် လုပ်လာဖို့ လိုတယ်"

"ကျုပ် စိတ်တည်ငြိမ်တယ် လိုပါတင်။ ကျုပ် နေလို့တော့ မကောင်းဘူး။ ဒါပေမဲ့ စိတ်ကတော့ အေးအေးဆေးဆေးပဲ။ ကျုပ်အနေနဲ့ အားလုံးကို စနစ်တကျ စီစဉ်ထားပြီးပြီ။ ကျုပ်မှာ စိတ်လှုပ်ရှားစရာဆိုလို့ ဘာတစ်ခုမှ မရှိဘူး"

"ဒီလိုဆို ခင်ဗျား ဘာကိစ္စ လာတာလဲ"

"စကားနည်းနည်း ပြောချင်လို့။ သူနဲ့နေရရင် ခင်ဗျား ပျော်လိမ့်မယ်လို့ ထင်နေသလား" လို့ နာဒက်ဖဒါ နီကိုလေ ယက်ဗ်နာကို လက်ညှိုးထိုးပြပြီး ကျွန်တော့်ကို မေးတယ်။ "ကိုယ့်လူ ဘယ်တော့မှ ပျော်မှာ မဟုတ်ဘူး။ ကျုပ်ကလည်း ခင်ဗျား လုပ်ချင်တာကို လုပ်ခွင့်မပြုဘူး"

"ခင်ဗျား ပြန်ပါ" လို့ ကျွန်တော်က ဒေါသကို ထိန်းချုပ်ပြီး ပြောတယ်။ "အခန်းပြန်ပြီး အနားယူနေတာဟာ ခင်ဗျားအတွက် အကောင်းဆုံးဖြစ်မယ်။ ခင်ဗျား နေမကောင်းဘူးဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါ့အလုပ်ပါ။ မင်းနဲ့ဘာမှ မဆိုင်ပါဘူး" လို့ သူက မင်းတစ်လုံး ငါတစ်လုံး သုံးပြီး စကားပြောလာပါတယ်။ "မင်း ငါပြောတာကို နားထောင်။ ငါ အစကတည်းက မှားသွားတယ်။ အဲဒါ ငါ့အပြစ်ပဲ။ ငါ သူ့ကို ချစ်တယ်။ သူ့ကို ငါ့ ပြန်ပေး"

ဒီလူ ရူးသွားပြီလို့ ကျွန်တော် တွေးလိုက်မိတယ်။

"သူ မရှိရင် ငါ မနေနိုင်တော့ဘူး" လို့ သူက ဆက်ပြောတယ်။ "ငါ မင့်ကို လွှတ်မပေးနိုင်ဘူး၊ မင်းသူ့ကို ပေးမယ် မပေးဘူးဆိုတာ ပြောပါ"

BURMESE CLASSIC

"ဘာကိုဆိုနေ့ဗ်"

"မင်း ပေးမလား မပေးဘူးလား။ ငါ့ကို တစ်ခွန်းပဲ ပြော"

ကျွန်တော်က သူ့ပခုံးကို ဆွဲလှည့်ပြီး တံခါးဝဆီတွန်းပို့တယ်။ အေးအေး ဆေးဆေးပဲ ရှေ့က သွားတယ်။ ဒါပေမဲ့ တံခါးဝလည်းရောက်ရော တံခါးကို သော့ခတ်ပြီး ပိတ်လိုက်တယ်။ သော့ကိုလည်း သူ ယူထားတယ်။ ပြီးတော့ ကျွန်တော့်ကို ဆောင့်တွန်းလိုက်တယ်။ ကျွန်တော့်ကို ရန်ပြုတော့မယ့် အနေအထား ပြလာတယ်။ နာဒက်ဖဒါ နီကိုလေ ယက်စ်နာရဲ့ အလန့်တကြား အော်လိုက်သံကို ကျွန်တော်ကြားရတယ်။

သူ့ညာဘက် လက်ထဲက သော့ကို ဘယ်ဘက်လက်နဲ့ ပြောင်းကိုင်လိုက်တယ်။ သူ့ ညာဘက်လက်ဟာ အိတ်ကပ်ထဲကို ရောက်သွားတယ်။ အိတ်ကပ်ထဲက ပြန်ထွက်လာတဲ့ ညာဘက်လက်ထဲမှာ ပြောင်ပြောင်လက် လက်ပစ္စည်းတစ်ခု ပါလာတာ မြင်လိုက်ရပါတယ်။ ဒီအချိန်တုန်းကတော့ ဘာပစ္စည်းရယ်လို့ ကျွန်တော် မပြောနိုင်ပါဘူး။ အဲဒီပစ္စည်းကို မြင်လိုက်တော့ ကျွန်တော် လန့်သွားတယ်။ ကျွန်တော်ဟာ ထောင့်ထဲမှာ ထောင်ထားတဲ့ သံချွန်တစ်တုတ်ကို ပြေးယူပါတယ်။ သူကတော့ လက်ထဲက ခြောက်လုံးပြူးနဲ့ နာဒက်ဖဒါ နီကိုလေ ယက်စ်နာကို ချိန်ထားပါတယ်။ ကျွန်တော်က သူ့အပေါ် ကို ခုန်အုပ်လိုက်တယ်။ လောကကြီးတစ်ခုလုံးဟာ အမှောင်ထုကြီးထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျသွားသလို ဖြစ်သွားပါတယ်။

ကျွန်တော် သတိမေ့ပြီးလဲနေတာ အချိန်ဘယ်လောက်ကြာမှန်း မသိပါဘူး။ သတိပြန်ရလာတော့လည်း ကျွန်တော် ဘာကိုမှ မမှတ်မိပါဘူး။ ကျွန်တော် ကြမ်းပေါ်မှာလဲကျ နေတာကိုတော့ သိတယ်။ ကျွန်တော့် မျက်လုံးတွေဟာ မျက်နှာကြက်ကို ကြည့်နေတယ်။ ရင်ဘတ်ထဲက ခံစားနေရတဲ့ နာကျင်မှုဝေဒနာကြောင့် စကားတစ်လုံးမှ မပြောနိုင်ပါဘူး။ ဘာဖြစ်နေတာလဲ၊ ဘာဖြစ်ခဲ့တာလဲ ကျွန်တော် မမှတ်မိပါဘူး။

BURMESE CLASSIC ပန်းချီကား။ ဟုတ်ပါတယ် ချာလော့တီ ကော်ဒေးနဲ့ မူရှမ်မှ အီလီယာ ပန်းချီကားပါ။ သူထိုင်ပြီး စာဖတ်နေပါတယ်။ သူက သူ့ကိုယ်ပေါ်ကို သစ်ရွက်ခြောက်တွေ ကျဲချနေပါတယ်။ တအား အော်ရယ်နေတယ်။ ဘာတွေလဲ အဓိပ္ပာယ် မရှိလိုက်တာ။ ကျွန်တော် အားယူပြီး လူပ်ရှားမိပါတယ်။ နာကျင်မှုဝေဒနာကို အပြင်းအထန် ခံစားလိုက်ရပါတယ်။

ကျွန်တော့် လက်ကို အရာဝတ္ထုတစ်ခုက လာထိပါတယ်။ ကျွန်တော် လှည့်ကြည့်တော့ လက်တစ်ဖက်ကို မြင်ရတယ်။ သေးသွယ်ပြီး နူးညံ့ပျော့ပျောင်းတဲ့လက်ပါ။ ကြမ်းပေါ်မှာ ကျနေတဲ့လက်ပါ။ ကျွန်တော် လှမ်းကိုင်ဖို့ ကြိုးစားပေမဲ့ မရပါဘူး။ ဒီလက်ဟာ ကျွန်တော် အလွန်ချစ်တဲ့ နာဒက်ဖဒါနီကိုလေ ယက်မ်နာရဲ့ လက်ပါ။ ကျွန်တော် သူ့လက်ကို မမီတဲ့အတွက် စိတ်မကောင်း ဖြစ်ရပါတယ်။

ရုတ်တရက် မိုးတဝါး ဖြစ်နေတဲ့ စိတ်အာရုံမှာ အလင်းရောင်တစ်ခု ဝင်လာပါတယ်။ ကျွန်တော် အရာရာတိုင်းကို ပြန်မြင်လာပါပြီ။ ဖြစ်ပျက်ခဲ့သမျှ အားလုံးကို ပြန်မြင်လာတာပါ။ သူဟာ သူကလေးကို သတ်လိုက်ပါပြီ။

မဖြစ်နိုင်ပါဘူး။ လုံးဝကို မဖြစ်နိုင်ပါဘူး။ သူဟာ အသက်ရှင်နေဦးမှာပါ။ သူ့အနေနဲ့ ဒဏ်ရာရတာပဲ ဖြစ်ပါလိမ့်မယ်။ ကယ်ကြပါဦး . . . ၊ ကယ်ကြပါဦး . . . ၊ ကျွန်တော် အော်ပါတယ်။ အသံ ထွက်မလာပါဘူး။ ကျွန်တော့် ရင်ထဲမှာ တင်းကျပ်နေပါတယ်။ ကျွန်တော့် ပါးစပ်ထဲက ပန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



အမြုပ်တွေ ထွက်ကျလာပါတယ်။ သူဟာ ကျွန်တော့်ကိုလည်း သတ်ခဲ့တာ ပါလား။

ကျွန်တော် အားယူပြီး လဲနေရာက ထိုင်ပါတယ်။ သူ့ရဲ့ မျက်နှာကို မြင်ရပါတယ်။ သူ့ရဲ့ မျက်လုံးဟာ ပိတ်နေကြပါပြီ။ သူ့ရဲ့ ခန္ဓာကိုယ်ဟာ လုံးဝ လှုပ်ရှားခြင်းမရှိပါဘူး။ သတိပြန်လစ်မသွားအောင် ကျွန်တော် ကြိုးစား ပါတယ်။ သူ့ရဲ့ မျက်နှာကို နမ်းမိပါတယ်။ လွန်ခဲ့တဲ့ နာရီဝက်လောက်က ကျွန်တော့်ရင်ခွင်မှာ အိပ်ထားခဲ့တဲ့ မျက်နှာပါ။ အဲဒီအချိန်ကတော့ ရှင်သန်မှုနဲ့ ပျော်ရွှင်မှုတွေ ဖုံးလွှမ်းနေတဲ့မျက်နှာပါ။ အခုတော့ ဘာလှုပ်ရှားမှုကိုမှ မမြင်ရတော့ပါဘူး။ မျက်လုံးတစ်ဖက်ရဲ့ အပေါ်ဘက်မှာရှိနေတဲ့ ဒဏ်ရာက လည်း သွေးမထွက်တော့ပါဘူး သူဟာ အသက်ဝိညာဉ် ကင်းမဲ့နေပါပြီ။

BURMESE CLASSIC

■

တံခါးကို ချိုးဖျက်ပြီး လူတစ်ယောက် ဝင်လာပါတယ်။ တခြားလူ မဟုတ်ပါဘူး။ ဂဲလ်ဖရစ်ချ်ပါ။ သူဟာ ကျွန်တော့်ဆီ ပြေးလာတယ်။ ကျွန်တော့်ကို ပွေ့ပြီး ဆိုဖာပေါ် တင်ပေးတယ်။ သူနဲ့အတူပါလာတဲ့ လူတချို့ကလည်း သူ့ကို ပွေ့ပြီး အပြင်ထုတ်သွားကြတယ်။ ကျွန်တော် ငိုချင်ပေမဲ့ ငိုလို့ မရပါဘူး။ သူ့ကို ထုတ်မသွားကြပါနဲ့လို့ ပြောချင်ပေမဲ့ ပြောလို့မရဘူး။ ဆရာဝန်က ကျွန်တော့် ရင်ဘတ်ကဒဏ်ရာကို ကြည့်ရှု စစ်ဆေးနေပါတယ်။ ကျည်ဆန်ဟာ ရင်ဘတ်ကနေ နောက်ကျောကို ဖောက် ထွက်သွားခဲ့တာပါ။

လူတချို့က သူ့ကိုလည်း ပွေ့ယူချီမပြီး အပြင်ကို ထုတ်သွားကြပါ တယ်။ သူ့မျက်နှာမှာလည်း သွေးတွေ စီးကျနေပါတယ်။ သူ့ခေါင်းမှာ ရထားတဲ့ ဒဏ်ရာကကျလာနေတဲ့ သွေးတွေပါ။

■

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အပြီးသတ်ပါတော့မယ်။ ဒါပေမဲ့ ကျွန်တော် ဘာထပ်ရေး ရမလဲ။

ဂဲလ်ဖရစ်ချ် ရိုက်လိုက်တဲ့ ကြေးနန်းကြောင့် ဆွန်ယာဟာ ချက်ချင်း လိုက်လာပါတယ်။ ကျွန်တော့်ကို အစွမ်းကုန် စောင့်ရှောက်ပြုစုရှာပါတယ်။ အခုအချိန်ထိ ပြုစုနေဆဲပါ။ ဆွန်ယာနဲ့ ဂဲလ်ဖရစ်ချ်တို့ကတော့ ကျွန်တော် မသေနိုင်တော့ဘူးလို့ အခိုင်အမာပြောကြပါတယ်။ ဒဏ်ရာသက်သာတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်ကို နိုင်ငံရပ်ခြား အလည်ခေါ်သွားဖို့ စီစဉ်နေကြပါ တယ်။ အဲဒီခရီးစဉ်ဟာ ကျွန်တော့်ကျန်းမာရေးအတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာကတော့ ကျွန်တော် နောက်ထပ် ရက် အတော်ကြာကြာ နေရလိမ့်ဦးမယ်လို့ မထင်ပါဘူး။ ကျွန်တော့် ဒဏ်ရာက တော့ ပျောက်သွားပါပြီ။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ တခြားဒဏ်ရာတစ်ခုကို ခံစားနေရပါတယ်။ ကျွန်တော့်ဘဝမှာ နာဒက်ဇဒါ နီကိုလေ ယက်ဗ်နာနဲ့ ဘက်ဆိုနော့ဗ်တို့ကို မေ့လို့ မရပါဘူး။ တစ်သက်တာပတ်လုံး မေ့လိမ့်မယ်လို့ လည်း မထင်မိပါဘူး။ ကျွန်တော့်ရဲ့ စိတ်အာရုံထဲမှာ နောက်ဆုံးနေ့က ဖြစ်ပျက်ခဲ့သမျှ အရာရာတိုင်းကို မြင်နေပါတယ်။ ကျွန်တော့်နားထဲမှာ တီးတိုး အသံတစ်သံကိုလည်း ကြားနေရပါတယ်။ "မင်း လူတစ်ယောက် သတ်ခဲ့ တယ်" တဲ့။

ကျွန်တော့်ကို ရုံးတင်စစ်ဆေးခြင်း မပြုပါဘူး။ မိမိကိုယ်မိမိ ခုခံကာ ကွယ်ပိုင်ခွင့်အရ သတ်ဖြတ်ခြင်းဖြစ်တယ်ဆိုတဲ့အချက်နဲ့ အမှုက ကွင်းလုံး ကျွတ်လွှတ်လိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လူသားတစ်ယောက်ရဲ့ အသိတရားနဲ့ ကိုင်ကျင့် သိက္ခာအရ ကျွန်တော်ဟာ လူတစ်ယောက်ကို သတ်ခဲ့တာပါပဲ။ အဲဒီ အသိတရားကတော့ လူတွေ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို မသိပါဘူး။ ကျွန်တော် ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ကိုယ့်အသိက ပေးတဲ့ အပြစ်ဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကျွန်တော် ခံစားနေရပါတယ်။ အဲဒီအပြစ်ဒဏ်ကို အချိန်ကြာကြာ ခံနိုင်မယ်လို့ ကျွန်တော် မထင်ပါဘူး။

အကယ်၍များ ဘုရားသခင်က ကျွန်တော့်ကို ခွင့်လွှတ်တော်မူမယ်ဆိုရင်တော့ ကျွန်တော်တို့သုံးဦးဟာ ကောင်းကင်ဘုံမှာ ဆုံမိကြမှာပါ။ အဲဒီနေရာမှာဆိုရင်တော့ ကျွန်တော်တို့ရဲ့ ပြင်းထန်တဲ့ ဆန္ဒရမ္မက်တွေနဲ့ ခံစားရမယ့် ဒုက္ခဝေဒနာတွေဟာ အဓိကကျတဲ့အရာတွေ ဖြစ်လာနိုင်တော့မှာ မဟုတ်ပါဘူးလေ။ အဲဒီအရာတွေအားလုံးဟာ ထာဝရမေတ္တာရဲ့ အလင်းရောင်ထဲမှာ နစ်မြုပ်သွားကြမှာပါ။

■ ■ ■

မောင်ထွန်းသူ

၁၉၉၉၊ စက်တင်ဘာ၊ ၅

www.burmeseclassic.com